www.burmeseclassic.com

# ပုံပြင်နှင်းဆီ




ပင်လယ်ရေမျက်နှာပြင်ထက်ကမွှန်းချယ်ရီ

L လင်း

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| တမူခွင့်ပြုချက်အမှတ် | - | ၅၀၀၆၀၈၀၆၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၆၅၂၀၆၁၀ |
| မျက်နှာဖုံးဒီဇိုင်း | - | Lလင်း |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမွန် (သင်းစာပေ) အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဒေါ်နီနီခိုင် (၀၇၁၃၅) သီရိမေရောင်စုံပုံနှိပ်တိုက် အမှတ်(၁၉)၊ လမ်း(၉၀)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| အတွင်းအလင်း | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | Thirimay Binding |
| ကွန်ပျူတာစာစီ | - | (Asia Glory) |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ (ပထမအကြိမ်) |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

၈၉၅ . ၈၃

မှုပိုင်နှင်းဆီ

ပင်လယ်ရေမျက်နှာပြင်ထက်ကမွန်းချယ်ရီ/မှုပိုင်နှင်းဆီ-

ရန်ကုန် သင်းစာပေ၊ ၂၀၁၀

၂၉၀-စာ၊ အလျား ၁၂.၇ စင်တီ၊ အမြင့် ၁၇.၈ စင်တီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

'ဖိုးမူလေး မိဘအသစ်တွေနဲ့ ပျော်နိုင်ပါစေ'

ထွက်ခွာသွားသော ဆလွန်းကားကလေးကို ကြည့်ပြီး နော်တေယ်လာက သံယောဇဉ်မပြတ်စွာ မျက်ရည်ဝဲရင်း ပြောမိသည်။

'သူ ငါတို့ကို မေ့သွားမှာပေါ့နော်'

နော်စေးဖောလည်း စိတ်မကောင်းဖြစ်ရသည်။ ဂေဟာမှာ ကျန်ခဲ့တဲ့ ကလေးတွေခမျာ သူတို့ရဲ့ သွေးသားရင်း တစ်ယောက် ပျောက်ဆုံးသွားသလို ဝမ်းနည်းရဦးမည်။ ငြိမ်သက်ပြီး အဆောင့်ရပ်သွားတဲ့ ကလေးတွေကို ထမင်းကျွေးတဲ့အခါ ချော့မော့ဖျောင်းဖျရဦးမည်။

ဆောင်ညှာမြသိုက်ဆေ

www.burmeseclassic.com

www.burmeseclassic.com



အေးလေ. . သူတို့ခမျာတွယ်တာစရာက ဒါပဲရှိတာကိုး. .

နွေးထွေးလုံခြုံစွာ ကွန်းခိုရမယ့် မိသားစုမှမရှိတာ. .

ဒီမြို့ကလေးရဲ့ orphanage (မိဘမဲ့ကလေးကျောင်း)ကို ရောက်လာတဲ့ orphan(မိဘမဲ့)ကလေးတွေကို သနား ကြင်နာစွာ၊ နွေးထွေးစွာ စောင့်ရှောက်လာခဲ့တာ နှစ်ပေါင်းကြာလှပြီပဲ။

အမှန်အတိုင်းဝန်ခံရလျှင် နေ့တစ်နေ့ကို အစပြုပြီဆိုတာနှင့် ဒီနေ့ ကလေးတွေ ထပ်ရောက်မလာပါစေနဲ့လို့ ဆုတောင်းမိပါသည်။ ကလေး မထိန်းချင်လို့ ကလေး မချစ်လို့ မဟုတ်ရပါ။ ကလေးတွေကို သနားလို့၊ သူတို့တွေရဲ့ခံစားချက်အတိမ်အနက်ကို သိလို့ပင်ဖြစ်သည်။

ရွက်ဝါတွေကြွေတဲ့ နွေမှာပဲ ဖြစ်ဖြစ်၊ သစ်ပင်ပန်းမန်တွေ စိမ်းစိုနေတဲ့ မိုးဥတုမှာပဲ ဖြစ်ဖြစ်၊ နှင်းတွေဝေတဲ့ ဆောင်းမှာပဲဖြစ်ဖြစ်၊ ရောက်လာတဲ့ ကလေးတိုင်းကို သူတို့နဲ့လိုက်ဖက်တဲ့ အမည်နာမလေးတွေ ပေးပြီး လသားအရွယ်လေးတွေ ပါလျှင် နို့ဘူး တိုက်တန်တိုက်၊ တကယ့်ကို ရင်ဝယ်သားလို ကရိကထ ခံကာ ပြုစုတတ်တာ သူတို့လို ကလေးထိန်းတွေရဲ့စေတနာပင်။

ရက်က လ၊ လ ကနှစ် ပြောင်းလို့သံယောဇဉ်တွယ်ပြီးမှ မွေးစားဖို့လာခေါ်တဲ့အချိန် ဆိုဝမ်းနည်းရမြဲ၊ စိတ်မကောင်းဖြစ်ရမြဲ





ကောင်းတဲ့ဘက်ကတွေးပြီး ဖြေယူမယ်ဆိုရင်တော့ မေတ္တာ ငတ်မွတ်နေတဲ့သူတို့လေးတွေ မိဘမေတ္တာပေးမယ့် မိဘအသစ်တွေ ရင်ခွင်ထဲရောက်သွားတာ မုဒိတာပွားစရာပါပဲ။

'အစ်မရယ်. . အဲသလောက်လည်း စိတ်မကောင်းဖြစ်မနေပါနဲ့. . ကျွန်မတို့ဆီမှာ ချစ်စရာကလေးတွေ အများကြီးရှိနေသေးတဲ့ဥစ္စာ'

'ဒါတော့ ဒါပေါ့ဟယ် စိတ်မကောင်းတာက မကောင်းတာပဲပေါ့။ အစ်မ ကလေးအဝတ်တွေ သွားလျှော်လိုက်ဦးမယ်။ စေးဖော ရေ. . ဒီနေ့ ကလေးတွေကို ပုံပြင်လေးတွေပြောပြီး စိတ်ပြောင်းပေးနော်. . သူတို့ ထမင်းကျွေးတဲ့အချိန်ဆို အစ်မလည်း ပြီးလောက်ပါပြီ'

နော်စတယ်လာသည် နော်စေးဖောကို တတွတ်တွတ် မှာနေမိသည်။

စေးဖောက အသက်ငယ်ငယ် ဆိုတော့ တစ်ခါတလေဆို စိတ်မရှည်တာလေးတွေ ရှိတတ်သေးသည်။

သူမကတော့ လုပ်သက်လည်း ကြာပြီဆိုတော့ ဒီဂေဟာရှိ အုပ်ချုပ်သူဆရာမကြီးရဲ့ မျက်နှာလွှဲဆိုလည်း မမှားနိုင်ပေ။

ဆရာမကြီး အမြဲပြောတတ်တဲ့ စကားကလေး တစ်ခွန်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



'မျိုးစေ့မှန်က အပင်သန်ရမည်' တဲ့

ကလေးတွေဟာ ဘယ်လိုမျိုးစေ့ပဲ ဖြစ်ဖြစ်၊ ဘယ်လို အပင်မျိုးပဲ ပေါက်ပေါက်၊ တို့တာဝန်က ကောင်းကောင်းပြုစုပျိုးထောင်ပေးဖို့ပဲ။ တို့ ပျိုးထောင်ပေးလိုက်တဲ့ မျိုးစေ့ကလေးတွေ အပင်ပေါက်တဲ့အခါ သန်မာဖို့ပဲ လိုတာ။

ထိုစကားကလေးကို သူမ ကောင်းစွာ ထောက်ခံပါသည်။ လိုက်လည်း လိုက်နာခဲ့သည်။

တစ်ပတ်စာ မပြောင်းလဲဘဲ ရေးဆွဲထားသည့် Menu ဟာ တစ်လပြည့်လျှင် ဘယ်လောက်ငြီးငွေ့ဖို့ကောင်းသလဲ။

သို့သော်လည်း 'ဖေဖေရေ . . ဟိုဟာလေး စားချင်တယ်' 'မေမေရေ . . ဒီဟင်းလေး ချက်ပေးပါ'လို့ သူတို့ခမျာ ဘယ်မှာပူဆာခွင့်ရှိလို့လဲ။ ကျွေးသည့်အတိုင်း စားရရှာတာပဲ မဟုတ်လား။

အနီးကပ်နေပြီး သူတို့ရဲ့အရိပ်အကဲကို သိနေပြီ ဖြစ်သော သူမမှာသာ ကလေးတွေကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။ ဒါကြောင့်လည်း သူမ ရတဲ့ လုပ်အားခထဲက နည်းနည်းစီ ဖယ်ထားပြီး ကလေးတွေ မစားဖူးသည့် မုန့်ပဲသွားရည်စာကလေးတွေ အခါအားလျော်စွာ ဝယ်ကျွေးဖြစ်သည်။

သူမအလုပ်ကို နားမလည် . . ကိုယ်ချင်းမစာတဲ့ သူတွေက





လည်း အမနာပ ပြောဆိုတတ်သေးသည်။ 'တော်တော် ဝင့်ကြွားတဲ့ မိန်းမ' 'သူတို့မိဘတွေတောင် မထိန်းနိုင်တဲ့ ကလေးတွေကို ရင်ခွင်ပိုက်ပြီး ထိန်းရတဲ့မိန်းမ'တဲ့။

ပြောချင်ရာ ပြောကြပါစေ . . ကိုယ့်ဝါသနာနဲ့ စေတနာထားသာ အမွန်မြတ်ဆုံးအရာပဲလေ။

ကလေးတွေနဲ့နေရတာ အပြစ်ကင်းစေသည်။

စိတ်ချမ်းသာစေသည်။

ဒါမျိုး . . သူတို့မှ မခံစားဖူးတာ . .

နော်စတယ်လာသည် အုတ်ကန် နံဘေးတွင် အဝတ်တွေ အများကြီးကို သန့်ပြန့်သွားအောင် စိမ်ပြေနပြေ ထိုင်လျှော်နေလေသည်။

ထိုစဉ်က အဝတ်လျှော်စက်ဆိုတာ ခေတ်မစားသေးတော့ ဒီလိုပဲ လျှော်ကြရသည်။

'စတယ်လာရေ'

ဆရာမကြီးက သူ့ဆီ တန်းတန်းမတ်မတ် လျှောက်လာပြီး မျက်နှာမှာ အပြုံးတွေ တဝေဝေရှိကာ

'ဒီဆန်းဒေးကျရင်နင့်ကလေးတွေ . . ဒန်ပေါက်နဲ့ ရေခဲမုန့် ကျွေးရမယ် သိလား အလှူရှင်ရှိတယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



အတဲဝိုသော စတယ်လာကို ဆရာမကြီးက 'နင့်ကလေး တွေ'တု တင်စားပြီး ပြောတတ်သည်။

ခုလည်း ကြည့်လေ၊ ဒီလိုလေးကြားမိတာနဲ့ လျှော်လက်စ အဝတ်တွေကို ထားပစ်ခဲ့ကာ

'ဒါဆို ကျွန်မ သွားပြောလိုက်ဦးမယ်လေ. . ဒီနေ့ ဖိုးမှုလေး ပါသွားလို့ သူတို့လေးတွေ စိတ်မကောင်းဖြစ်နေကြတာ'

ထဘီတိုတိုဝတ်ပြီး ပြေးသွားသော နော်စတယ်လာကို ဆရာ မကြီးနော်အယ်ထူးက ပြုံးပြီးကြည့်နေမိသည်။

'ကလေးတွေထက် သူက ပိုကဲတာများ မသိရင်ခက်မယ်'

✿✿



အခန်း(၂)

'ဟိုကလေးမ. . တက်လို့ ပြောနေတာ မကြားဘူးလား'

တော်တော်ခေါင်းမာပြီး သွေးအေးမည့် ကောင်မလေး ဖြစ်သည်။

အဖမ်းခံရတာက ခိုးမှု။

လက်ပူးလက်ကြပ်မိတဲ့ ခိုးမှုမှာ သူတို့ဆီကို တိုင်ကြားစဉ်က အရေးခံမှာ ထိုမျှလောက်ငယ်လိမ့်မည်ဟု လုံးဝကိုမထင်ခဲ့တာ။

ထိုကလေးမမျက်နှာလေးက ဖြူဖြူစင်စင်လေးမို့ သူခိုးလို့ ထင်ရတဲ့စရာမရှိပါ။

မျက်နှာပေးက ခပ်မာမာပင်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးတို့နောက်ကို သမီးလိုက်မှာပါ၊ အိမ်မှာ မောင်လေးတစ်ယောက်တည်း ကျန်ခဲ့လို့ သမီး သွားခေါ်ပါရစေ'

'စခန်းရောက်ရင် မင်းမိဘတွေ ငါတို့ခေါ်ပေးမယ်'

ကောင်မလေးက ခေါင်းကို တွင်တွင်ခါရင်း

'သမီးတို့မောင်နှမနှစ်ယောက်တည်း အတူနေတာ. . မိဘတွေ မရှိတော့ပါဘူး ဦး'

'မင်းမောင်လေးက ဘယ်အရွယ်လဲ'

'သုံးနှစ်'

တော်တော်ငယ်သေးတာပဲ။ ဒုရဲအုပ်ဇော်ဖြိုးက စာနာစိတ်ဝင်မိသည်။ သုံးနှစ်အရွယ် ကလေးတစ်ယောက်ကို တစ်ဆယ့်သုံးနှစ်အရွယ်အစ်မက စောင့်ရှောက်ပြီး နေသတဲ့။

'ဆွေမျိုးတွေရော မရှိဘူးလား'

ဆွေမျိုး ဆိုတဲ့ အသံကြားတာနှင့် ကောင်မလေးက ခါးခါးသီးသီးပင်။

'သမီးတို့မောင်နှမ ငတ်ပြီး သေရင်သေသွားပါစေ သူတို့ဆီ ဘယ်တော့မှ မသွားဘူး ဦး'

ဘယ်လိုအကြောင်းကြောင့်ဆိုတာ ကလေးမလေးက ပြောချင်ပုံမရပါ။





'ကဲ. . အောင်စိုး၊ သူ့ကိုခေါ်သွားတော့ သမီးလိပ်စာပြောဦးက သမီးမောင်လေးကို သွားခေါ်ခဲ့ပေးမယ်. . ဟုတ်ပြီလား'

ကောင်မလေးက အခုမှစိတ်အေးသွားရပုံဖြင့် သူမလိပ်စာကိုပြောပြီး ရဲကားပေါ်တက်သွားလေသည်။ သူခိုးလာဖမ်းတဲ့ ရဲကားမို့ ဟိုလူက ကြည့်. . ဒီလူက ကြည့်နေပေမယ့်လည်း ကောင်မလေးခမျာ ရှက်ဖို့ သတိမရရှာပါ။

'ဦး. . မောင်လေးကို ပါအောင်ခေါ်ခဲ့နော်'

ဒုရဲအုပ်ဇော်ဖြိုးက ခေါင်းညိတ်ပြလိုက်သည်။ ရဲကားထွက်သွားပြီးနောက် သူ့မှာ ကောင်မလေးပြောသွားသည့် လိပ်စာအတိုင်းလိုက်ရပြန်သည်။

တစ်ဖက်ပိတ် လမ်းတိုလေးထဲမှာ ထောင့်ဆုံးက အိမ်သေးသေးလေးတစ်လုံး။ ပတ်ဝန်းကျင်မှာ စုံစမ်းကြည့်တော့လည်း ဒါ. . တို့ကောင်မလေးအိမ် ဆိုတာ သေချာနေသည်။ သူတို့နံဘေးအိမ်က အဒေါ်ကြီးတစ်ယောက် ထွက်လာပြီး

'ကြည်ပြာနဲ့တွေ့ချင်လို့လား. . သူက ဒီနေ့နောက်ကျမယ်လို့ ပြောသွားတယ်ကွဲ့'

သူ့ရင်ထဲတွင် နင့်သွားသည်။

နောက်ကျမယ်တဲ့လား. . .



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘယ်နှစ်လောက်ထိ နောက်ကျဦးမှာလဲ။ ဘာဖြစ်လို့များ မိန်းကလေးတန်မဲ့ သူများပစ္စည်းခိုးရတာလဲ ကောင်မလေး ရယ်။

'သူ့မောင်လေးနဲ့တွေ့ချင်လို့ပါ အဒေါ်'

'ဖေဒါလေးလား. . သူက အိပ်ပျော်နေပြီကွဲ့'

'ကျွန်တော် ခဏခေါ်သွားပါရစေ အဒေါ်. . သူ့အစ်မက ခေါ်ခိုင်းလိုက်လို့ပါ'

'မင်းက ဘယ်သူတုန်း. . ငါမှ မင်းကိုမသိတာ ဘယ်လိုလုပ်ပြီး ထည့်ပေးရမှာလဲ သူ့အစ်မက ငါ့ကိုသေချာအပ်ထားတာကွဲ့'

အဲဒါမှ ဒုက္ခ။ ကြည်ပြာ ဆိုတဲ့ကောင်မလေးကို ခိုးမှုနဲ့ဖမ်းထားတာပါလို့ သူပြောရက်ပါ့မလား။

တာဝန်နဲ့လူမှုရေးကို ခွဲခြားပြီး သိပေမယ့် အကြင်နာတရားခေါင်းပါးတဲ့သူမှ မဟုတ်တာ။

'ဒါနဲ့ အဒေါ်၊ ကြည်ပြာတို့မောင်နှမက နှစ်ယောက်တည်းနေတာလား'

'ဟုတ်တယ်လေ. . ကြည်ပြာက သူ့မောင်လေးကို သိပ်ချစ်တာ၊ ဒီအရွယ်လေးနဲ့ ဈေးရောင်းပြီး ရှာကျွေးနေတာ။ ထမင်းဟင်းလည်း သူပဲ ချက်ကျွေးတာကွဲ့. . ခမျာ သနားစရာလေးပါကွယ်'





ဒီလောက်ဆို သူ သဘောပေါက်သွားပါပြီ။

ရွေးချယ်စရာမရှိတဲ့ဘဝ၊ အမှီအခိုကင်းတဲ့ဘဝမို့ ကြည်ပြာက မှားတဲ့လမ်းကိုရွေးပြီး လျှောက်သွားတာလား။

ကြည်ပြာဟာ ကုန်စုံဆိုင်မှာ ပစ္စည်းခိုးနေတုန်း. . လက်ပူးလက်ကြပ်မိလို့ တရားစွဲဆိုခံရဖို့ သေချာသလောက်ရှိနေသည်။ ဒါဆို ဒီလူမမယ်ကလေးလေးက ဘယ်သူ အုပ်ထိန်းလို့ ဘယ်လို ရှေ့ဆက်မှာလဲ။

ကျောင်းနေပျော်လို့ စာသင်နေရမယ့်အရွယ်မှာ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ကြံရာမရဖြစ်ပြီး လွယ်တဲ့လမ်းကို ရွေးမိတော့ ဘဝမှာ တစ်သက်လုံး အမည်းစက်စွန်းတော့မည်။

အဒေါ်ကြီးက သူ့ကို တစ်ချိန်လုံး အကဲခတ်နေသည်။

ကြည်ပြာကိုဖမ်းစဉ်က လွယ်ထားတဲ့ လွယ်အိတ်ကလေးက သူ့လက်ထဲမှာ ပါလာသည်။

'အဒေါ် ဒီလွယ်အိတ်လေးက ကြည်ပြာ့လွယ်အိတ် မဟုတ်လား. . သူ ပေးလိုက်တာ. . ဒါဆို ဖေဒါ့ကို ခဏခေါ်သွားလို့ ရပြီလား'

'ဒါဆိုလဲ ခေါ်သွားလေ'

အိပ်နေတဲ့ကလေးလေးကို သူ ပွေ့ချီပြီး ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တားပေါ်ရောက်တော့ သူ့တပည့်က

'ဆရာ. . မောင်းလို့ရပြီလား'

'အေး. . စခန်းကိုပဲ မောင်းကွာ'

'ဒီကလေးလေးက. . '

'ခုနက ကောင်မလေးရဲ့မောင်လေး'

'ရုပ်ရည်လေးက သန့်သန့်ပြန့်ပြန့်လေးပဲနော် ဆရာ၊ ငါ့ ဆရာအလုပ်ကလည်း တယ်မလွယ်ပါလား'

တလေးတစ်ဖက်နှင့် သူ့ကို ကြည့်ပြီး ပြောနေမှန်း သိပါသည်။

'လုပ်ပဲကွာ. . တချို့ကိစ္စတွေကျ ဥပေက္ခာပြုထားလို့မှ မရတာ'

'ဒါဆို. . ဆရာ ဘာဆက်လုပ်မှာလဲ'

'ဟူး'

စိတ်မသက်မသာဖြစ်တိုင်း သူ မှုတ်ထုတ်နေကျ လေပူတစ်ချက်တ ပါးစပ်ဖျားမှ ထွက်လာပါသည်။

'ဆိုးပေ့မိုက်ပေ့ဆိုတဲ့ကောင်တွေနဲ့သာ ငါတွေ့ချင်တာ. . ဒါမျိုးကျ ဘာမှငဲ့ကွက်စရာမလိုဘူးလေ၊ ခုဟာက မင်း စဉ်းစားကြည့်ကွာ။ နုနယ်ငယ်ရွယ်တဲ့ကောင်မလေး၊ သူ့ကို မှီခိုနေရတဲ့ လူမမယ်





ကလေးလေးတစ်ယောက်က ရှိနေသေးတယ်၊ ဒါပေမယ့် ငါက မျက်ကွယ်ပြုပေးလိုက်ရင် အဲဒီကလေးမလေးက ပိုအတင့်ရဲလာပြီး မျက်ကန်း တစ္ဆေမကြောက် ဖြစ်သွားလိမ့်မယ်ကွ'

'အေးပေါ့လေ. . ဆရာတို့က တာဝန်အရလုပ်ရတာကိုး'

ရဲကားကလေးက ကြည်ပြာ ရှိရာ ရဲစခန်းဆီသို့ ဦးတည်နေသည်။ နှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်ပျော်နေသော ကလေးကို ကြည့်ပြီး သူ စိတ်မကောင်းဖြစ်ရသည်။ သူတို့မောင်နှမနှစ်ယောက် သိပ်ချစ်ကြတာပဲတဲ့။ သူ့အစ်မကို ကိုယ်က ဖမ်းလိုက်တဲ့အတွက် သူတို့နှစ်ယောက် ကွဲကွာရတော့မှာလား။ ခွဲခွာရတော့မှာလား။ သူ့မှာ အပြစ်ရှိလို့လား။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ဒုရဲအုပ်ဇော်ဖြိုးက ကြည်ပြာအမှုကို စစ်ဆေးနေသည်။ ရဲစခန်းက ခုံတန်းရှည်လေးပေါ်မှာ ဗေဒါလေးအိပ်မောကျနေသည်။ ကြည်ပြာက သူမကိုစစ်ဆေးနေတာကို သိပ်အာရုံမရောက်တာ သူသိသည်။ တစ်ချိန်လုံး သူ့မောင်လေးကိုသာ ကွက်ကြည့်ကွက်ကြည့်လုပ်နေသည်။

'သမီးကြည်ပြာ ဦးမေးတာ အမှန်အတိုင်းဝန်ခံမလား'

'မမေးနဲ့တော့ ဦး. . သမီး အဲဒီပစ္စည်းတွေ ယူမိတာ အမှန်ပါ လုပ်ရဲရင် ခံရဲပါတယ်။ ဦး. . သမီးမောင်လေးကို ခေါ်လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်. . သမီး ထောင်ကျမှာပေါ့နော် ဦး'





'သမီးအသက်က ငယ်သေးတော့. . လူငယ်လေ့ကျင့်ရေးကျောင်းရောက်ဖို့ များနေတယ်. . . ကြုံတုန်း ဦး တစ်ခါတည်း ဆုံးမလိုက်မယ်။ နောက်ဆို ဥပဒေနဲ့မလွတ်တဲ့အလုပ်ကို ရှောင်ပါ သမီး၊ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ပေါ့ သမီးရယ်. . အကူအညီလိုရင်လည်း ပြော. . ဟုတ်ပြီလား'

ထူးထူးဆန်းဆန်း အာဂ ကလေးမလေးကို သူ အံ့ဩစွာကြည့်မိသည်။

ကိုယ့်လုပ်ရပ်အတွက် တာဝန်ယူတတ်တဲ့စိတ်ထားလေးကကောင်းတဲ့ဘက်မှာဆို ဘယ်လောက် အဖိုးတန်လိုက်မလဲ။

နှမြောစရာကောင်းလိုက်တာ။

'ဦးဆီက သမီးတောင်းစရာအကူအညီတစ်ခုပဲ ရှိတယ်၊ ဦး ကူညီပေးပါနော် မောင်လေးကိစ္စပါ. . သမီး မရှိရင် သူ့ရဲ့စားဝတ်နေရေး ဒုက္ခရောက်လိမ့်မယ် ဦး၊ ဦးအနေနဲ့ မောင်လေးကို စိတ်ချရတဲ့နေရာတစ်နေရာမှာ အပ်ပေးလို့ရမလားဟင်. . သမီး မောင်လေးကိုပြန်လာခေါ်မှာပါ၊ အမှန်အတိုင်းဝန်ခံရရင် သမီးမောင်လေးနဲ့ သမီးတစ်ညတောင်မှ ခွဲပြီး မအိပ်ဖူးပါဘူး။ ဒီနေ့ သူ စောစောအိပ်သွားတာ ဗိုက်ဆာလို့ဖြစ်မှာပါ၊ ဟုတ်ပါတယ် သမီး မောင်လေးကို ထမင်းမကျွေးရသေးဘူး ဦး. . ဟင့် ဟင့်'



www.burmeseclassic.com

www.burmeseclassic.com



ကြားရတာ ရင်ထဲမှာ နင့်သွားစေသည်။

ကြည်ပြာလေးက အသက်သာ ငယ်တာ၊ အစ်မကြီးတော့ အမိအရာပီသတဲ့ သူ့ရဲ့စိတ်ဓာတ်ကလေးက အရွယ်နှင့် မလိုက်စွာ လေးစားဖို့ကောင်းပါသည်။

'သမီးသာ ကိုယ့်ဟာကိုယ် ဂရုစိုက်ပြီးနေပါ။ ဖေဒါလေးကို ဦး သင့်တော်သလို စီစဉ်ပေးပါ့မယ်. . ဒါပေမယ့် ဦးကို ကတိတစ်ခု တော့ ပေးရမယ်နော်၊ အပေးအယူလုပ်တာတော့ မဟုတ်ဘူး ဒီက ရှေ့ဆက်ပြီး သမီး ကောင်းကောင်းမွန်မွန်နေသွားဖို့ပဲ'

ကြည်ပြာ အငိုရပ်သွားပြီး တည်ကြည်လေးနက်စွာ ကတိ ပေးလေသည်။

'သမီး ကတိပေးပါတယ်ဦး၊ မောင်လေး နိုးလာရင်သာ သူ့ အစ်မရဲ့လုပ်ရပ်တွေကို မသိပါစေနဲ့၊ မပြောလိုက်ပါနဲ့ ဦးရယ် သမီး မောင်လေးက အရွယ်နဲ့မလိုက်အောင်ကို အေးချမ်းပါတယ်။ ဖြူစင် ပါတယ်။ သမီး. . သမီးကသာ သူ့ကို မဖြူစင်တဲ့အလုပ်တွေနဲ့ ရှာ ကျွေးခဲ့တာ။ သူ့ကို ဘယ်မှာထားပေးမှာလဲဟင် သမီး သိပါရစေနော် ဦး. .'

'မိဘမဲ့ဂေဟာမှာ ထားပေးမှာပါ သမီး၊ စိတ်ချပါကွာ သမီး မောင်လေး ငြိမ်းငြိမ်းချမ်းချမ်းနေရမှာပါ'





ကြည်ပြာက အိပ်နေသောသူ့မောင်လေးကို ဝမ်းနည်းစွာ စိုက်ကြည့်ပြီး နဖူးကလေးကို ညင်သာစွာနမ်းပြီး နှုတ်ဆက်လိုက်ပါ သည်။ သူမရင်ထဲမှာ ဘယ်လောက်တောင်လှိုင်းထန်နေသလဲဆိုတာ မှန်းကြည့်ရုံနှင့် သိသာစေပါသည်။

'သူ့ကို ခေါ်သွားလို့ရပြီ ဦး. . မောင်လေးကို ဘယ်သူလာ တောင်းတောင်း မပေးပါစေနဲ့ဦးရယ် သမီးကို သနားပါနော်'

သူခေါင်းညိတ်ပြတော့မှ ကြည်ပြာက အချုပ်ခန်းထဲကို ပြန် ဝင်သွားသည်။

ဒီဖြစ်ရပ်တစ်ခုလုံးအတွက် သူ တာဝန်ကျေပါသည်။ လုပ် သင့်တာကိုလုပ်ပြီး ကူညီသင့်တာကို ကူညီခဲ့ပြီးပြီပဲ။

စိတ်မကောင်းပေမယ့် လိပ်ပြာသန့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

နော်စတယ်လာ ဆုတောင်း မပြည့်ပါ။ နေ့သစ်တစ်နေ့ရဲ့ အစ၊ နံနက်ခင်းအချိန်မှာ သုံးနှစ်အရွယ် ချစ်စရာ ကလေးလေးတစ်ယောက် သူတို့ဂေဟာကိုရောက်လာတာပါလား။

တစ်ခုတော်သေးတာက ဒီကလေးလေးကို ခဏ လာအပ်တာ ဆိုပဲ။ ဖိုးမူလေးနေရာမှာ ချစ်စရာကလေးနောက်တစ်ယောက် တိုးလာတဲ့အတွက် ကျန်တဲ့ကလေးတွေ ပျော်သွားမှာအမှန်ပင်။

'စတယ်လာ ကလေးကြည့်ရတာ တော်တော်လေး စိတ်ထိခိုက်နေပုံရတယ်။ ကြောက်လည်း ကြောက်နေပုံပဲ တစ်ခုခုကျွေးလိုက်ပါဦးကွယ်'





ကလေးရဲ့ မျက်သားလေးတွေက ဖြူစင်ပြီး အပြစ်ကင်းပုံပေါ်သဖြင့် စတယ်လာက မြင်မြင်ချင်းပင် ချစ်ခင်မိလေသည်။

ခမျာ ကြောက်နေရှာပုံပဲ. . . တစ်ကိုယ်လုံး တုန်နေတာ သနားစရာကောင်းလှသည်။

'သားလေး. . လာပါဦးကွဲ့'

ခေါ်လိုက်တာနှင့် ကလေးကချက်ချင်းရောက်လာပါသည်။

'အန်တီက သားကို မုန့်တွေ အများကြီးကျွေးမှာနော်၊ ဒီမှာ သူငယ်ချင်းတွေလည်း အများကြီးပဲ သားနဲ့ အတူတူဆော့ကြမှာလေ'

'မမရော. . မမ လာမှာလား'

ကလေးမှာ အစ်မ ရှိပုံရပါသည်။ သူ့အစ်မကို တမ်းတပြီး အချိန်လုံး မေးနေသည်။

ကလေးတွေကို မလိမ်တတ်တာ စတယ်လာရဲ့ ပင်ကိုစိတ်ပါ။ အရှိကို အရှိအတိုင်း လက်ခံနိုင်အောင် အကျိုးသင့် အကြောင်းသင့် ရှင်းပြတတ်သည်။

'သားမမက အလုပ်တွေလုပ်ပြီး ပိုက်ဆံစုနေလို့နေမှာပေါ့။ သူ သားကိုပြန်လာခေါ်မယ်လို့ သေချာမှာထားတာ သားမမကို ချစ်ရင် သူ့စကား နားထောင်ပြီး ဒီမှာ ပျော်အောင်နေရမယ်နော် သား အန်တီ့ကို သားနာမည်လေး ပြောပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'ပေ. . . ဒါ'

'အို. . လှလိုက်တဲ့နာမည်လေးပါလား'

နော်စတယ်လာက ပေဒါရဲ့လက်ကလေးကိုဆွဲပြီး ရင်းရင်းနှီးနှီးရှိအောင် တမင်ကို စကားတွေ ရှာကြံပြီးပြောလာသည်။ ကလေးက တဖြည်းဖြည်း သူနှင့်ရင်းနှီးလာပြီး နွေးနွေးထွေးထွေးရှိလာသည်။

နော်စတယ်လာရဲ့အရည်အချင်းက ဒါပဲလေ။

ကလေးတွေနဲ့ နေတာ ကြာပြီ ဆိုတော့ သူတို့လေးတွေရဲ့ အထာကို ကောင်းစွာသိသလို သူတို့ကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာလည်း ကျွမ်းကျင်သည်။

'တို့ပေဒါလေးက ရေထဲမှာနေလို့ အေးအေးချမ်းချမ်းလေး ဖြစ်နေတာပေါ့နော် ဟုတ်လား သား'

'အင်း. . ချမ်းတယ်. . ဆာတယ်'

ဟုတ်သားပဲ။ ကလေးက အစောကြီးရောက်လာတော့ ဆာ ရောပေါ့။ အနွေးအကျႌမပါဘာမပါနဲ့ဆိုတော့ ချမ်းနေတော့မှာ။

ဒီကနေ့ မြူတွေ ဆိုင်းနေလိုက်တာများ မနက်ရှစ်နာရီ ထောင် နေမင်းက မြူတွေကို မထိုးဖောက်နိုင်ဖြစ်နေသည်။

နော်စတယ်လာ သူ့ကိုယ်မှာ ခြုံထားသော ပဝါကို ပေ လေးကိုယ်ပေါ်မှာ ပတ်ပေးလိုက်သည်။





သနားစရာ ကလေးလေးရယ်. . .

သူ့မလဲ ကလေးတစ်ယောက် ရောက်လာတိုင်း တစ်မျိုးချစ်နေရတာပါပဲ။

'သား. . ညက ထမင်းမစားရဘူး အန်တီ'

'မာင်. . ဟုတ်လား၊ သားကို အန်တီက ပဲပြုတ်ထမင်းကြော်ကျွေးမှာပေါ့. . ကော်ဖီပူပူလေးပါ တိုက်ဦးမှာ'

ပဲပြုတ်ထမင်းကြော်က ဒီနေ့အတွက် ကလေးတွေ စားရမည့် breakfast ပေါ့။

စေတနာကော်ဖီကလေးတစ်ခွက်က သူ့ကိုတာထဲက ဖျော်တိုက်မှာ ဖြစ်သည်။

ထမင်းကြော်တွေကို သူ့ပါးစပ်ထဲ အပြည့်အသိပ်ထိုးထည့်ပြီး ပလုတ်ပလောင်းစားနေသော ပေဒါလေးကို ကျန်ကလေးတွေက သူသစ်မို့ ဝိုင်းပြီး လှေ့လာအကဲခတ်နေကြသည်။

'သားတို့သမီးတို့အားလုံး မှတ်ထားမယ်နော်. . သူ့နာမည်က ပေဒါတဲ့. . သားတို့နဲ့အတူတူနေမှာ. . သူငယ်ချင်းတစ်ယောက်ထပ်ရပြီဆိုတော့ အတူတူကစားရမယ်နော်'

'ဟုတ်ကဲ့ပါ အန်တီ'

သူ့လိုကလေးတွေ အများကြီးတွေ့လိုက်ရလို့ ပေင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပါလေးမှာ လာတုန်းကနှင့်မတူဘဲ တက်တက်ကြွကြွလေးဖြစ်လာသည်။

မနက်စာစားပြီးတော့ သူတို့လေးတွေ ဆော့ကစားကြ၏။ နော်စတယ်လာကတော့ ထုံးစံအတိုင်း ကလေးတွေ ကစားတာကြည့်ပြီး ပျော်နေသည်။

သူတို့တွေ အပင်ပန်းခံပြီးပြုစုပေးထားတဲ့ကလေးတွေ ကျန်းမာလို့သာ ဆော့ကစားနေနိုင်တာပေါ့။ ဒါကိုပဲ တွေးပြီး သူမှာ ပီတိတွေ ဖြစ်နေရသည်။

'အစ်မ အစ်မရေ. . လသားအရွယ်ကလေးလေး ရောက်လာပြန်ပြီ'

'ဟင်. . ဘယ်တုန်းက ရောက်တာလဲ'

'အခုပဲ အစ်မ. . ဒီနေ့ ဒါဆို နှစ်ယောက်တောင်ရှိပြီနော်၊ ထူးထူးဆန်းဆန်းပဲ'

နော်စေးဖော ပြောလည်း ပြောစရာပင်။ တစ်နေ့တည်းမှာ နှစ်ယောက် ရောက်လာတာမျိုး သူတို့ဂေဟာမှာ မရှိခဲ့ဖူးပါ။

'ယောကျ်ားလေးလား. . မိန်းကလေးလား'

'မိန်းကလေး အစ်မ. . ချစ်စရာလေး အစ်မရယ်. . သူတို့မို့ စွန့်ပစ်ရက်ကြတယ်. . အံ့ပါရဲ့တော်'





သိပ်မကြာပါ။ဆရာမကြီးက အနှီးထုပ်ထားသော ကလေးလေးကို ပိုက်ထားပြီး သူ့ဆီရောက်လာပါသည်။

'စတယ်လာရေ. . နင်တော့ ကံထူးပြန်ပြီဟေ့. . ဒီနေ့တစ်နေ့တည်းနဲ့ သားတစ်ယောက် သမီးတစ်ယောက် ရသွားပြီ ရော့. .'

ဆရာမကြီးလက်ထဲမှကလေးလေးကို စတယ်လာက လက်ပြောင်းပြီး ယူလိုက်ပါသည်။

'အိုး. . ချစ်စရာလေးပါလား'

ဟုတ်ပါသည်။ ကလေးလေးက စတယ်လာကို မျက်ဆံနက်နက်လေးနှင့်ကြည့်ပြီး နားလည်သလို ရင်းနှီးနေသလို ပြုံးပြနေသည်။ စတယ်လာတို့ အသည်းယားလာပြီး ဖက်နမ်းတော့တာပါပဲ။

'ဟဲ့. . ဟဲ့. . ဒီကလေးက အသားနုနုကလေးနော်၊ နင်ချစ်တာတလည်း ကြမ်းလိုက်တာဟယ်'

ဆရာမကြီးက ဟန့်တားလိုက်ပေမယ့် ဒီလိုနမ်းလိုက်သည့်အတွက် သူမအတွေ့အကြုံအရ ကလေးကိုယ်ပူနေတာကို သိလိုက်ပါသည်။

'ဆရာမကြီး ကလေးလေး ကိုယ်တွေပူနေတယ်၊ ဒေါက်တာကို ခေါ်ပေးပါဦး'

'ဟုတ်ရဲ့လားဟယ်'



www.burmeseclassic.com

www.burmeseclassic.com



'တုတ်တယ် ဆရာမ'

ပြောလို့မှမဆုံးသေးပါ။ ကလေးက ဟတ်ချိုး ဟတ်ချိုးဖြစ်နေပြီ။

'တော. . တွေ့လား၊ နှာလည်း ချေနေတယ် ကေန္တ အအေးဝတ်သွားပြီထင်တယ်'

'အေး. . ဟုတ်လိမ့်မယ်၊ သူ့ကို သံလွင်မြစ်နံဘေးမှာတွေ့ခဲ့တာတဲ့'

'ရက်စက်လိုက်ကြတာရှင်၊ အဲဒီလူသာ မတွေ့ရင် ဒီကလေးလေးဘဝ မတွေးဝံ့စရာပဲ'

'ဒီလာပို့တဲ့လူကတော့ ပြောပါတယ်လေ၊ သူနဲ့ထိုက်လို့ ရတာ မှန်ပေမယ့် သူတောင်မှ ဝတ်တစ်လှည့်ပြတ်တစ်လှည့်နေရတာမို့ ကလေးကို ဒုက္ခမပေးချင်ဘူးတဲ့၊ ဒီမှာ လာထားရင် သုံးနပ်အပြည့်စားရမယ်၊ နောင် ကြီးလာလို့ ချမ်းသာတဲ့လူတွေမွေးစားခဲ့မယ်ဆိုရင် ကလေးနောင်ရေးအတွက် ကောင်းမယ်ဆိုပြီး တို့ဆီ လာပို့တာပဲကွဲ့'

'ထမင်းသုံးနပ်က နောက်မှ၊ လောလောဆယ် ကလေး နို့ဆာနေပြီ. . စေးဖောရေ. . စေးဖော'

စေးဖောတို့ကလည်း နပ်ပြီးသား။ လာပါပြီဆိုတာနှင့် နို့ဘူးက ပါလာပြီးသား။





ဒီလောက်မှတ်မပေါက်ရင်လည်း စတယ်လာ့နားမှာ နေ လို့ မဖြစ်။

ကလေးတွေ ရောက်လာပြီ ဆိုတာနှင့်. . သူက အစားအသောက် အရင်တောင်းတော့တာ. . ခုဟာက လသားလေးဆိုတော့ သူ တောင်းမှာ နို့ဘူးမှန်း စေးဖောတို့က သိပြီးသား။

'စေးဖောတောင် တော်တော်အသုံးတည့်နေပြီပဲ. . ကဲ. . ကဲ. . ဆရာမကြီး ဒေါက်တာ့ဆီ ဖုန်းဆက်လိုက်ဦးမယ်'

ဒီ orphanageအတွက် ဒေါက်တာအောင်ခန့်က တာဝန်သို့ စေတနာဖြင့် ကြည့်ပေးလေ့ ရှိသလို တစ်လ တစ်ကြိမ် လာရောက်ပြီး ကလေးအားလုံးကို ကျန်းမာရေးစစ်ဆေးပေးသည်။

ကာကွယ်ဆေး ထိုးရမည့် ကလေးများကို သူနာပြုဆရာမ ထွ လွှတ်ပေးပြီး ထိုးစေသည်။

ကလေးလေးက နို့စို့ပြီး ပြန်မှိန်းသွားသည်။ စတယ်လာက ပါလေးကို သတိရပြီး လှမ်းခေါ် လိုက်သည်။

'သား. . ဒီမှာ ကြည့်စမ်း'

'သူက ဘယ်သူလဲ အန်တီ'

'ဒါ. . သားရဲ့ညီမလေးပဲပေါ့ ဟုတ်ဘူးလား၊ သားနဲ့သူက နေ့တည်းမှာ အတူတူရောက်လာတာလေကွယ်'



www.burmeseclassic.com

www.burmeseclassic.com



ဗေဒါလေးက ညီမလေးဆိုတဲ့ ဝေါဟာရကို မရင်းနှီးခဲ့ပေမယ့် ကလေးသေးသေးလေးကို ကြည့်ပြီး စိတ်ဝင်စားနေပုံရသည်။

'သား တိုင်ကြည့်လို့ရလား အန်တီ'

'ရတာပေါ့. . နောက်ဆို သားက ညီမလေးကို ထိန်းရမယ်နော်'

'ဟုတ်ကဲ့'

ကလေးလက်သေးသေးလေးကို ကိုင်လိုက်ရသည့်အတွက် အံ့သြပြီး သူ့ရင်ဘတ်သူလက်နှင့်ဖိကာ ပျော်ရွှင်နေသောဗေဒါလေး။

ထိုအချိန်မှစပြီး 'ညီမလေး' ဆိုသော ကောင်မလေးသည် သူ့ဘဝတစ်လျှောက်လုံးမှာ အရေးအပါဆုံးလူသားတစ်ယောက်ဖြစ်လာခဲ့ပါသည်။

✿✿



## အခန်း(၅)

'စေးဖောရေ. . ဒီမှာ လာကြည့်စမ်း'

စတယ်လာသည် ကလေးကိုယ်မှာတွေ့ရသော အမှတ်အသားကြောင့် လန့်ဖျပ်ပြီး စေးဖောကို အော်ခေါ်မိသည်။ စေးဖောလည်း လာကြည့်ပြီး ပါးစပ်ဟောင်းလောင်းပွင့်သည်အထိ အံ့သြသွားသည်။

'ဘာကြီးလဲ. . ဒါ ဘာကြီးလဲဟင် အစ်မ'

'ပန်း. . ဟုတ်ပါတယ်. . ဒီပန်းက ဘာပန်းဖြစ်မလဲ'

စတယ်လာက ကလေးရဲ့နောက်ကျောမှာ တံဆိပ်နှိပ်ထားသလိုနီရဲနေသောအမှတ်အသားကို သေသေချာချာကြည့်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



'ငါ သိပြီ စေးဖော..ငါ စဉ်းစားလို့ ရပြီ..ကလေး အသားနုနုလေးမှာ လုပ်ရက်လိုက်တာဟယ်..လူစိတ်မှ ရှိသေးရဲ့ လား မသိဘူး..တောက်'

ထုံးစံအတိုင်း ကလေးတွေ ထိရင် နာတတ်သော စတယ်လာက ဒေါသတကြီးဖြင့် 'တောက်'တခေါက်ခေါက်ဖြစ်နေသည်။

'ဆေးမင်ကြောင်ထိုးထားတာလား အစ်မ'

'မဟုတ်ဘူး..အဲဒီပန်းပုံစံကို အပူပေးပြီး ကပ်ထားတာ'

'ဟင်'

သနားစရာကောင်းသော သမီးငယ်လေးမှာ ဘယ်လို ဝဋ်ကြွေးတွေ ပါလာလို့များလဲ။ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ အနာတရဖြစ်ခဲ့ရရှာသည်။

ဘယ်လိုအမှတ်အသားလဲ...

ဘာအတွက်ကြောင့် မှတ်ပေးလိုက်တာလဲ..

ဒီကလေးဟာ နောက်ကြောင်းရော ရှင်းရဲ့လား..

ဘယ်လိုလူတွေနဲ့ပတ်သက်နေတာလဲ..

ရင်မောရပါသည်။

ရက်တွေလည်း တစ်ရက်ပြီးတစ်ရက် ကုန်မြန်လာသည်။ ကလေးကိုယ်မှာ တွေ့ရသည့် ပန်းပုံ အမှတ်အသားကြောင့် 'ခွာညို'





လို့ စတယ်လာက နာမည်ပေးထားသော ကလေးလေးသည် ဗေဒါလေးကို အထူးခင်တွယ်ရှာသည်။

ဂျပန်မလေးတွေလို ပါးအို့လေးနှစ်ဖက်က နီရဲမို့ဖောင်းနေသော ခွာညို၊ မျက်လုံးလေးနှစ်လုံးက တောက်ပကာ ရွှန်းလဲ့နေသော ခွာညို၊ နှုတ်ခမ်းပါးပါးလေးနှင့် လူတကာကို လိုက်ရယ်ပြတတ်သော ထိုကလေးလေးကို ဗေဒါက 'ညီမလေး ညီမလေး'နှင့် ပါးစပ်က မချ။ ချစ်စိအောက်ကအပျော်မခံသလို နော်စတယ်လာကလည်း တုန်နေအောင် ချစ်သည်။ နော်စေးဖောကလည်း အကဲပိုသည်။ ကျန်တဲ့ ကလေးတွေ ကလေးထိန်းဆရာမတွေကလည်း ခွာညိုကို ဝိုင်းပြီးချစ်ကြသည်။

ဒီ orphanage ကိုလာကြတဲ့ ဧည့်သည်တွေဆို ခွာညို့ကို တွေ့တာနှင့် မွေးစားဖို့တောင်းဆိုတော့သည်။

စတယ်လာက တစ်နေ့တည်းမှာ တိုက်တိုက်ဆိုင်ဆိုင် အတူရောက်လာကြတဲ့ ဗေဒါနှင့်ခွာညိုလေးကို ကရုဏာပိုပြီး သံယောဇဉ်တွယ်နေရသူဆိုတော့ စိတ်မကောင်းဖြစ်ရသည်။

တကယ်လို့သာ ခွာညိုလေးကိုခေါ် သွားမည်ဆိုလျှင် အဓိက ထိခိုက်သွားမှာက ဗေဒါပဲ ဖြစ်သည်။ နုနယ်ပြီး တွယ်တာတတ်သည့် ဗေဒါလေးကို မထိခိုက်စေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်တွေ လာပြီဆိုလျှင် ဖေဒါကလေးခမျာ မျက်နှာမကောင်းဘဲ ချက်ချင်းညှိုးငယ်သွားသည်။ ဒါတွေကို မြင်တော့ သူ့တို့ အသနားပိုရသည်။

နည်းနည်းလေး ပိုပြီး နားလည် သိတတ်လာတဲ့အရွယ်ကျတော့ ဖေဒါက ဧည့်သည်တွေ့တာနှင့် ပြေးလာပြီး

'အန်တီမေမေ . . ညီမလေးကို ဖက်ထားပေးပါနော်. . ဟိုမှာ သူတို့ ညီမလေးကိုခေါ်ဖို့ လာနေပြီ'

အဲဒီစိတ်ကြောင့်ပဲ ဖေဒါလေးမှာ စိတ္တဇလိုဖြစ်နေတော့တာ။ ဂေဟာကို သူစိမ်းတွေ လာပြီဆိုလျှင် သူ့ညီမလေးကို ဖက်ထားနိုင်းသည်။

စတယ်လာတို့ကလည်း နဂိုကတည်းကမှ ခွာညီလေး ပါသွားမှာ စိုးရိမ်နေသူဆိုတော့ ကလေးကို ဖက်ထားကြတာပေါ့။

ခွာညီလေးကို ဧည့်သည်တွေ မမြင်သွားဘူးဆိုလျှင် သူ့စိတ်ထဲမှာ လုံခြုံလို့။ သွေးမတော်သားမစပ် သံယောဇဉ်ဆိုတာ ဒါမျိုးပင်ဖြစ်လိမ့်မည်။

ဖေဒါသည် သူ့အစ်မကြည်ပြာလေးကို ရောက်စက မကြာခဏ နာမည်ထုတ်တတ်ပေမယ့် ခွာညီလေး ရောက်လာသောအခါ မေ့မေ့ပျောက်ပျောက်ဖြစ်လာပုံရသည်။





'အန်တီမေမေ . . အခု သားသား အသက်က ဘယ်နှနှစ်လဲဟင်'

'ဟယ်တော်. . ထူးထူးဆန်းဆန်းပါလား၊ နေစမ်းပါဦး သားက အသက်မေးပြီး ဘာလုပ်မလို့လဲ'

'ညီမလေးနဲ့အတူတူ ကျောင်းနေချင်လို့'

နော်စတယ်လာက အခုမှ အားပါးတရ အော်ရယ်မိတော့သည်။ လက်စသတ်တော့ သူ့ညီမနဲ့ အတူတူကျောင်းနေချင်တာကိုး။

'သားနဲ့ညီမလေးက အသက်ချင်းမှမတူတဲ့ဟာကို ဘယ်လိုလုပ်ပြီး ကျောင်းနေလို့ရမှာလဲကွဲ့၊ အခုပဲ သားက အသက်ငါးနှစ်ပြည့်တော့မှာ. . ညီမလေးက တစ်နှစ်တောင် မပြည့်သေးဘူးလေ'

'ဟင့်အင်း. . ဟင့်အင်း. . သားကျောင်းသွားရင် ညီမလေးကို ခေါ်သွားမှာပဲ'

ဒီကလေးကို ဘယ်လိုပဲ ဖျောင်းဖျ ဖျောင်းဖျ ဘယ်လောက်ပဲ ရှင်းပြပါစေ သူ လက်ခံမည် မဟုတ်ပါ။

ဖေဒါသည် နည်းနည်းလေးကြီးလာသည်နှင့် ပတ်ဝန်းကျင်ကို အရွဲ့တိုက်တတ်လာသည်။ သူမှန်သည်ထင်လျှင် ခေါင်းမာမာဖြင့် နောက်မဆုတ်တတ်သော ဗီဇလေးက ပြလာသည်။

အထူးသဖြင့် ခွာညီလေးနှင့်ပတ်သက်လာလျှင် ကဲကဲဆတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တတ်သည်။ အတူနေကလေးများက သူ့လိုပဲ ခွာညိုလေးကို ဝိုင်း ချစ်ကြလျှင် သူ မကျေနပ်ချင်တော့။ ထိုအခါမျိုးတွင် ပြဿနာရှာပြီး ရန်ဖြစ်တတ်သည်။

ယောက်ျားလေးချင်းဆိုလျှင် သူက ကိုယ်ထိလက်ရောက် ပြန်ပြီး ရန်လိုစွာ တုံ့ပြန်တတ်သည်။ ဆရာမကြီးသိလျှင် အရိုက်ခံရမည်။ အပြစ်ပေးခံရမည်စိုးသောကြောင့် စတယ်လာက ဖုံးဖိပေးထားသေမယ့် ကျန်ကလေးထိန်းဆရာမများအမြင်တွင် ဗေဒါသည် လူဆိုးလေးဖြစ်လာခဲ့သည်။

ဗေဒါကို ကိုင်တွယ်တတ်သူ၊ ဗေဒါက ချစ်ခင်လေးစားသူဟူ၍ ဒီဂေဟာတွင် စတယ်လာတစ်ယောက်သာ ရှိလေသည်။

ဝင်တိုဝီဇကလေးက ကောင်းပါလျက်နှင့် ခွာညိုလေးကို သံသောဇော်တွယ်ပြီးချစ်ရှာလွန်းသော ကလေး. . ထိုစိတ်ကြောင့်ပင် သူသည် ဝတ်ဝန်းကျင်တွင် နေသားတကျမဖြစ်ဘဲ အံဝင်ခွင်ကျမဖြစ်ဘဲ အပေအတေကလေးဟု သတ်မှတ်ခြင်းခံနေရသည်။

ဤသို့ဖြစ်လာသည့်အတွက် စတယ်လာမှာ စိတ်မကောင်းဖြစ်ရပါသည်။

✿✿



## အခန်း(၆)

"Happy Birthday to you..Happy Birthday to you.."

အသည်းပုံ ကိတ်မုန့်လှလှကလေးက ဗေဒါနှင့် ခွာညိုတို့အတွက် ဆရာမနော်စတယ်လာ၏မွေးနေ့လက်ဆောင် ဖြစ်သည်။

ဒီလိုနေရာကိုရောက်လာတဲ့ ကလေး တော်တော်များများဟာ ဘယ်မှာလာပြီး မွေးနေ့အမှန် ရှိနိုင်ပါ့မလဲ. . . သူတို့လေးတွေ ရောက်လာတဲ့နေ့ဟာ သူတို့မွေးနေ့ပဲပေါ့။

တချို့တလေလောက်သာ စာရွက်ခေါက်လေးမှာ မွေးနေ့ မှတ်ရက် ရေးထည့်ပေးထားခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ပေဒါနှင့် ခွာညိုတို့က တစ်ရက်တည်း အတူတူရောက်လာတာဆိုတော့ သူတို့နှစ်ယောက်က မွေးနေ့တူ မောင်နှမတွေပေါ့။

ဘဝမှာ ပျော်ရွှင်မှုတွေ ဆောင်ယူပေးဖို့ ကိုယ့်ကိုမွေးဖွားပေးခဲ့တဲ့ မိဘတွေ မရှိကြတဲ့ ကလေးငယ်လေးတွေအတွက် စတယ်လာတဲ့ ခုလိုပဲ မွေးနေ့အတူလေးတွေ ဖန်ဆင်းပေးပြီး ကလေးတွေပျော်လာအောင် လုပ်ယူရသည်။ ဒါမှလည်း သူတို့လေးတွေမှာ မွေးနေ့ဆိုတာရှိသေးတယ်ဆိုပြီး ဖြေသိမ့်နိုင်မှာ၊ ယုံကြည်မှုတွေ တိုးလာစေမှာလေ။

ကိတ်မုန့်ရဲ့တစ်ဖက်ခြမ်းမှာ ဖယောင်းတိုင်လေး ငါးတိုင်မီးညှိထားပြီး တစ်ဖက်မှာ တစ်တိုင် မီးညှိထားတဲ့ ထူးထူးခြားခြားမွေးနေ့ပွဲလေးပေါ့။

ကလေးတွေအားလုံး ပျော်ရွှင်နေသည်။ သူတို့ရဲ့စိတ်တွေကြည်လင်နေသည်။ ဘာပကာသန၊ ဘာအဆောင်အယောင်မှမရှိတာတောင်မှ ဒီလိုပွဲလေးဟာ သူတို့အတွက် အဖိုးမဖြတ်နိုင်တဲ့ ပွဲလမ်းသဘင်တစ်ခုကို ရောက်နေသလောက်နီးပါးထင်ပြီး ပျော်ရွှင်နေကြတာ. .

Birthday wish သီချင်းလေးဆိုပြီး ပျော်ရွှင်စွာ ကခုန်နေကြသည်။





ရန်ဖြစ်လိုက် ပြန်ချစ်လိုက်ဆိုတာ သူတို့မှအစစ်။

ပေဒါနှင့်ရန်ဖြစ်ဖူးသည့် တင်ထွန်းကျော်တို့၊ ရာဇာတို့၊ ဇော်ဇော်တို့ဆို ပေဒါပခုံးကို ဖက်ပြီး ကပ်ဖားနေကြသည်။ မွေးနေ့ရှင်ကိုအပ်ထားမှ ကိတ်မုန့်အရင်ဆုံးစားရမှာ မဟုတ်လား။

မိဘမဲ့ကလေးအများစုဟာ မိစုံဖစုံရှိတဲ့ ကလေးတွေထက်ပိုပြီး ခံစားတတ်ကြသည်။

အားငယ်တတ်ကြသည်။

သူတို့ခံစားချက်တွေကို ဖော်ပြတတ်တဲ့နေရာက အစဉ်အမြဲအားငယ်ပြီး အရောင်ဖျော့နေတဲ့ မျက်လုံးလေးတွေပေါ့။

ဒီမျက်လုံးလေးတွေက မေတ္တာကို ငတ်မွတ်နေတာ၊ ဧည့်သည်တွေလာရင် ငေးပြီး လိုက်ကြည့်နေတတ်တာမို့ သူတို့တွေရဲ့ခံစားချက်အတိမ်အနက်ကို စတယ်လာက ရင်နှင့်ရင်းပြီး နားလည်နေပြီဖြစ်သည်။

တချို့ကလေးတွေဆို မိသားစုသိုက်သိုက်ဝန်းဝန်း လာပြီးနေ့လာကျွေးတဲ့အခါ အတင်းကို ဖက်တွယ်ထားပြီး လိုက်သွားချင်ကြသည်။ မနည်းကို ချော့မော့ဖျောင်းဖျပြီး ပြန်ခေါ်ထားရတာ။ ဒါကို ကြည့်ခြင်းအားဖြင့် မိသားစုမေတ္တာ သူတို့ဘယ်လောက်တောင်ငတ်နေတယ်ဆိုတာ သိသာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . သမီးလေး ခွာညိုက ကိုကိုဗေဒါကို အာဘွား ပေးလိုက်ဝါဦး'

အာဘွားပေးတတ်နေပြီဖြစ်သော ခွာညိုလေးက ဗေဒါ၏ပါးလေးကို သူ့နှုတ်ခမ်းလေးဖြင့် ဖိကပ်ပြီး 'ဘွား'ဆိုပြီး နမ်းပါသည်။ ဘာပြောကောင်းမလဲ. . ကိုကိုကြီးဗေဒါက လူပုံအလယ်မှာ ကျေနပ်ပြီး ပီတိကိုဖြစ်လို့။

ထိုနောက် သူက ခွာညိုလေးကို ပြန်ပြီးနမ်းပါသည်။

'ကဲ. . ကိုကိုဗေဒါက ညီမလေးလက်ကိုကိုင်ပြီး ကိတ်မုန့်လှီးမယ်'

ကုပ်ဝဲဆံပင်ရှည်ရှည်လေးနှင့် ခွာညို့ပုံစံလေးက တကယ့်အရုပ်တလေးနှင့်တူသည်။

စတယ်လာက ဒီနေ့ ခွာညိုလေးကို ဂါဝန်လှလှလေးဝတ်ပေးထားပြီး ဆံပင်မှာ ဖဲပြားလှလှလေး ချည်ပေးထားသည်။

ခွာညိုလေးကိုကြည့်ပြီး ဗေဒါပျော်နေပါသည်။ သူတို့မောင်နှမနှစ်ယောက် မွေးနေ့ပွဲကျင်းပရတာကို ဂုဏ်တွေယူပြီး ဘဝင်မြင့်ချင်လာသည်။

အနားမှာ သူငယ်ချင်းတွေ ဝိုင်းပတ်ပြီး ဗေဒါ့ဆီက ကိတ်မုန့်ကို မျှော်နေကြသည်။





ဗေဒါကလည်း ပြတ်သည်။

သူ ပထမဆုံးလှီးသော ကိတ်မုန့်ကို သူ့ညီမလေးပါးစပ်ထဲ အရင်ခွံ့လိုက်ပါသည်။

'ဗေဒါ. . ငါ့ကိုကျ မကျွေးဘူးလား'

'ဟုတ်တယ်. . သူ့ညီမကျ အရင်ကျွေးတယ်၊ သွား. . နင့်ကိုမခေါ်တော့ဘူး'

ကလေးတွေဆိုတော့ ဘာလေးပဲဖြစ်ဖြစ် ဦးစားပေး ခံချင်သည်။ သူအရင်ရမှ ငါအရင်ရမှ တစ်ယောက်တစ်ပေါက် ဆူညံနေသည်။

ဗေဒါကလည်း စွာသည်။

'မခေါ်နေပေါ့. . ငါလည်း နင့်ကို မကျွေးဘူး'

'အီး. . ဟီး. . ဗေဒါ စိတ်ပုပ်ကြီး. . ငါ့ကို မကျွေးဘူးတဲ့၊ နင် ငါ့ကိုမကျွေးရင် ငါက နင့်ကိတ်မုန့်ကို ဟောသလိုလွှင့်ပစ်လိုက်မယ်'

စိန်ကြည်မက ဗေဒါထက် နှစ်နှစ်ကြီးပေမယ့် သူ့ဉာဏ်ရည်က ဗေဒါထက် ပိုပြီးနိမ့်ပါသည်။ ထို့ကြောင့် သူ့ကို စာလည်း သင်လို့မရပါ။ ခုလည်း ဗေဒါတို့မွေးနေ့ကိတ်မုန့်ကို ဆွဲယူပြီး လွှင့်ပစ်လိုက်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မီးမီးကိတ်မုန့်ကြီး ကျသွားပြီ. . ဟီး. . ကိုကိုရေ. . မီးမီး ကိတ်မုန့်ပြန်ယူပေး. . ဟီး'

မွေးနေ့ပွဲက အပျော်ပွဲကနေ အငိုပွဲဖြစ်သွားပါသည်။ ညီမ ငိုသံ ကြားတော့ ဗေဒါသည် စိတ်တွေတိုပြီး ဒေါသထွက်ကာ စိန်ကြည်မကို တွန်းလှဲပြီး မျက်နှာကို လက်သည်းဖြင့် စိတ်ရှိလက်ရှိဆွဲကုတ်ပစ်လိုက်သည်။

စိန်ကြည်မက တစ်ဆောင်လုံးကြားအောင် အသံကို ပြဲလန်နေအောင် အော်ငိုတော့သည်။

ဆရာမတွေ ဝင်ပြီး လူချင်းကွဲအောင် မနည်းဆွဲယူလိုက်ရသည်။ စိန်ကြည်မပါးမှာ အစင်းရာတွေ ထင်ပြီး သွေးတောင်မှစို့နေသည်။

ဗေဒါက ဒေါသတွေ မပြေသေးဘဲ ရှူးရှူးရှဲရှဲဖြစ်နေသည်။

'အစ်မရေ. . ဒုက္ခပဲ၊ ဆရာမကြီး နိုးလာပြီ၊ ပြဿနာတော့ကြီးပြီရှင်'

နော်စေးဖောက မျက်စိပျက်မျက်နှာပျက်ဖြင့် လာပြော၏။ သူပြောသလို ပြဿနာက အကြီးကြီးပဲပေါ့။

စတယ်လာလည်း ရှိသမျှ ခေါင်းမွေးတွေ အကုန် ထောင်ကုန်သည်။





'ဘာတွေဖြစ်နေကြတာလဲဟင်. . ကလေးတွေ ဒီလောက်ဆူနေတာ ဘယ်သူမှမထိန်းကြဘူးလား'

ဆရာမကြီးအသံက ဟိန်းပြီးထွက်လာသည်။

ကလေးတွေက ဆရာမကြီးဆို တုန်နေအောင် ကြောက်ကြသည်။ စည်းကမ်းကို အလေးထားသူမို့ အပြစ်ရှိလျှင် ရှိသလို ဆုံးမတတ်သည်။

ကိုယ့်အိုး ကောင်းချင်ရင်တော့ နာနာပုတ်ရမှာပေါ့ ဆိုတာ ဆရာမကြီးရဲ့လက်သုံးစကားပင်။

စတယ်လာမှာ ဖုံးဖိဖို့ပင် အချိန်မရလိုက်။ ဆရာမကြီးက အကြောင်းစုံသိသွားခဲ့သည်။

'ဘယ်သူ့မှာ အပြစ်ရှိသလဲ. . 'လို့ တစ်ခွန်းတည်းသာ မေးလိုက်ရသည်။ ကိုယ့်လုပ်ရပ်အတွက် ကိုယ်တာဝန်ယူရဲသော ဗေဒါလေးက လက်ညှိုးတစ်ချောင်းထောင်ပြီး

'သားမှာ အပြစ်ရှိပါတယ်'

ဟု ပြတ်သားစွာ ဝန်ခံလေသည်။

'ကောင်းပြီ. . ကိုယ့်အပြစ် ကိုယ်ဝန်ခံတဲ့အတွက် ဆရာမကြီးက မရိုက်တော့ဘူး၊ ဒါပေမယ့်. . မင်း ဒီအဆောင်ရှေ့ ထွက်ပြီး တစ်နာရီ ဒူးထောက်နေရမယ်၊ ကြားလား'



www.burmeseclassic.com

www.burmeseclassic.com



ဗေဒါသည် ပထမတစ်ကြိမ် ဝမ်းနည်းရတာက သူ့အိပ်ရာ မှနိုးလာတော့ မမကြည်ပြာ ပျောက်သွားခဲ့လို့ဖြစ်သည်။

ဒီတစ်ခါကျတော့ ရင်ထဲမှာနာကျင်နေသည်။ သူခံစားရတဲ့ ဝေဒနာတွေအတွက် သရုပ်မခွဲတတ်ပေမယ့် ညီမလေးခွာညို မွေးနေ့မှာ အပျော်တွေ ပျောက်ဆုံးသွားတာကိုပဲ စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းမိသည်။

ပိန်းပိတ်အောင် မှောင်နေသော လမိုက်ညမှာ မှိန်ပျပျလေး လင်းနေသော လမ်းမီးတိုင်လေးအောက်မှာ ငါးနှစ်အရွယ် ကလေး လေးတစ်ယောက် အံကိုကြိတ်၊ လက်သီးကိုဆုပ်ကာ ဒူးထောက်နေ သည်။

ခွာညိုလေးက ဗေဒါကို ကြည့်ပြီး ငိုနေလို့ မနည်းချော့ပြီး ပေးအိပ်လိုက်ရသည်။

ရှေ့ဘဝက ဘယ်လိုဇာတ်ရေစက်တွေ ပါလာလို့ ဒီကလေး နှစ် ယောက် သံယောဇဉ်တွေ တွယ်နေကြသလဲ မပြောတတ်ပါ။

ဗေဒါသည် ဒီလိုအရွယ်လေးမှာပင် ခွာညိုအတွက် ဘာမ ဆိုရင်ဆိုင်ရဲသည့်စိတ်ဓာတ် ရှိနေပြီဖြစ်သည်။

သို့သော်လည်း ခွာညိုလေးရဲ့ဘဝကို ဘယ်သူမှ မပိုင်ပါ တစ်နေ့ကျရင် ဒီကလေးနှစ်ယောက် မလွဲမသွေ ခွဲခွာရဦးမှာ. .





ဗေဒါလည်း သူ့အစ်မ ပြန်ထွက်လာရင် လာပြန်ခေါ်သွား မှာပဲ။

ခွာညိုရဲ့ဘဝက ပိုပြီး စိတ်ဝင်စားဖို့ကောင်းနေသည်။

သူ့ရဲ့မျိုးနွယ်၊ သူ့ရဲ့အဆင့်အတန်းနှင့် သူ့အသိုင်းအဝိုင်း က ဘယ်လိုမှမနိမ့်ပါးနိုင်တာ သူမမျက်နှာလေးက သက်သေခံနေလို့ ဖြစ်သည်။

ပဟေဠိဆန်သော ကလေးမလေးရဲ့ဘဝက ဘာတွေဆက် ဖြစ်လာဦးမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

'ညီမလေးရေ. . တာ့တာ. . ညနေ ကိုကိုကျောင်းက ပြန်

လာရင် မုန့်ဝယ်လာမယ်နော်'

ကျောင်းစတက်နေပြီဖြစ်သော ဗေဒါက ခွာညိုလေးကိုရေ

နိုင် မခွာရက်ဖြင့် နှုတ်ဆက်နေသည်။

စတယ်လာကိုလည်း ကပ်ပြီး မှာရသေးသည်။

'အန်တီမေမေ. . သားမရှိတုန်း ဧည့်သည်တွေလာရင် ညီ

လေးကို ဝှက်ထားပေးနော်'

'အေးပါ သားရယ် ကျောင်းနောက်ကျနေဦးမယ် သွားတော့

နော်'





ဗေဒါထက် အတန်းကြီးတဲ့ ကလေးတွေက ကျောင်းသွား တိုင်း ဗေဒါ့ကို စောင့်ပြီး ခေါ်သွားရသည်။ ဗေဒါကလည်း ဗေဒါပါ ပဲ။ သူ့ညီမကို လည်ပင်းကလေး လိမ်ပြီး မျက်စိတစ်ဆုံး ကြည့်ပြီးမှ ပါသွားရှာတာ။

သူ့အတွက်ပေးလိုက်တဲ့ မုန့်ဖိုးမဖြစ်စလောက်လေးကို ဘာ မှမဝယ်စားဘဲ ကျောင်းဆင်းတိုင်း သူ့ညီမကြိုက်တတ်တဲ့မုန့်ကလေး တွေ ဝယ်လာပေးလေ့ ရှိသည်။

ခွာညိုလေးကလည်း ဗေဒါ မရှိလျှင် ငြိမ်ပြီးနေတတ်သည်။ တစားခြင်းဆော့ခြင်းမရှိဘဲ သူ့ဘာသာ သီးသန့်တစ်ယောက်တည်း သာ နေနေတော့သည်။

သူ့အစ်ကိုပြန်လာမှ အသံပြန်ထွက်ပြီး ရွှင်ရွှင်ပျပျဖြစ်လာ တာ နှစ်ယောက်အတူကစားကြသည်။

ဤကား သူတို့နှစ်ယောက်၏ နေ့စဉ်ဘဝတွေပင် ဖြစ်၏။ တစ်ပတ်မှာ နှစ်ရက်ပိတ်သော ကျောင်းပိတ်ရက်တွေမှာဆို ဗေဒါက သူ့ညီမအလိုကျ ပန်းလိုချင် ပန်းခူးပေးရသည်။ သံယောဇဉ် ကြီးမား သောသူတို့နှစ်ယောက်ကို အားလုံးက အသိအမှတ်ပြုထားရသည်။

ဗေဒါ ဆိုတဲ့ သူ့ဘဝမှာ ချစ်စရာကောင်းသော၊ ညီမလေး တစ်ယောက်လို ချစ်ရသော ခွာညိုလေး ရှိနေလို့သာ မကျေနပ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာ။ တခြားသူတွေနှင့်ဆက်ဆံတဲ့အခါ ဘာလိုနေမှန်းမသိဘဲ သိပ်ပြီး အဆင်မပြေလှပါ။

ကံကြမ္မာဆိုတာ ကြိုမြင်ရတာမျိုးမဟုတ်တဲ့အတွက် ဗေဒါရဲ့ဘဝဟာလည်း ရှေ့လျှောက် ဘာတွေဖြစ်လာနိုင်မလဲ. . . .

နုနယ်ငယ်ရွယ်တဲ့ ကလေးနှစ်ယောက်ကတော့ ပစ္စုပ္ပန်မှာ အပူအပင်ကင်းစွာ ကြောင့်ကြခြင်းမဲ့စွာ စားချိန်တန်လျှင် စားမည်။ ကစားချိန်ကျတော့ ကစားမည်။

ဘာအပူမှမရှိတဲ့အတွက်လည်း လေတိုက်လျှင် အေးမှန်းသိပြီး နွေပေါက်လျှင် ပူမှန်းသိကြပါသည်။

ကံဆုံလို့ သံယောဇဉ်မကုန်တဲ့ သူတို့နှစ်ယောက်ကို တစ်နေ့မှာတော့ ကံကုန်စေမယ့် အကြောင်းအရာတစ်ခုက ကြမ္မာငင်စွာ ဝင်ရောက်လာခဲ့သည်။

ထိုနေ့က ဗေဒါ ကျောင်းသွားတက်နေပြီး ခွာညိုက နော်စေးဖောနှင့်အတူဆော့နေခဲ့သည်။

နော်စတယ်လာက ကလေးတွေအိပ်သော ခေါင်းအုံးစွပ်နှင့် အိပ်ရာခင်းတွေကို အသစ်လဲပေးနေချိန်မို့ ညှိသည်လာတာ မသိလိုက်ပါ။ ထိုအသိလေးတစ်ချက်လွတ်သွားတာကပင် ဗေဒါအတွက် ဝမ်းနည်းစရာတွေ ဖြစ်လာခဲ့ပါသည်။





ဖိတ်ဖိတ်လက်နေသော မာစီဒီးကားကြီးတစ်စီးသည် မိဘမဲ့ကလေးများဂေဟာရှေ့သို့ ထိုးရပ်လာခဲ့သည်။

ကားရှေ့ခန်း ဒရိုင်ဘာနံဘေးမှာထိုင်လာသော ရှီးမစံအိမ်၏အိမ်တော်ထိန်းလည်းဖြစ်၊ မန်နေဂျာလည်းဖြစ်သော ဦးသုခသည် ကားရပ်လိုက်သည်နှင့်ဆင်းပြီး နောက်ခန်းမှာထိုင်လာသော သူဌေးကြီးဦးဝန်မင်းကို အရိုအသေပေးကာ တံခါးဖွင့်ပေးသည်။

ဥပမိရုပ်တည်ကြည်ခန့်ညားသော အသက်ငါးဆယ်ကျော်အရွယ်လူကြီးတစ်ယောက် ဆင်းလာသည်။

မြန်မာပြည်၏ ထင်ရှားသော အထင်ကရဟိုတယ်ကြီး သုံးခုတွင် ရှယ်ယာအများဆုံး ထည့်ဝင်ထားသော သူဌေးကြီးမို့ ဂျာနယ်တော်တော်များများတွင် သူ့ပုံတွေ ပါဖူးသည်။ အလှူအတန်း ရက်ရောသူအဖြစ် သူ့အမည်ဂုဏ်သတင်းက မွှေးပါသည်။

ဆရာမကြီးသည် ဦးဝန်မင်းကို တွေ့သည်နှင့် တန်းပြီးမှတ်မိနေသည်။ ထို့ကြောင့်လည်း ပျူငှာစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ရင်း

'ကြွပါရှင့် . . ကြွပါ. . ကျွန်မ ဘာများ အကူအညီ ပေးရမလဲရှင့်'

'ဒီမှာ ဘာတွေလိုအပ်သလဲလို့လာကြည့်ရင်း ကလေးတွေအတွက် လှူဒါန်းချင်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကလေးတွေကို အရင်လိုက်ကြည့်ဦးမလားရှင်'

ဆရာမကြီးက ပါးနပ်စွာပင် ဖိတ်ခေါ်ပါသည်။ ဒီလို ဒိတ်ဒိတ်ကြဲသူဌေးကြီးတစ်ယောက်လုံးလာတဲ့အချိန်မှာ ကိုယ့်ကလေးတွေထဲက တစ်ယောက်ဖြစ်ဖြစ် နှစ်ယောက်ဖြစ်ဖြစ် မွေးစားသွားလျှင် ကလေးတွေအတွက် ထီပေါက်တာပါပဲ။

သူမ ဖိတ်ခေါ်တာကိုလည်း သူဌေးကြီးက လိုလားစွာပင် သဘောတူလေသည်။

'သွားကြမယ်လေ'

အခန်းထဲမှာ ရှိနေသော ကလေးများသည် ဦးဝန်မင်းတို့ တွေ့သည်နှင့် မေတ္တာငတ်မွတ်စွာ ငေးငေးလေးကြည့်နေကြသည်။

ဦးဝန်မင်းသည် ယောကျ်ားလေးတွေထက် မိန်းကလေးတွေကို ပိုပြီးချစ်ခင်ပုံရသည်။ သူဌေးပေမယ့် ဟိတ်ဟန်မရှိဘဲ နူးညံ့ညင်သာစွာ ဆက်ဆံသည်။ ပြုံးနေသော သူ့ရုပ်သွင်က အေးချမ်းလွန်းလှသည်။

ဆရာမကြီးနော်အယ်ထူးက ခွာညိုလေးကို ဖျတ်ကနဲသတိရလိုက်သည်။

'ခွာညိုရော. . ခွာညို ဘယ်မလဲ'

'စေးဖောနဲ့ ဆော့နေတယ်'





ကလေးတွေက ပြန်ဖြေကြသည်။

'ဦးဝန်မင်းရေ. . ခဏလေးနော် ကလေးလေးတစ်ယောက် ကျွန်မ သွားခေါ်လာပြမယ် သိလား. . . အင်မတန်မှ. . ထူးဆန်းတဲ့ ကလေး၊ လာကတည်းကိုက သူ့ကိုယ်မှာ အမှတ်အသားနဲ့'

ဦးသုခက ချက်ချင်းပင် အဆောတလျင်ဝင်မေးသည်။

'ဘယ်လိုအမှတ်အသားလဲ ဆရာမ'

'ပန်းပုံလေးပဲ ကျွန်မအထင်တော့ ချယ်ရီပန်းလားမသိဘူး'

'ဒီကလေး ရောက်လာတာ ကြာပြီလား ဆရာမ'

'အင်း. . နှစ်နှစ်လောက်တော့ ရှိပြီ'

ခွာညိုမျက်နှာကလေးကို တွေ့ရင် ဒီသူဌေးကြီး မွေးစားချင်စိတ်ပေါက်သွားမှာပါ။

ချစ်စရာကောင်းလွန်းတဲ့ကလေးကို စတယ်လာဆိုတဲ့မိန်းမက ဘယ်လိုရည်ရွယ်ချက်နဲ့များ ဝှက်ထားသလဲမသိပါ။ ဧည့်သည် လာတိုင်း ခွာညိုလေးရှိမနေတာ သူမ သတိထားမိသည်။

နော်စေးဖောသည် ခွာညိုလေးကိုချီပြီး ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။ ခွာညိုဆိုတဲ့ ကလေးလေးက ဦးဝန်မင်းကို တွေ့သောအခါ ရင်းရင်းနှီးနှီးရှိဟန်ဖြင့် လှိုက်လှိုက်လှဲလှဲပြုံးပြပါသည်။

မျက်သားကလေးတွေ ဖြူစင်ပြီး မျက်ဆံနက်နက်လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဖွဲ့တည်ထားတဲ့ ခွာညိုရဲ့မျက်လုံးကလေးတစ်စုံဟာ တောက်ပပြီး စကားပြောနေကြသည်။

ထိုမျက်လုံးကြောင့်. . ထိုမျက်လုံးလေးကြောင့် ဦးဝန်မင်းက ခွာညိုကိုခေါ်ဖို့ သေချာသွားသည်။

တစ်ယောက်သောသူနှင့် တစ်ထေရာတည်း တူနေသော တလေးလေးသည် သူ့အား မမှိတ်မသုန်ကြည့်နေပါသည်။

'သူလေးက ခွာညိုလား'

'ဟုတ်ပါတယ်ရှင့်'

'ခုနက ဆရာမပြောတဲ့ အမှတ်အသား ကျွန်တော် ခဏကြည့်လို့ ရမလား'

ဆရာမကြီးက ခွာညို၏အင်္ကျီကလေးကို အသာမ,တင်ပြီး နောက်ကျောမှ ပန်းပုံစံအမှတ်အသားကို ပြပါသည်။

ဦးသုခ၏ မျက်ဝန်းတွေက ဦးဝန်မင်းကို အဓိပ္ပာယ်ရှိစွာကြည့်သည်။ ဦးဝန်မင်းက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

ဦးသုခက ဆရာမကြီးအား

'ဒီကလေးကို ကျွန်တော်တို့သူဌေးက အမွေစား အမွေခံ မွေးစားပါလိမ့်မယ်. . ဆရာမအနေနဲ့ ဘာတွေလိုအပ်တယ် ဆိုတာ ကျွန်တော့်ကိုပြောပါ ခင်ဗျ'





'တကယ်ဆုံးဖြတ်လိုက်ပြီပေါ့နော်၊ ဝမ်းသာလိုက်တာရှင်. . သူဌေးကြီးအနေနဲ့ ဒီကလေးကို. . မိဘရင်းသဖွယ် သဘောထားပြီး မေတ္တာပေးနိုင်ပါစေလို့ ကျွန်မ တောင်းဆိုပါရစေ'

ဆရာမကြီးက အလေးအနက်ထားပြီးပြောသမျှကို ဦးဝန်မင်းက သဘောတူသည်ချည်းသာ။

'စိတ်ချပါ ဆရာမ. . ဒီကလေးကို ကျွန်တော် မြင်မြင်ချင်း [illegible]သဘောကျပြီဖြစ်တာပါ၊ သူ့ဘဝတစ်လျှောက်လုံး ကံကောင်းခြင်းတွေ[illegible] လာတော့မှာပါဗျာ'

ဆရာမကြီး မျက်နှာပြုံးရွှင်နေသည်။

မန်နေဂျာ ဦးသုခက

'ဒီလိုဆို ဒီနေ့ပဲ ကလေးကို ခေါ်သွားချင်တယ် ဆရာမ' ဟု တောင်းဆိုလာခဲ့သည်။ ဂုဏ်သရေရှိ လူကြီးလူကောင်း[illegible]ယောက်မို့ သူတောင်းဆိုတာကို လက်ခံဖို့ ဆရာမကြီးက ဆုံး[illegible]လိုက်သည်။

နောက်တစ်ခုက ဗေဒါ။

ဒီကလေး ကျောင်းမှပြန်လာပြီး ခွာညိုကို မွေးစားမယ့်သူ[illegible]သာမှန်း သိသွားပါက အမျိုးမျိုးရစ်ပြီး အတိုက်အခံလုပ်ဦးမည့်[illegible]ရှုန်ကို ကြောက်ရသည်မို့ ဆရာမက ခွာညိုကလေးကို တစ်ပါ

www.burmeseclassic.com



တည်းထည့်ပေးဖို့ စီစဉ်စရာရှိတာကို ခပ်သွက်သွက်ပင် စီစဉ်လိုက်ရသည်။

နော်စေးဖောလာပြောမှသိရသော စတယ်လာသည် ဆရာမကြီးရုံးခန်းသို့ တန်းနေအောင်ပြေးလာသည်။ အလာကောင်းသော်လည်း အခါနှောင်းခဲ့လေပြီလား။ သားလေးဗေဒါပြန်လာလျှင် ဘယ်လိုပြောရမှာလဲ။ သူ့စိတ်ကို ပြေပျောက်သွားအောင် ဘာနဲ့ ဖြေသိမ့်ပေးရမှာလဲ။

ဧည့်ခန်းထဲမှာ ဆရာမကြီးနှင့် ဧည့်သည်တွေ စကားပြောနေကြသည်။ ခွာညိုလေးက ဧည့်သည်တစ်ယောက်ရဲ့ပေါင်ပေါ်မှာ ထိုင်ပြီး သူ့လက်ကလေးတွေနဲ့ ဧည့်သည်လက်ကို ကိုင်ဆွဲထားသေးသည်။

သူနှင့်တစ်ခါမှမတွေ့ဖူးတဲ့ သူစိမ်းတစ်ယောက်ဖြစ်ပေမယ့် ခွာညိုတာ ကြောက်နေ ရှိန်နေတာမျိုး မရှိဘဲ တရင်းတနှီးဖြစ်နေတာ ထူးဆန်းလှသည်။ စတယ်လာ၏ ခြေလှမ်းတွေ အခန်းဝတွင် တုန့်ခနဲ ရပ်သွားသည်။

ဆရာမကြီးက စတယ်လာကို မြင်သွားပြီး လှမ်းမေးသည်။

'စတယ်လာ ဝင်ခဲ့လေ၊ ဘာလဲ နင့်သမီးကို လာနှုတ်ဆက်တာလား'





'ခွာညိုကို . . အခု တစ်ပါတည်း ထည့်လိုက်တော့မှာလား ဆရာမ'

'ဟုတ်တယ်လေ'

'တစ်ရက် နှစ်ရက်တော့ သူ့သူငယ်ချင်းတွေနဲ့ နေပါစေဦးလား ဆရာမရယ်'

'ဟော . . . ကြည့် . . တွေ့လား . . သူကလေ ကလေးတစ်ယောက်ထွက်သွားတိုင်း ဝမ်းနည်းလို့မဆုံးတော့ဘူးလေ အားလုံးကို သူ့သားသမီးလိုပဲ သဘောထားနေတာ'

ဦးဝန်မင်းသည် သူ့ဘက်မှ ပြောစရာစကားများ ကုန်သွားပြီဖို့ ခွာညိုလေးကိုချီပြီး မတ်တပ်ရပ်လိုက်သည်။

ဦးသုခက သူ့သူဌေးလက်ထဲမှခွာညိုလေးကို အလိုက်တသိ ဝင် ချီပေးဖို့ တောင်းယူပါသည်။

'ရတယ် . . သုခ၊ သူ့ကို ငါပဲ ချီမယ်'

ကလေးကိုပွေ့ချီပြီးထွက်ခွာသွားသော ဦးဝန်မင်း၏နောက်ကျောပြင်သည် စတယ်လာအမြင်အာရုံမှာ ဝေဝါးလာခဲ့သည်။ သူမမျက်ရည်တွေ ကျလာပြန်ပြီပဲ။

ဆရာမကြီးက စတယ်လာပခုံးကို ခပ်ဖွဖွပုတ်ရင်း ချော့မော့နှောင်းဖျ ရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'သူတို့လေးတွေ ဘဝ ကောင်းစားသွားတာလေ. . အမြင့်ကိုရောက်သွားတာပဲ စတယ်လာရယ်. . ငါတို့ဖြေသိမ့်နိုင်ရမှာပေါ့'

ပြောကာမှ စတယ်လာက ပိုပြီး ငိုတော့သည်။

'ဗေဒါလေးကို သနားလို့ပါ. . သူတို့နှစ်ယောက်က သူများတွေထက်ပိုပြီး ခင်တွယ်ကြတာ ကျွန်မအသိဆုံးပဲ'

'ကံကုန်ရင် ခွဲရမှာပဲလေ ဗေဒါ့အစ်မလည်း လွတ်လာတော့မှာ၊ သူ့မောင်လေး သူလာပြန်ခေါ်တော့မှာလေ ငါ့သဘောကတော့ ခုနက သူ့ငွေကြီးကို ဗေဒါလေးပါ ပြုပြီး မွေးစားစေချင်တာ. . ဒါဆို သူတို့နှစ်ယောက် မခွဲရတော့ဘူးပေါ့. . ဗေဒါမှာက အုပ်ထိန်းသူရှိနေသေးတော့ ငါ ဘာမှမပြောသာတော့ဘူး စတယ်လာရယ်'

***



အခန်း(၈)

ဗေဒါသည် ကျောင်းလမ်းကလေးအတိုင်း ပျော်မြူးစွာ ခုန်ခေါက်ပြီး လတ်တလော သူတို့ရဲ့အိမ်ဖြစ်တဲ့ မိဘမဲ့ဂေဟာဆီသို့ပြန်လာနေသည်။ လက်ထဲမှာလည်း ခွာညိုလေးကြိုက်တတ်တဲ့ ဆီးတော်[illegible]ကလေးကို ကိုင်ထားသေးသည်။

ဗေဒါအတွက်တော့ ကျောင်းတက်ချိန်ဆို စိတ်တွေနောက်ကျိ[illegible]ပြီး လေးလံသလောက် ကျောင်းဆင်းချိန်တွေမှာ လွတ်လပ်ပေါ့ပါးပြီး ပျော်ရွှင်ရသည်။

ညီမလေးကို သူ အဲသလောက် ချစ်ရပါသည်။ တွယ်တာ[illegible]ပါသည်။

ကြည်လင်နေသော သူ့စိတ်ကလေးတွေသည် ဂေဟာထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသော မာစီဒီးကားကြီးကို တွေ့လိုက်ပြီးနောက်တွင် ချက်ချင်းဝင် စိုးထိတ်သွားသည်။

ညှော်သည်တွေ လာကြပြီပဲ. . အန်တီမေမေက ညီမလေးကို ပြလိုက်လေမလား. . သံသယစိတ်တွေ ကြီးစိုးလာပြီး သူ့ဘေးနားမှ ထိုကားကြီး ဖြတ်သွားချိန်တွင် အသည်းအသန်လိုက်ကြည့်မိသည်။

ညီမလေးများ ပါသွားလေသလား. .

'ကိုကိုရေ. . ကိုကိုပေဒါရေ. . မီးမီး ဒီမှာ'

သူ နားကြားမမှားတာ သေချာပါသည်။ ခွာညိုလေးသည် မှန်အလုံပိတ်ထားသောကားထဲမှ သူ့ကိုအော်ခေါ်ပြီး လက်ပြနေ[illegible] သည်။ ရုတ်တရက်ဝေခွဲမရဖြစ်နေချိန်တွင် ဝမ်းနည်းစိတ်က ရင်[illegible] မှာ လှိုက်လှိုက်ပြီး တက်လာသည်။

'ညီမလေးရေ. . မလိုက်သွားပါနဲ့၊ ပြန်လာပါ. . ကိုကို့[illegible] ပြန်လာပါ. . ညီမလေး'

ကားကြီးက တဖြည်းဖြည်း ဝေးဝေးပြီး သွားသည်။ ပေ[illegible] သည် ကားနောက်မှတောက်လျှောက်ပြေးပြီး လိုက်လာခဲ့သည်။ သူ[illegible] အရွယ် သူ့အားကလေးနှင့် ဇောကပ်ပြီး မောရ ပန်းရမှန်း မသိ[illegible] သူ့ခြေထောက်တွေကို အားပြုကာ မိုက်မဲစွာပင် ကားဘီးတွေ[illegible]





[illegible]နေမိသည်။ ဦးဝန်မင်းသည် သူ့ကားဒရိုင်ဘာအား ကားကို [illegible]မြန် မောင်းရန် အမိန့်ပေးလိုက်သည်။

ခွာညိုလေးက ပေဒါကိုတွေ့သောအခါ အော်ငိုပြီး သောင်း[illegible]ကျန်းနေပြီမို့ ဒီကလေးနှစ်ယောက်၏သံယောဇဉ်ကို တွက်ဆမိပြီး

'သမီးလေးခွာညို၊ ဘိုးဘိုးတို့ နောက်နေ့ကျမှ [illegible]ပြန်ခေါ်[illegible]ယ်လေနော်'

'တကယ်လား ဘိုးဘိုး. . . တကယ်နော်. . ကိုကိုပေဒါကို [illegible]ခေါ်မှာနော်'

'ဒါပေါ့ကွ. . . တိတ်နော်. . တိတ်တော့၊ သမီးမျက်ရည် [illegible] ဘိုးဘိုးမကြည့်ချင်တော့ဘူး. သမီးလေး ဝဋ်ကြွေးတွေပါလာခဲ့ [illegible]လည်း ဒီမှာပဲ ကြေဖို့ကောင်းပါပြီလေ'

ခွာညိုသည် ဘိုးဘိုးလို့ပြောတဲ့လူကြီး သူတစ်ယောက်တည်း [illegible]တွေပြောနေမှန်း မသိပေမယ့် ကိုကိုပေဒါကို မျက်စိတဆုံးငေး[illegible]ကြည့်ရင်း မျက်ရည်တွေ စီးကျမြဲပင်။

ကားကြီးက အမြန်မောင်းထွက်သွားတော့. . . ပေဒါသည် [illegible]လို့ မမီတော့မှန်း၊ မဖြစ်နိုင်တော့မှန်းသိပြီး လမ်းပေါ်မှာ အရုပ် [illegible]ဖြတ် ဒူးထောက်ထိုင်ချလိုက်ပြီး

'ညီမလေး. . .'



www.burmeseclassic.com

www.burmeseclassic.com



ဟု နာကျင်ကြေကွဲစွာ အော်ရင်း ကျန်ခဲ့တော့သည်။ ဘာမှ မတော်မှန်းသိပေမယ့် သူသိပ်ချစ်ရတဲ့ ညီမလေးကို သူတို့အပြီးခေါ်သွားကြပြီလား။

ခွာညို မရှိတဲ့နေ့က စပြီး ပေဒါသည် ထမင်းလည်း မစား၊ ကျောင်းတက်ဖို့ပြောလည်း လက်မခံဘဲ တစ်ချိန်လုံး ငေးငိုင်ပြီးငြိမ်ကျသွားတော့သည်။ အချိန်ရှိသရွေ့ သူတို့နှစ်ယောက် ဆော့ကစားခဲ့သည့်နေရာလေးမှာ ထိုင်ပြီး ငေးမောနေတတ်သည်။

စတယ်လာသည် ပေဒါလေးကိုကြည့်ပြီး စိတ်မကောင်းသဖြင့် မျက်ရည်ကျရတာလည်း ခဏခဏပင်။

ဆရာမကြီးက ကရုဏာဒေါသဖြင့် မစားရကောင်းလား . . ကျောင်းမသွားရကောင်းလားဆိုပြီး ဆူပူမာန်မဲတိုင်း ရိုက်ဖို့ရွယ်တိုင်း စတယ်လာက ဝင်ပြီး တားလေ့ရှိသည်။

ကလေးရဲ့စိတ်ထဲမှာ ခံစားနေရတဲ့အတိုင်းအတာကို လျော့သွားအောင် ဘယ်လိုလုပ်ပေးရမလဲလို့ စဉ်းစားသင့်သည်။ ဒဏ်ရာတိုးပိုဆိုးလာအောင် အနာတရဖြစ်အောင် မလုပ်သင့်ဘူးလို့ စတယ်လာက ယူဆလေသည်။

ပေဒါရဲ့အဖြစ်က ဘယ်လောက်တောင်ဆိုးသလဲဆိုရင် . . စကားမပြောတော့တာက သက်သေမို့ ဆရာမကြီးက စိုးရိမ်ပြီး . .





ဒေါက်တာအောင်ခန့်ကို ခေါ်ပြီး ပြပေးပါသည်။

'ကလေးက စိတ်ထဲမှာ အရမ်းခံစားနေရတာမို့ ဝမ်းနည်းပြီး ပြောချင်စိတ် မရှိတာပါ. . . နေရာ အပြောင်းအလဲဖြစ်သွားရင် သူ့စိတ်ပြောင်းပြီး စကား ပြန်ပြောလာမှာပါ. . . ဘာမှ စိုးရိမ်စရာ မရှိပါဘူး'

ဒေါက်တာအောင်ခန့်ရှင်းပြမှ သူတို့လည်း ဟင်းချနိုင်တော့သည်။

'တော်သေးတာပေါ့ ဆရာရယ်၊ သူ့အစ်မကြည်ပြာက ရှေ့အပတ်ထဲမှာ ပြန်လာခေါ်မှာဆိုတော့. . အဆင်ပြေနိုင်ကောင်းပါရဲ့လေ'

စတယ်လာသည် ဒေါက်တာပြန်သွားပြီးနောက် ချယ်ရီပင်ကြီးအောက်တွင် တစ်ယောက်တည်းထိုင်နေသော ပေဒါလေးဆီသို့ လျှောက်လာခဲ့သည်။

'သားလေး. . ပေဒါ'

ပေဒါက ပြန်မထူးဘဲ မျက်လုံးကလေးလှန်ပြီး ကြည့်သည်။ ဘာလဲဆိုသည့် သဘော။

စတယ်လာက ပေဒါ့လက်ကလေးကို ဆွဲယူဖျစ်ညှစ်ရင်း

'သား. . ရှေ့အပတ်ကျရင် အိမ်ပြန်ရတော့မယ်နော် သား



www.burmeseclassic.com

www.burmeseclassic.com



မခကြည်ပြာက လာခေါ်တော့မှာ. . သား မပျော်ဘူးလားဟင်'

စကားသံလေး ထွက်လိုထွက်ငြား အစ်ကြည့်သော်လည်း ဗေဒါဆီမှ ဘာတုံ့ပြန်မှုမှမရပါ။ ပျော်သွားတဲ့ပုံလည်း မပေါ်ဘဲ ငေးမြငေးနေလေသည်။

'သားရယ်. . ဗိုက်မဆာဘူးလားကွယ်၊ မနက်ကတည်းက ထမင်းလည်း ဟုတ်တိပတ်တိမစားဘူး၊ သား စားချင်တာပြောလေ အန်တီမေမေ ဝယ်ကျွေးမှာပေါ့'

ဗေဒါက ခေါင်းကိုသာ တွင်တွင်ရမ်းပြနေသည်။ စတယ်လာက သူ့ကို ဗေဒါ ကြည့်သော အကြည့်များသည် အေးစက်တာစိမ်းတားသွားသည်ဟု ထင်ပြီး ဝမ်းနည်းမိသည်။

ဗေဒါများ သူမကို နာကြည်းသွားပြီလား။

သူ မရှိတုန်း ခွာညိုလေးကို ပေးရက်လေခြင်းဆိုပြီး မုန်းနေမှာလား. .

ပါးစပ်က ဖွင့်မပြောပေမယ့် ဗေဒါ့မျက်လုံးတွေက စကားတွေ အများကြီးပြောနေသည်။

'အန်တီမေမေ့ကို ခွင့်လွှတ်ပါ သားရယ်. . သားနဲ့ညီမလေးကို တကယ်မခွဲစေချင်တာပါကွယ်. . ဆရာမကြီးကလည်း သားကို ခွာညိုလေးနဲ့ ထည့်ပေးချင်တာပါ. . သားမှာက အုပ်ထိန်းသူ ရှိနေ





တော့ အန်တီတို့ ပေးပိုင်ခွင့်မရှိဘူးလေ'

ကလေးနားလည်အောင် ရှင်းပြနေရပေမယ့် ဗေဒါက စိတ်ဝင်စားပုံမပြပါ။

သူ့အနားမှာ လူရှိနေတာကို မကြိုက်ဘဲ စိတ်အနှောင့်အယှက်ဖြစ်နေပုံရပါသည်။

ခဏနေတော့ ဗေဒါသည် ထိုင်ရာမှထပြီး ပြေးသွားသည်။ သူ့အိပ်ရာထဲမှာ သွားပြီး ခွေအိပ်နေမှာပေါ့. . သိပ်ပြီး အစွဲကြီးတဲ့ တလေး။

ကလေးဘဝကတည်းက ဒီလောက်ခံစားတတ်တဲ့ ကလေး။ လူကြီးဖြစ်လာတဲ့တစ်နေ့၊ အရွယ်ရောက်လာတဲ့တစ်နေ့ကျရင် သူ့ခံစားချက်တွေ ပိုပြီး ပြင်းထန်လာမှာ သေချာလေသည်။

**



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ဘဝမှာ ကိုယ်မလိုချင်တဲ့အစိတ်အပိုင်းတွေကို ဖလင်ဆေးသလို ဆေးပြီး ဖြတ်၊ ညှပ်၊ ကပ် လုပ်လို့ရရင် ဘယ်လောက်ကောင်းမလဲ။

ဦးဝန်မင်းသည် အိပ်ပျော်နေသော ခွာညီလေးကိုကြည့်ပြီး ရင်ထဲတွင် ဆို့နင့်လာသည်။

သမီးလေး ပန်းချယ်ရီ မရှိတဲ့အချိန်ကစပြီး ဟောဒီ မျက်ရည်တွေက အတိုင်းအဆမရှိ စီးချင်တဲ့အချိန် စီးကျနေတာ. .

ချယ်ရီ. . သမီးလေး ကြားနိုင်ပါစေ။ ဖေဖေလေ သမီးရဲ့ ရင်သွေးလေးကို မရရအောင်ရှာပြီး ပြန်ခေါ်လာခဲ့ပြီသိလားသမီး ကျေနပ်မှာပါနော်. . သမီးမွေးခဲ့တဲ့သွေးကဖေဖေ့မြေးပဲပေါ့. . ဘယ်





လိုသွေးပဲ ရောရော. . သူက ဖေဖေ့မြေးပါပဲ။

သမီးရဲ့ကလေးကို ပြန်ခေါ်ဖို့အတွက် အချိန်တစ်ခုတော့ စောင့်ခဲ့ရတယ်. . လုပ်ဇာတ်တွေ အများကြီးသုံးခဲ့ရပါတယ်. . သမီး ဆန္ဒကို ဖြည့်ဆည်းပေးဖို့အတွက် ဖေဖေလုပ်ခဲ့တာလေ. .

အမိကကြ သူ့အဖေလက်ထဲ ပြန်ပါမသွားဖို့ပဲ. . သမီးဖြစ်စေချင်တာ ဒါပဲ မဟုတ်လား. .

စီးကျလာသောမျက်ရည်တွေကို လက်ခုံဖြင့်ပွတ်သုတ်ပစ်ရင်း အပြစ်ကင်းစွာ အိပ်မောကျနေသော မြေးမလေးကို တစိမ့်စိမ့် ထိုင်ကြည့်နေမိသည်။

ဒါဟာ သူ့သမီးလေးကို အလွမ်းဖြေနေတာလား. . . ဒါမှ မဟုတ် အလွမ်းပြေစေတာလား။

မြေးမလေး သူ့ရင်ခွင်အောက်ရိပ်အောက်ကို ပြန်ရောက်လာပြီပဲ. . အရေးကြီးတာက ဒီသတင်း သူ့အဖေဆီ လုံးဝပေါက်ကြားသို့ မဖြစ်ဘူး။

သမီးချယ်ရီလည်း ဒီကောင့်လက်ထဲမှာ ရေတိမ်နစ်ခဲ့ရတာ၊ အဓိကဆယ်လို့မရအောင် ပျက်စီးခဲ့ရတာ. .

ချယ်ရီကို သူသိပ်ချစ်တာတဲ့. .

တွိ. . ဘာကိုချစ်တာလဲ. . ဘယ်လိုအချစ်မျိုးလဲ. .



www.burmeseclassic.com

www.burmeseclassic.com



အသက်သေတဲ့အထိနှိပ်စက်ပြီးမှ ဒဏ်ရာတွေပေးပြီးမှ. . အချစ်လို့ခေါင်းစဉ်တပ်တဲ့အကောင်. . ခွေးလိုအကောင်. . မင်းကို ငါ မတွေ့ပါဘူး. . ဒီတစ်သက် ဘယ်တော့မှမကျေဘူးဆိုတာ သစ္စာဆိုပြီး ပြောရဲတယ် မဟာ. .

ငါ့စိတ်ကို မင်း သိလောက်ပါပြီလေ။ သေနေတဲ့ ငါ့သမီး မျက်နှာကို နောက်ဆုံးအနေနဲ့ မင်း ကြည့်ခွင့်ရခဲ့လို့လား။ ဘယ်တော့မှ မမြင်စေရဘူး မဟာ။ ငါ့သမီး နာကြည်းမုန်းတီးနေတဲ့ မင်းမျက်နှာကို သေနေတာတောင်မှ မမြင်စေရဘူး။

ညီတူညီမျှ အခွင့်အရေးရမယ်ဆိုရင် ငါလိုချင်တာ မင်းရဲ့ အသက်ပဲ။ မင်း အသက်တစ်ချောင်း ငါ့ဆီမှာ အကြွေးတင်နေပြီ မဟာ. . အချိန်တန်တဲ့တစ်နေ့မှာ ပြန်ဆပ်ဖို့ မင်းစဉ်းစားထားပေါ့။

သမီးလေး ရင်းခဲ့ရတဲ့ ချွေးတွေ၊ သွေးတွေ၊ မျက်ရည်တွေ နောက်ဆုံး ဘဝတစ်ခုလုံးကို ရင်းပြီး စတေးခဲ့ရတာတွေ. .

ဒါတွေဟာ ပုံပြင်မှ မဟုတ်ဘဲ။ သိပ်မကြာသေးတဲ့အချိန် ကာလတစ်ခုမှာ ဖြစ်သွားခဲ့တဲ့ ဖြစ်ရပ်မှန်တွေပဲလေ. .

ဦးဝန်မင်းသည် ခွာညိုလေးကို ကြည့်ဖန်များလေ. . သမီးလေး ပန်းချယ်ရီကို သတိရလေ၊ ပိုလွမ်းလေ ဖြစ်ရသည်။

သမီးမရှိတဲ့နောက်ပိုင်းမှာ သူ့ဘဝကို တစ်ယောက်တည်း





ရပ်တည်ဖို့ မနည်းကြိုးစားခဲ့ရသည်။ အားမွေးယူခဲ့ရသည်။ နေ့နေ့ ညည သမီးရယ်သံကလေးတွေကို ကြားယောင်ရင်း သူ့ငိုသံတွေက တားဆီးမရစွာ ညအခါမှာ ပျံ့လွင့်ခဲ့ရသည်။

သမီးမျက်နှာလေးကို လွမ်းဆွတ်တိုင်း စိတ်တွေက ရှုပ်ထွေးတာ ကစဉ့်ကလျားဖြစ်ချင်လာသည်။ ဘာကို နှောင်တွယ်လို့ ဘာအတွက် အသက်ရှင်ရမလဲဆိုတာ စဉ်းစားလို့မရအောင် ရှုံ့သွပ်သွားချင်သည်။

'ကိုကိုရေ. . ကိုကိုဖေဒါ. . မီးမီးဆီကို လာပါ. . . မီးမီး ကြောက်တယ်'

ခွာညိုကလေးသည် အိပ်ရာထက်မှာ လူးလွန့်ရင်း ယောင်အော်နေခြင်း ဖြစ်သည်။

သူ့တစ်ကိုယ်လုံး ချွေးတွေ ရွှဲစိုနေပြီး မျက်ရည်တွေ ကျနေသည်။

အို. . မြေးလေး ငိုနေတာပါလား။

မငိုပါနဲ့တော့ မြေးရယ်၊ သမီးဘဝမှာ အရွယ်နဲ့မမျှအောင် ဆင်ဝန်းဆင်းရဲခဲ့ပြီးပြီ. . ဒီထက်ပိုပြီး စိတ်ဆင်းရဲစရာ မရှိတော့ပါဘူး။ အားလုံးကို ဘိုးဘိုး အဆုံးသတ်ပေးလိုက်ပြီနော်. .

'မြေးလေး. . သမီး. . ရေလေးသောက်လိုက်နော်၊ ထ. . .



www.burmeseclassic.com

www.burmeseclassic.com



ထ. . ဘိုးဘိုး ထူပေးမှာပေါ့'

ခွာညို့ကို ဆွဲထူကာ ထစေပြီး ပါးချင်း ကပ်ထားလိုက်မှ တလေးကိုယ်တွေပူနေတာ သိလိုက်ရသည်။

မြေးလေး ဖျားနေပြီပဲ။

ခွာညိုကတော့ အဘိုးလက်ထဲမှာ ရှိုက်သံလေးက ထွက်နေတုန်းပင်။

'ဘိုးဘိုး. . မိးမိး ကိုကို့ကို ခေါ်ပေးနော်. . ကိုကိုက မိးမိးနဲ့ ဆော့ချင်လို့တဲ့၊ ကိုကိုတစ်ယောက်တည်း သနားပါတယ် ဟီး. . ဟီး'

ပြောရင်း ငိုပြန်လေသည်။

သမီးလေးရယ်. . အသက်ငယ်ငယ်လေးနဲ့ သံယောဇဉ်ကြီး လှချည်လားကွယ်. .

ဘိုးမြေးလေး သနားစရာကောင်းလိုက်တာ။

'သုခရေ. . သုခ'

တိတ်ဆိတ်နေသောညအချိန်တွင် ဦးဝန်မင်း၏အသံဝါဝါကြီးက ဟိန်းပြီးထွက်လာသည်။

'ဗျာ. . လာပါပြီ ဆရာ. . လာပြီ'

ဦးသုခသည် အသက်လေးဆယ်ရှိပြီဆိုပေမယ့် အခုအချိန်အထိ သူ့သခင်လည်း ဟုတ်၊ သူ့သူဌေးလည်း ဖြစ်တဲ့ ဦးဝန်မင်းထံ





အင်မတန်မှ သစ္စာရှိလေသည်။

ဦးဝန်မင်းအတွက်ဆို အသက်ပေးဖို့ပင် ဝန်မလေးသောသူ ဖြစ်သည်။ သူ့အပေါ်တွင် ဖခင်အရင်းတစ်ယောက်လို တာဝန်ကျေပြီး စောင့်ရှောက်ခဲ့သည့် ဦးဝန်မင်း၏ ကျေးဇူးတွေက များလှပြီမို့ သူဌေးက အမိန့်ပေးလျှင် သူ့အသက်ကိုပင် ပေးမည့်သူ ဖြစ်လေသည်။ ထိုအတိုင်းပင် သူ့စိတ်ထဲတွင် ဆုံးဖြတ်ပြီးသားဖြစ်သည်။

'ဆရာ. . သမီးလေး ဘာဖြစ်လို့လဲ. . ကျွန်တော် ဘာလုပ်ပေးရမလဲခင်ဗျ'

'ကလေး ဖျားနေပြီ သုခ. . . ငါတို့ Family Doctor ဆီ ဖုန်းဆက်ပြီး ခုချက်ချင်းလာခိုင်းလိုက်'

'ကောင်းပါပြီ ဆရာ'

ကုန်လွန်ခဲ့တဲ့နှစ်တွေမှာ သူ့စိတ်တွေ မီးဟုန်းဟုန်းတောက်သလို ပူလောင်ခဲ့သည်ပဲ။ ဒီမြေးလေးမျက်နှာ မြင်ရပြီးတဲ့နောက်မှာတော့ အိုအေစစ်လေးတစ်ခု အပိုင်ရလိုက်သလို အေးချမ်းမှုကို သူခံစားရသည်။

'သမီးလေး ချယ်ရီ. . ရေလေးသောက်လိုက်နော် သမီး'

'ဘိုးဘိုး မှားနေပြီ. . မိးမိးနာမည်က ခွာညိုလေ'

'မမှားပါဘူး သမီးရယ်၊ ဘိုးဘိုးက သမီးကို နာမည်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တာ၊ ဒီနေ့ဒီရက်ကစပြီး ဘိုးရဲ့မြေးလေးကို မွန်းချယ်ရီလို့ ခေါ်စေဗျား. . ဟား. . ဟား. . မွန်းဆိုတာ လနဲ့တင်စားထားတာ တွဲ၊ အားလုံးကို အေးမြစေမယ့်သူပေါ့ သမီးရယ်'

ဦးသုခကပါ ဝင်ပြီး ထောက်ခံပါသည်။

'ကောင်းတယ် ဆရာ. . သိပ်ကောင်းတဲ့ နာမည်ပဲ. . ဒါမှ ချယ်ရီလေးရဲ့သမီးမှန်း သိသွားမှာ. . ကျွန်တော်တို့ကတော့ Moon လေးလို့ပဲ ခေါ်မယ်နော် ဆရာ'

'ခေါ်ပေါ့. . ကြိုက်သလိုခေါ်. . နော်. . ဘိုးမြေးလေး'

ခွာညိုသည် အကြောင်းအရာအားလုံးကို ဂဃနဏ မသိ နားမလည်သော်လည်း 'မွန်းချယ်ရီ'လို့ခေါ်တဲ့ နာမည်လေးကိုတော့ ကျေနပ်ပုံပေါ်လွင်နေသည်။

သူ့တို့ မြေးလေးလို့ တယုတယကြင်နာစွာ ခေါ်တတ်သော ဘိုးဘိုးကြီးကိုလည်း တခဏကလေးအတွင်းမှာပင် ချစ်ခင်သွားခဲ့ပါသည်။

ဒီအိမ်ကြီးကို ရောက်ရှိချိန်မှစပြီး လိုလေသေးမရှိ ခြွေရံသင်းပင်းအစုံအလင်ဖြင့် ပြီးပြည့်စုံစွာနေရသော်လည်း ကိုကိုဖေဒါကိုသာ သတိရနေမိသည်။

အဖျားရှိန်ဖြင့် မှေးနေသော ခွာညိုလေးသည် မျက်တောင်





သေးတွေမှေးစင်းကာ အဘိုးရင်ခွင်ထဲမှာ နွေးထွေးစွာရှိနေပါသည်။

'ရိုးမစံအိမ်'၏ထမင်းချက်အဒေါ်ကြီး မယ်ကြည်နှင့် အိမ်ဖော်မလေး ရီတာတို့သည် သူတို့အိမ်၏သခင်မလေးဖြစ်သော မွန်းချယ်ရီအနားတွင် လိုအပ်တာတွေ လုပ်ပေးဖို့ အသင့်စောင့်နေကြသည်။

'ဘိုးဘိုး. . မီးမီးကိုကိုကို ခေါ်ပေးမှာလားဟင်'

စိတ်အစွဲအလမ်းကြီးလိုက်တာ မြေးရယ်. . တမင်မေ့ချင်ယောင်ဆောင်ထားသော်လည်း ဒါကိုပဲ ထပ်ခါတလဲလဲ တောင်းဆိုနေသည်။

ဆရာ မျက်နှာတစ်ချက်ပျက်သွားတာကို မြင်လိုက်သော ဦးသုခက

'ဆရာ အသာနေ. . ကျွန်တော် ကြည့်ရှင်းလိုက်မယ်'

ဟု တိုးတိတ်စွာ လှမ်းပြောလိုက်သည်။

'သမီး. . ဘဘသုခက သွားခေါ်ပေးမယ်တဲ့'

'တကယ်နော် ဘိုးဘိုး. . တကယ်ပြောတာနော်'

သူ ဖျားနေတယ် ဆိုတာတောင် မေ့သွားပြီး မှေးနေရာမှ ထပြီး ခုန်ပေါက်နေလေသည်။

မြေးပျော်တာ မြင်တော့လည်း သူပါ ပျော်ရပါသည်။ ခက်



www.burmeseclassic.com

www.burmeseclassic.com



တာတာဘာယ်မျိုးရို၊ ဘယ်ဇာတိမှန်းမသိရသော ကလေးတစ်ယောက် အပေါ် ဒီလောက်ကြီးတွယ်တာနေတာကျတော့ သိပ်ပြီး ဘဝင်မကျ လှပါ။

'ဆရာကြီး ဒေါက်တာသက်နောင်ရောက်လာပါပြီ'

ခြံစောင့် စိန်ရိုးက လာပြီး သတင်းပို့သည်။

သိပ်မကြာမီ ဥပမိရှုပ် မွန်ရည်သော လူလတ်ပိုင်းအရွယ် ဆရာဝန်က လှေခါးပေါ်တက်လာပြီး မွန်းချယ်ရီရှိသော Master Bed Room ထဲသို့ ဝင်လာပါသည်။

'မိသားစုဝင် အသစ်တိုးတယ်ဆို လေးလေး. . . ဒီကလေး လေးလား'

ဆရာဝန်လေးက မေးတော့ ဦးဝန်မင်းက

'ဟုတ်တယ် ဒေါက်တာ. . ကျွန်တော့်သမီးမျက်လုံးလေးနဲ့ တူလို့ အပြီးအပိုင်မွေးစားလိုက်တာ. . နာမည်တောင် ပေးပြီးပြီ. . မွန်းချယ်ရီ . . တဲ့၊ မလှဘူးလား ဒေါက်တာ'

'လှရော နာမည်ပါ လှပါတယ်ဗျာ. . သမီးက ဘာလို့ဖျား တာလဲ. . ဆရာ့ကို ပါးစပ်ကလေး ဟ,ပြပါဦး. . အား. . လို့ အော် ကြည့်စမ်း'

မွန်းချယ်ရီက ဆရာခိုင်းသလို ပါးစပ်လေး ဟပြီး အား





အော်၏။

'အိုး. . လိမ္မာလိုက်တဲ့ ကလေး. . ကြည့်စမ်း tonsil ရောင် နေတာကိုး. . ကျွန်တော် ဆေးပေးခဲ့ပါ့မယ်. . မသက်သာရင် ဖုန်း ဆက်လိုက်ပေါ့'

ဒေါက်တာသက်နောင်က ရိုးမစံအိမ်အတွက် Family Doctor လုပ်လာခဲ့တာ ဆယ်စုနှစ်တစ်စု ရှိခဲ့ပြီဆိုတော့ မိသားစု ဝင်တစ်ယောက်လို ဖြစ်နေခဲ့ပြီ။

ထိုနေ့ညက ဦးဝန်မင်းနှင့်အတူ ကော်ဖီ တစ်ယောက်တစ် ခွက်သောက်ပြီး စကားတွေ အမျှင်မပြတ်အောင် ပြောလိုက်ကြတာ ညတစ်နာရီထိုးတဲ့အထိပင်။

ဦးဝန်မင်းသည် အရင်ကလို အထီးကျန်မနေတော့တာ သူ့ မျက်နှာကိုကြည့်ပြီး သိလိုက်ရသည်။

ဒီကလေးမလေးဟာ လာခြင်းကောင်းတဲ့ ကလေးလေး ဖြစ် နိုင်ရာသည်။

သူ တွေ့ဖူးသမျှထဲမှာ ဦးဝန်မင်းမျက်နှာ ဒီနေ့ အတက်ကြွ ဆုံး ဖြစ်သည်။

'စကားတွေ ကောင်းနေလိုက်တာ ပြန်ဦးမှပဲ. . သမီးလေး ကောင် ချွေးတွေထွက်နေပြီထင်တယ်၊ ချွေးသေချာသုတ်ပြီး အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



လဲပေးလိုက်ပါဦး’

မယ်ကြည်နှင့်ရီတာတို့ သွက်လက်စွာပင် ဆရာညွှန်ကြားသည့်အတိုင်း မွန်းလေးကို လုပ်ပေးကြသည်။

‘လေးလေး. . ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျ’

‘Thank youနော် မောင်သက်နောင်. . အချိန်ရရင်လည်း ဝင်ခဲ့ပါဦး’

‘စိတ်ချ လေးလေး၊ ဝင်ခဲ့မှာပါ’

မွန်းချယ်ရီ နေမကောင်းဖြစ်သည့် ထိုညတွင် ‘ရိုးမစံအိမ်’ ရှိလူတွေ အားလုံး အိပ်ရေးပျက်ကြပါသည်။ သူတို့ဆရာကိုယ်၌က မအိပ်ဘဲ အရိပ်တကြည့်ကြည့်ရှိနေသဖြင့် ကျန်သူအကုန်လုံး မအိပ်ရဲဘဲ ငုတ်တုတ်မိုးလင်းခဲ့ရသည်။

‘ရိုးမစံအိမ်’မှာ မွန်းချယ်ရီက အဲသလောက်ထိ လွှမ်းမိုးနိုင်စွမ်းရှိပါသည်။



## အခန်း(၁၀)

ယူကလစ်ပင်အောက်မှာ တစ်ယောက်တည်းထိုင်နေသော ဗေဒါသည် ညီမလေးကို သတိရစိတ်ဖြင့် လွမ်းဆွတ်မိပါသည်။

နော်စတယ်လာသည် ဗေဒါလေးကိုကြည့်ပြီး ဘာကို ဝမ်းနည်းမှန်းမသိ ဝမ်းနည်းမှုက အတိုင်းအဆမရှိ ရင်ထဲတွင် နာကျင်လာသည်။

ဒီတစ်ခါ ဒီသားလေးကို ခွဲရမယ့်အလှည့်ရောက်လာပြီပဲ။ သူ့အစ်မ လာခေါ်နေပြီလေ။ ဗေဒါလေးနဲ့ခွာညို့. . ဒီတစ်သက် ပြန်ဆုံပါဦးမလား။ မိုးနဲ့မြေလို ကွာဝေးသွားပြီမို့ သံယောဇဉ်ကြီးလွန်းတဲ့ ကလေးနှစ်ယောက်ကို သူမ သနားမိသည်။

ဗေဒါအနားတွင် ခြေချမိသည်နှင့် စတယ်လာက အသံဖွ



www.burmeseclassic.com

www.burmeseclassic.com



ဖွလေးဖြင့် ခေါ်လိုက်သည်။

'သားလေး ဗေဒါ'

ဗေဒါက လှည့်မကြည့်ပါ။

'သား. . မမကြည်ပြာ ရောက်နေပြီကွဲ၊ သားကို လာခေါ် နေပြီ'

ဗေဒါ့မျက်နှာသည် စတယ်လာဘက်သို့ လှည့်လာပြီး သူ့မျက်လုံးထဲတွင် အံ့ဩရိပ်မဟုတ်တဲ့ မနှစ်မြို့တဲ့အရိပ်တွေ အထင်းသားပေါ် လာသည်။

စိတ်ရှုပ်ထွေးပုံလည်း ရသည်။

သို့သော် ပါးစပ်ကမူ တစ်ခွန်းမှဖွင့်ဟပြီး မပြောပါ။

ထိုင်ရာမှ ဆတ်ခနဲ ထ,ရပ်လိုက်သည်နှင့် စတယ်လာ ဗေဒါ့လက်ကိုဆွဲပြီး ခေါက်ထားတဲ့ စာရွက်ကလေးကို ထည့်ပေးလို သည်။

'ယူသွား သား. . ဒါ သားညီမလေးနေတဲ့ လိပ်စာပဲ. . နေ့နေ့ တစ်ချိန်ချိန်ကျရင် အသုံးဝင်မှာပါ'

ဗေဒါ့မျက်ဝန်းလေးတွေ ချက်ချင်းအရောင်တောက်လာ သည်။

စကားမပြောတာ ကြာပြီဖြစ်တဲ့ သူ့ပါးစပ်က ထွက်လာ





စကားက နှုတ်ဆက်စကားဖြစ်နေသည်။

'အန်တီမေမေ. . သား သွားတော့မယ်နော်'

သူ့ညီမလေးမရှိတဲ့ရပ်ဝန်းမှာ သူမနေချင်တော့တာ သဘာဝကျပါတယ်လေ. .

စတယ်လာ့မျက်ဝန်းမှ မျက်ရည်တွေ စီးကျလာသည်။

'ငါ့သားလေး လူ့လောကအလယ်မှာ တင့်တယ်နိုင်ဖို့ စွမ်းအားတွေ အလုံအလောက်ရရှိနိုင်ပါစေကွယ်'

ဗေဒါ့မျက်ဝန်းမှာ မျက်ရည်တွေ ဝဲတက်လာတာ တွေ့ရသည်။ ထို့နောက် ဗေဒါသည် တစ်ဟုန်ထိုး ပြေးထွက်သွားသည်။

သူ ဝမ်းနည်းနေတာ စတယ်လာ့ကို တွေ့စေချင်ပုံမရပါ။

ထိုနေ့က ဗေဒါသည် သူ့အစ်မလက်ကို ဆုပ်ကိုင်ထားပြီး မြန်ပင်တန်းကြီးတစ်လျှောက် တရွေ့ရွေ့ ထွက်ခွာသွားတာကို နောက်ဆုံးတွေ့လိုက်ရခြင်း ဖြစ်သည်။

ဘယ်လောက် သံယောဇဉ်ပြတ်တဲ့ ကလေးလဲဆိုတာ. . . စတယ်လာဘက်ဆီ ယောင်ပြီးတောင်မှ လှည့်ကြည့်မသွားခဲ့ပါ။

သူတို့မောင်နှမနှစ်ယောက်၏ ပုံရိပ်သည် စတယ်လာ၏ မြင်ကွင်းထဲတွင် ဝေဝါးစွာဖြင့် တရွေ့ရွေ့ပျောက်ကွယ်သွားခဲ့သည်။

ခွာညိုရဲ့ဘဝလေးက ရွှေဘုံပေါ်မှာ စံခွင့်ရသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွှေမင်း သမီးလေး ဖြစ်သွားပြီ. . .

ဖေဒါလေးသာ. .

စတယ်လာ ဆက်မတွေးတော့ဘဲ သူမအတွေးတွေကို ရုတ်တန့်ပစ်လိုက်သည်။

အားလုံးဟာ ဘုရားသခင်ရဲ့အလိုတော်အတိုင်းပါပဲ။

***



## အခန်း(၁၁)

'မောင်လေး. . ဒီအိမ်ပဲ'

မမ ဘာတွေလုပ်နေတာလဲ. . ဒီအိမ်က ကျွန်တော်တို့အိမ်မှ မဟုတ်တာ။

'ဒီအိမ်က ဘယ်သူ့အိမ်လဲ မမ'

မမကြည်ပြာသည် သူ့မျက်လုံးထဲတွင် အမြင်ဆန်းနေပါသည်။ အရင်လို ကပိုကရိုမဟုတ်ဘဲ သပ်ရပ်စွာ ကြော့ရှင်းနေသည်။ လှပနေသည်။ အပျိုကြီးဖားဖားဖြစ်လာတော့ ပိုပြီး ပဲများလာသည်ဟု ထင်မိသည်။ ဖေဒါက ကလေးအတွေးနှင့် တွေးချင်ရာတွေးပစ်လိုက်သည်။

ခုလည်း ကြည့်လေ. . မမက ရယ်တာတောင်မှ ရှုပ်ရှင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တာ မင်းသမီးတွေလို တုပြီး ရယ်သည်။ အရင်လို ဝါးလုံးကွဲ မရယ်တော့တာတာ သက်သေခံနေသည်။

'မမအိမ်ပေါ့. . ဟိုအိမ်ကို မမရောင်းပစ်လိုက်ပြီ၊ တို့မောင်နှမနှစ်ယောက်အတွက် ပတ်ဝန်းကျင်အသစ်က တကယ်ကို လိုအပ်တယ်လေ'

တောင်ဥက္ကလာပရဲ့ရပ်ကွက်တစ်ခုမှာ မကျဉ်းလွန်းမကျယ်လွန်းသည့် မြေကွက်အပေါ်မှာ တစ်ထပ်တိုက်သေးသေးလေး တစ်လုံး. . . ပိုပြီး ထူးဆန်းတာက ဒီအိမ်ပိုင်ရှင်က သိပ်မကြာခင်ကမှ တလေးထောင်မှလွတ်လာတဲ့ သူ့အစ်မဖြစ်နေသည်။

အပြောင်းအလဲမြန်တဲ့ လောကကြီးကို သူ့ရဲ့ကလေးဉာဏ်တလေးဖြင့် အမီမလိုက်နိုင်တာကို သိပ်ပြီး ဘဝင်မကျချင်ပါ။

'ငါ့မောင်လေး အနေဆင်းရဲ အစားဆင်းရဲဖြစ်ခဲ့ရတာ မမမှာ တာဝန်မတင်းပါဘူးကွယ်. . . ခုချိန်က စပြီး ပျော်ပျော်နေနော် မောင်လေး. . ကျောင်းတက်ပြီး စာကိုသာ ကြိုးစား၊ ကျန်တာ မမတာဝန်ထား ဟုတ်ပြီလား'

ကြည်ပြာက သူ့မောင်ရဲ့ခေါင်းကလေးကို ညင်သာစွာပွတ်ရင်း မျက်ရည် ကျချင်လာသည်။

အစ်မ ကြီးတော့ အမိအရာ လို့ သူမက ခံယူထားသည်။





ဒီလောကကြီးထဲမှာ သူမရဲ့သွေးသား ဆိုလို့ မောင်လေးဗေဒါ တစ်ယောက်ပဲ ရှိတော့တာ. . .

ဒီမောင်လေးအတွက်ဆို သူမဘဝကို စတေးရဲသည်။

အသက်ကိုလည်း ပေးရဲသည်။

ပညာတစ်ပိုင်းတစ်စနဲ့ ကြုံရင် ကြုံသလို ကျွက်စားပြီး ငွေရှာခဲ့ရသည်။

အခု ဒီအိမ်လေးမှာ မပူမပင် မကြောင့်မကြ နေ့နေရတာ၊ အချိန်တန်လျှင် ဈေးဖိုး ရနေတာတွေဟာ ကြည်ပြာတို့ sponsor ကောင်းကောင်း ရထားလို့ပေါ့. . .

ဘာပဲဖြစ်ဖြစ် သူမ ထောင်ထဲပြန်မသွားချင်တော့ပါ။ မောင်လေးနှင့်လည်း ထပ်ပြီး မခွဲချင်တော့ပါ။

ကလေးထောင်ကထွက်လာပြီး ဗေဒါရှိတဲ့ သူမတို့ရဲ့တောင်ပေါ်မြို့ကလေးကို မပြန်သေးဘဲ အခုလိုအခြေအနေရောက်အောင် သူမရဲ့အလှအပတွေဖြင့် လူတစ်ယောက်ကို ဖျားယောင်းခဲ့ရသည်။ ဒမ်းစားခဲ့ရသည်။ ဒီထက်ပိုပြီး စွမ်းဆောင်နိုင်လျှင် ကားတွေ၊ စိန်တွေပါ ရနိုင်သေးသည်။

ဒါပေမယ့် ဒီလူကို တစ်သက်လုံး အပိုင်ရဖို့ ဆိုတာတော့ မဖြစ်နိုင်မှန်း သူမ သိသည်။ သူ့မှာ မိသားစုတစ်စု ခိုင်ခိုင်မာမာ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်တည်ပြီးသားလေ. .

ကြည်ပြာဆိုတဲ့သူမကလည်း ဒီလိုသက်ကြားအိုကြီးကို တစ်သက်လုံး လင်မတော်ချင်သူ ဖြစ်သည်။

ကိုယ့်လိုဘတွေပြည့်တဲ့နေ့မှာ No လို့ သုံးလိုက်ရုံပဲ။ ဒါတွေအားလုံးဟာ မောင်လေးအတွက်လို့ လွှဲမချရက်ပေမယ့် မောင်လေးကိုတော့ လုံးဝမသိစေချင်ပါ။

ဇေဒါသည် နေသားတကျ မဖြစ်သေးသော ထိုအိမ်လေးတွင် ကြိုးစားပြီး နေထိုင်ရင်း မမ အပ်ပေးသောကျောင်းတွင် ဒီနှစ် ကျောင်း စတက်ရမည်ဖြစ်သည်။

. မမ ဘယ်လောက်ဝင်ငွေကောင်းသလဲဆို သူ့ကို အတ်စ်နဲ့ မသွားခိုင်းဘဲ ကျောင်းကားစီးစေသည်။ မမအလုပ်လုပ်နေတာလည်း သူ တစ်ခါမှမတွေ့ရပါ။

အိပ်ရာ ထတာနှင့် သူ့အတွက် ထမင်းဘူးပြင်ဆင်ပေးပြီး ရေမိုးချိုးတာ အလှပြင်သည်။ အိမ်မှာနေရင်းလည်း အဝတ်အစားတွေကို ပျံလန်နေအောင် ဝတ်ထားသည်။

တကယ့်မင်းသမီးတစ်ယောက်လို ကြော့ကြော့မော့မော့လေးနေသော မမကို သူ တစေ့တစောင်းအကဲခတ်မိသည်။

နှစ်တွေအကြာကြီး ခွဲပြီးမှ ပြန်တွေ့ရသည့်အစ်မကို စိတ်





ထဲမှာ နည်းနည်း သူစိမ်းဆန်ချင်သည်။ ရုတ်တရက်ကြီး ရင်းရင်းနှီးနှီးနေဖို့ကို ရှိန်နေမိသည်မို့ သူ့နှုတ်က မမရဲ့အလုပ်အကြောင်းကို အတူးတကက တစ်ခါမှမေးမကြည့်ဖြစ်ခဲ့ပါ။

ဘာအလုပ်မှမလုပ်ဘဲ သုံးနိုင် ဖြုန်းနိုင်သော သူ့အစ်မကို အံ့ဩရုံကလွဲလို့ ဘာတစ်ခုမှ ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိခဲ့တာ သူညံ့ချင်းလို့လား. . .

ဟင့်အင်း. . သိမှမသိချင်တာ. .

ဇေဒါသည် သူ့အစ်မအကြောင်းကို မစပ်စုသလို ဂေဟာမှာ သူချစ်ခင်ခဲ့ရတဲ့ ညီမလေးခွာညိုအကြောင်းကို သူ့အစ်မအား ပြောပြဘဲ ထိန်ချန်ထားမိသည်။

ညီမလေးကို တစ်နေ့မှ မမေ့မရတာ၊ သတိရမိတာတွေ အားလုံး သူ့ရင်ထဲမှာပဲ သိမ်းဆည်းထားချင်သည်။

ညီမလေးခွာညိုရှိနေတဲ့ တောင်ပေါ်မြို့ကလေးကို သူလွမ်းမိသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ညီမလေးရှေ့သို့ သူအရောက်သွားဖို့ ဆုံးဖြတ်ထားသည်။

ထိုအားအင်တွေဖြင့် သူ့ရင်ထဲတွင် ကြိုးစားချင်စိတ်တွေ ပေါ်လာသည်။

တဖြည်းဖြည်းကုန်လွန်နေသောအချိန်တွေနှင့် တစ်ပြုံးညီ



www.burmeseclassic.com

www.burmeseclassic.com



ဆေးခါးပုခါးသော ကောင်ကလေးတစ်ယောက်သည် ရင့်ကျက်လာသည်။ ရုပ်ပိုင်းဆိုင်ရာ အပြောင်းအလဲအရ အများအမြင်တွင် ညို့မာတ်အပြည့်ရှိသော ကောင်လေးတစ်ယောက်ဖြစ်လာခဲ့သည်။

Model Boy တစ်ယောက်လို အရပ်မြင့်မားပြီး အားကစားလိုက်စားထားသဖြင့် Structure မိုက်သော ဗေဒါကို ကောင်မလေးတွေ သဲသဲလှုပ်ဖြစ်ကြသည်။

သို့သော် သူ့ရင်ထဲတွင် အချိန်ကြာမြင့်စွာ နေရာယူထားသူက တောင်ပေါ်မြို့လေးက ညီမလေးခွာညိုဖြစ်သည်။

ညီမလေး ဘယ်လိုပြောင်းလဲသွားပြီလဲ. . အပျိုဖျန်းလေးမို့ လှသွေးတွေကြွယ်နေပြီလား။

အချိန်ရှိတိုင်း ခွာညိုရဲ့ရုပ်ရည်ကလေးကို တမ်းတပုံဖော်ကြည့်ရတာ အမော. . .

ညီမလေး. . ကိုကို့ကို သတိမှရသေးရဲ့လား။ အမြဲသတိရနိုင်ပါစေလို့ ကိုကိုဆုတောင်းနေမှာပါ. . .

✿✿



အခန်း(၁၂)

(၁၉၉၀)

"ပန်းချယ်ရီဘဝ၏လကွယ်သောနေ့ရက်များ"

ချယ်ရီသည် ဖခင်နှင့်အတူ ကားနောက်ခန်းတွင် ထိုင်လိုက်သွားပြီး လမ်းဘေးတစ်လျှောက် စီတန်းစွာ ပေါက်ရောက်နေသော ထိုင်းဝမ်ထင်းရှူးပင်များကို သဘောကျစွာ ငေးမောနေမိသည်။

ချယ်ရီချစ်တဲ့ဖေဖေက ချယ်ရီ့အလိုကျ ပူဆာသမျှ မငြင်းဆန်ဘဲ အမြဲလိုဖြည့်ဆည်းပေးတတ်သည်။

ဆယ်တန်းအောင်ပြီးတော့ အမှတ်တွေ ကောင်းလျက်သားနဲ့ တက္ကသိုလ် ဆက်မတက်ခိုင်းဘဲ အဝေးသင်ဖြင့်သာ ဘွဲ့ယူဖို့ ဆောင်းဆိုတဲ့ ဖေဖေ။ သမီးကို မခွဲနိုင်ဘူးဆိုတဲ့ စကားလေးတစ်ခွန်း



www.burmeseclassic.com

www.burmeseclassic.com



မြင့် ချယ်ရီတလည်း ဖခင်၏ဆန္ဒအတိုင်း လိုက်လျောခဲ့ပါသည်။

ဒီနှစ် သူမ အဝေးသင်တတိယနှစ် ဖြေထားပြီး အားလပ်နေချိန်တွင် သားအဖနှစ်ယောက် မြို့နှင့် မိုင်သုံးဆယ်ကျော်ဝေးသည့် ရွာလေးတစ်ရွာသို့ အပန်းဖြေခရီးထွက်လာကြခြင်း ဖြစ်သည်။

ရွာ၏အငွေ့အသက်၊ ရွာ၏သဘာဝအလှအပများက သူတို့သားအဖနှစ်ယောက်ကို ဆွဲငင်ထားနိုင်သည်။

တစ်နှစ်တွင် သုံးခါလောက်တော့ ထိုရွာလေးသို့ ရောက်မြဲ။

ဖေဖေဆောက်ထားတဲ့ ဘန်ဂလိုလေးက ချစ်စရာကောင်းသလို အနောက်ဘက်မှာ စီးဆင်းနေသော ချောင်းကလေးကလည်း ကြည်လင်တာ အေးမြလွန်းလှသည်။

'ရိုးမစံအိမ်'မှာ တစ်ယောက်တည်း အဖော်မဲ့ခဲ့သမျှ ထိုရွာကလေးကိုရောက်လျှင် သူမ ပျော်ရသည်။

သူမနှင့်မတိမ်းမယိမ်း မိန်းမပျိုလေးတွေက သူမ လာပြီဆိုလျှင် မိုးပေါ်က နတ်သမီးလေး ကျလာသလို အထူးအဆန်းဖြစ်ပြီး လာကြည့်ကြသည်။

ခေါင်းအစ ခြေအဆုံး လှပနေသော ပန်းချယ်ရီကို သူတို့ချစ်ကြသည်။ အလေးထားကြသည်။

ချယ်ရီ လာလျှင် သူတို့တွေ ပျော်ကြသည်။





ချယ်ရီက သူ မဝတ်တော့သော များပြားလှသည့် အဝတ်အစားများနှင့် ဖိနပ်များကို ယူလာပြီး ဝေပေးသောကြောင့် ဖြစ်သည်။

ကျောင်းတစ်ဖက်နှင့် မိဘတွေရဲ့ တောင်ယာအလုပ်တွေ လုပ်ရသော သူမ၏သူငယ်ချင်းများကို စာနာသနားပြီး ချယ်ရီသည် ထိုရွာလေးသို့လာတိုင်း စားစရာမုန့်အထူးအဆန်းလေးတွေပါ ယူလာပြီး ကျွေးတတ်သည်။

သူငယ်ချင်း မရှိရှာသော၊ တစ်ယောက်တည်း နေရသော ပန်းချယ်ရီသည် ရွယ်တူကောင်မလေးတွေကို တကယ့်ငယ်ပေါင်းကြီးတော်လို သဘောထားပြီး ခင်တွယ်လွန်းသည်။

မတွေ့ဖြစ်တာ လနှင့်ချီနေပြီဖြစ်သော သူမသူငယ်ချင်းတွေကို တွေ့မြင်ရတော့မယ်ဆိုတဲ့အသိကြောင့် ရင်ထဲတွင် ကြည်နူးပြီး ပြုံးမြင်သမျှက လှပနေသည်။

ဦးဝန်မင်းကလည်း သမီးချယ်ရီကို လှမ်းပြီး စသည်။

'သမီး. . ဒီနေ့ ဘကြီးချက်က ဘာဟင်းချက်ထားမယ် ထင်သလဲ. . မှန်းကြည့်လိုက်စမ်း'

'ဘကြီးချက်က သမီးကြိုက်တဲ့ နံရိုးပေါင်းနဲ့ တောင်ပံကြော်ကို ချက်ထားမှာပေါ့. . မယုံရင်စောင့်ကြည့်လိုက် ဖေဖေ. . သမီးမှန်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင် ပြေးကြည့်တာထက် မှန်ရမယ် ဟင်း. . ဟင်း'

'ဟုတ်တာပေါ့ဗျာ ဖေဖေ့သမီးက အကြားအမြင် ရနေတာ တိုး. . ဟား. . ဟား. . မနေ့ညက သမီး ဘကြီးချက်ဆီ ဖုန်းဆ နေတာ ဖေဖေ မကြားလိုက်ဘူးလို့ပဲ သဘောထားလိုက်တော့မ နော်'

'ကြည့်စမ်း. . ကြည့်စမ်း. . ဖေကြီးနော်. . သမီး ဖုန်းပြေ တာ ခိုးနားထောင်တယ်ပေါ့'

အဖေကို မျက်နှာလေးမချိုမချဉ်နဲ့ရန်တွေ့နေတဲ့ ပန်းချီ သည် မျက်လုံးလေးတွေပြူးနေပြီး ပါးလေးနှစ်ဖက်မှာ နီမြန်းပြီး ရှ ရိုပ်သန်းနေသည်။ ဆံပင်လေးနှစ်ဖက်ကို မြင့်မြင့်လေး စည်းထ သဖြင့်လည်း သူမ၏ပျိုမျစ်နုနယ်မှုကို ပိုပြီး ပေါ်လွင်နေစေသ အရုပ်ကလေးတစ်ရုပ်နှင့်တူသောသမီးလေးကို ဦးဝန်မင်းက -

'ခိုးနားထောင်တယ်လို့မပြောပါနဲ့ သမီးရယ်. . ဖေဖေ့သ တ လူတော့ ဘယ်က ကောင်လေးနဲ့များ ပြောနေတာပါလိမ့်ဆို နားထောင်မိတာ. . လက်စသတ်တော့ နံရိုးပေါင်းနဲ့တောင်ပံပြေ တွေ မှာနေတာကိုး. . ဖေဖေလည်း အဲဒီတော့မှ ဘန်ဂလိုက ဦး မှန်း သိတော့တယ်'

'သမီးမှာ ဒီဖေကြီးတစ်ယောက်ပဲ ရှိတဲ့ဟာကို ထားခဲ့





သွားလို့ စိတ်ချ ဖေဖေ၊ သမီး ဒီတစ်သက် ဘယ်တော့မှအိမ်ထောင် မပြုဘူး သိလား'

အဖေ့ပခုံးပေါ် ခေါင်းလေးမှီရင်း ချွဲလာတဲ့ သမီးကို ဆံပင် လေးတွေ ဖွပစ်ရင်း အကျေနပ်ကြီးကျေနပ်နေသူက ဦးဝန်မင်း ဖြစ် သည်။

ထိုစဉ် ကားရှေ့တည့်တည့်သို့ ကုန်တင်ကားကြီး တစ်စီး လမ်းကြောင်းချော်ပြီး ထိုးဝင်လာသည်။ စက္ကန့်ပိုင်းလေးအတွင်းမှာ ဖြစ်ပျက်သွားခဲ့သောထိုအဖြစ်အပျက်တွင် ဒရိုင်ဘာသည် အမှားအ ယွင်းမခံဘဲ သတိကြီးစွာဖြင့် ကားစတီယာရင်တိုင်ကို ညာဘက်သို့ဆွဲ ပြီး ကွေ့ချလိုက်သည်။

ချောက်ကမ်းပါး မဟုတ်ဘဲ မြေပြန့် ဖြစ်နေလို့သာ တော် သော့သည်။

ကံကောင်းလွန်းလို့သာ လူတွေ အနာတရ မဖြစ်ပေမယ့် ကားတစိုက်ခင်းတစ်ခုအပေါ်သို့ အရှိန်မထိန်း နိုင်ဘဲထိုးဆင်းသွား သဖြင့်စိုက်ခင်းက အပင်တွေ အတော်များများ ပျက်စီးသွားသည်။ ခြံစည်းရိုးတွေ ကျိုးကြေပြီး ရစရာ မရှိအောင် စုတ်ပြတ်သတ်သွား သည်။

ပန်းချယ်ရီသည် ကြောက်လွန်းသဖြင့် ဖခင်၏ရင်ခွင်သို့တွင်



www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ်တုန်နေရှာသည်။

'သမီး. . သမီးလေး မကြောက်နဲ့တော့နော်. . ဘာမှမဖြစ်ဘူးနော် သမီး. . အားလုံး ပြီးသွားပြီ သိလား'

သေဘေးမှလွတ်မြောက်သွားတာကို ဆိုလိုခြင်း ဖြစ်သည်၊ တကယ့်လက်တွေ့ဘဝမှာတော့ ပြဿနာက အခုမှစတာ။

ချယ်ရီထက် အသက်ပိုကြီးသော ယောကျ်ားတစ်ယောက်သည် သူတို့လူစုကို စိန်းစိန်းကြီးစိုက်ကြည့်နေလေသည်။ ခန္ဓာကိုယ်အထက်ပိုင်းတွင် အဝတ်မပါ ဗလာကျင်းဖြင့် ပုဆိုး တိုတိုဝတ်ထားသော သူ့ရုပ်သွင်သည် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတို့ကြောင့် ရှိရင်းစွဲအသက်ထက် ပိုပြီး ရင့်ရော်ကာ ခက်ထန်နေသည်။

ချယ်ရီသည် ထိုသူ့ကိုဆက်မကြည့်ရဲဘဲ ဖခင်ရင်ခွင်ထဲတွင် ခေါင်းဝှက်ထားလိုက်သည်။

Body ဆော့ထားသဖြင့် ဖုထစ်နေသော ကြွက်သားဆိုင်တွေကိုလည်း ချယ်ရီ ကြောက်သေးသည်။

ဦးဝန်မင်းသည် အခြေအနေကိုရိပ်စားမိပြီး ဦးသုခကို မျက်စပစ်ကာ အချက်ပေးလိုက်သည်။

ဦးသုခသည် ထိုလူ့ရှယ်ဆီသို့ သွားပြီး

'တစ်ဖက်က ကားကိုရှောင်ရင်း ဖြစ်သွားတာပါ မောင်ရင်





ဦးတို့ အားလုံး တာဝန်ယူပါတယ်၊ လျော်ကြေး ဘယ်လောက်ပေးရမယ်ဆိုတာသာ ပြောပါ'

'အဟား'

ထိုသူ၏ အနှောင့်မလွတ် အသွားမလွတ် ရယ်သံကြောင့် ဦးသုခက

'ဦးတို့အနေနဲ့က ဒီလောက်ပဲ လုပ်ပေးနိုင်မှာပေါ့. . မတော်တဆဖြစ်သွားတာပဲကွယ်'

'တော်စမ်း. . ခင်ဗျားကြီးပါးစပ်ကို ပိတ်ထားလိုက်၊ လျော်ကြေးလို့ အလွယ်တကူသုံးလိုက်တာ. . ခင်ဗျားတို့လို လူတန်းစားတွေအတွက် cover လုပ်ဖို့ပဲ မဟုတ်လား၊ နောက်ဆုံးတော့လည်း ငွေရှိတဲ့လူက ငွေနဲ့ပဲ အရာရာကို တန်ဖိုးဖြတ်သွားတာပဲ'

ဦးဝန်မင်းသည် ဒေါသတွေထွက်ပြီး ရန်လိုနေသော ထိုလူရှယ်ကို ဝင်ပြီး ဖျောင်းဖျကြည့်သည်။

'စိတ်ကို လျှော့ပါ သားရယ်. . ဒေါသအလျောက် ဖြေရှင်းရင် အမှားပါတတ်တယ်လေ. . အခုဖြစ်ရပ်က တကယ့်ကို မတော်တဆပါကွယ်'

'မတော်တဆ. . မတော်တဆနဲ့ နားထဲမှာ ကန့်လန့်ကြီးဗျာ၊ ဒါဆို ကျုပ်ပြောကြည့်မယ်လေ. . ဥပမာ ခင်ဗျားသမီးကို ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



တွေလွန်မိပြီဆိုပါစို့၊ ဒါ မတော်တဆပါလို့ အကြောင်းပြရင် ခင်ဗျား လက်ခံနိုင်မလား ပြော'

သမီးကို ထိပါးပြီး စော်ကားလာသော ထိုအကောင်ကို မွှန် မွှန်ညက်ညက်ချေပစ်ချင်စိတ် ပေါက်မိသည်။ လူက မွေးလာတဲ့ လူ စင်စစ်မှဟုတ်ပါလေစ။

ဆရာကိုထိလျှင်မခံတတ်သော ဦးသုခနှင့်ဒရိုင်ဘာစိုးသော် တို့က သူတို့ဆရာရှေ့မှ ပိတ်ရပ်လိုက်ပြီး

'ဟေ့ကောင်. . စကားပြောတာ မမိုက်ရိုင်းနဲ့ကွ၊ မင်း ငွေ ပိုလိုချင်တယ်ဆိုရင်လည်း ပွင့်ပွင့်လင်းလင်းသာပြော၊ ဒါမှ မကျေနပ် ဘူးဆိုရင်လည်း တရားဥပဒေအရ ဖြေရှင်းကြတာပေါ့'

ချယ်ရီမြှင်နေရတာက ခေါင်းကို ငုံ့စောင်းကာ မျက်လုံးကို လှန်ကြည့်ပြီး နှုတ်ခမ်းနှစ်ဖက်ကို ကွေးအောင် မထီမဲ့မြင်ပုံစံ ပြုပြီး ရယ်နေသော ထိုသူ၏မျက်နှာပင် ဖြစ်သည်။

ကြောက်လိုက်တာများ ကျောထဲကကို စိမ့်စိမ့်ပြီး တက်လာ သည်။

'ကောင်းပြီ. . ကျုပ်လိုချင်တာ ငွေမဟုတ်ဘူး၊ ရှင်းတယ် နော်'

ထိုနောက် သူက ပျက်စီးသွားသော သူ၏စိုက်ခင်းဘက်ကို





တ်ညှိုးတဆတ်ဆတ်ထိုးကာ

'ဟောဒီနေရာမှာ. . ကျုပ် စိုက်ထားတဲ့အပင်တွေ နဂိုမူလ အတိုင်းဖြစ်အောင် ပြန်လာစိုက်ပေး. . ဘယ်လိုလဲ'

'ဟာ. . ဒီကောင်'

စိုးသော်က လက်သီးရွယ်ပြီး ဆွဲထိုးမည်ပြုသည်။ ဦးဝန်မင်း ဝင်ပြီး ဟန့်တားလိုက်သည်။

'ဦး တောင်းပန်ပါတယ်ကွာ၊ ဦးတို့မှာ ခရီးဆက်စရာလည်း သေးတော့ ငွေနဲ့တန်ဖိုးဖြတ်တယ်လို့ သဘောမထားဘဲ ကျေအေး ပါ မောင်ရင်'

'ပါးစပ်က ပြောတော့ သိပ်လွယ်တယ်၊ ကျုပ် ရင်းနှီးခဲ့ရတဲ့ ချိန်တွေ၊ ချွေးတွေကို ဘာနဲ့ပြန်အစားထိုးမလဲ. . ပြော. . ခင်ဗျား ပြောလေ. . ခင်ဗျားတို့ပြောတဲ့ငွေတွေက ကျုပ်ဘဝမှာ ဘာမှအရေး ကြီးဘူး ရှင်းလား'

တော်တော် လက်ပေါက်ကပ်တဲ့ ကောင်ပဲ။

ဦးဝန်မင်းကို ဦးသုခက

'တော်ပြီဆရာ. . ပြန်ကြရအောင် ဒီလိုအခြေအမြစ်မရှိတဲ့ အတေကောင်နဲ့ ဖက်ပြီးပြောမနေပါနဲ့'

ပြောပြောဆိုဆိုပင် စိုးသော်က ကားကို နောက်ပြန်ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဦးသုခက ကားတံခါးကိုဖွင့်ကာ ဦးဝန်မင်းနှင့်ချယ်ရီကို ကားပေါ်တွန်းတင်လိုက်သည်။ သူတို့အားလုံးကားပေါ်တက်ပြီးနောက် စိုးသော်ကကားကို တရကြမ်းမောင်းထွက်သွားသည်။

ချယ်ရီသည်ထိုသူ၏မျက်နှာကို မဝံ့မရဲဖြင့်နောက်ပြန်လှည့်ကြည့်မိစဉ် အုတ်ခဲတစ်လုံးကို ကောက်ယူပြီး သူတို့ကားဆီ ချိန်ရွယ်ပြီး ပစ်နေတာ တွေ့လိုက်ရသည်။

'ဖေဖေ ခေါင်းငုံ့. . လေးလေးသုခ ခေါင်းငုံ့၊ ခဲနဲ့ပစ်နေပြီ'

ချယ်ရီသည် သူ့အဖေခေါင်းကို လက်ဖြင့်ကိုင်ကာ ခေါင်းငုံ့စေသလို ကားရှေ့ခန်းက လူတွေကိုလည်း သတိပေးသည်။

ခွမ်းကနဲ မြည်သံနှင့်အတူ ကားမှန်သည် ကွဲကြေပြီး မှန်ကွဲစတွေ သူတို့ဆီ လာစင်လေသည်။ ဦးသုခသည် ဒေါသတကြီးဖြင့် ရေရွတ်သည်။

'တောက်. . တော်တော်မိုက်ရိုင်းတဲ့အကောင်၊ လူမှ ဟုတ်ရဲ့လား မသိဘူး၊ တစ်ခါတည်း သူ့ကို ဝင်တိုက်လိုက်ရမှာ'

စိုးသော်က မစဉ်းစားမဆင်မခြင်ဖြင့်

'အချိန်မီသေးတယ်လေ၊ အခု ကျွန်တော် ကားပြန်လှည့်ပြီး ဝင်တိုက်လိုက်ရမလား'

'မင်းက တစ်မျိုး၊ ခုနကတည်းက တိုက်ပစ်လိုက်ရမှာ'





'တော်ပြီ စကားရှည်မနေနဲ့၊ သုခ. . အိမ်ကို ဖုန်းဆက်ပြီး နောက်ကားတစ်စီး လာပို့ခိုင်းလိုက်'

'ဟုတ်ကဲ့ ဆရာ'

စိုးသော်ကား မကျေမနပ်ဖြင့်

'သူ့စိုက်ခင်းက တစ်ပဲခြောက်ပြားတန်တာ မဟုတ်ဘူး. . ကျွန်တော်တို့ကားမှန်က သိန်းချီပြီးတန်တာ၊ ဒီကောင့်ဆီမှာ အလျော်ပြန်တောင်းရမယ်'

ချယ်ရီကား အကြောက်မပြေသေးပါ။ ထိုသူ၏ ခက်ထန်သောရုပ်သွင်က သူမမျက်လုံးထဲမှာ ကင်မရာဖြင့် ရိုက်ယူထားသလို စွဲထင်နေသည်။

ကြောက်စရာကောင်းလိုက်တာ. . .

✽✽



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

ဘန်ဂလိုရောက်တဲ့အထိ ချယ်ရီ့စိတ်တွေ မတည်ငြိမ်သေးပါ။ တွေးတွေးပြီး ကြောက်ဆဲပင်။

ဖေဖေကတော့ အကောင်းမြင်သမားပီပီ ဖြစ်ပြီးလျှင် ပျက်ဆိုသည့် တရားသဘောအရ ဘယ်သူ့အပေါ် မှာမှ အမျက်သိုခြင်း အာဃာတထားခြင်း မရှိတတ်ပါ။ ငွေကြေးအရ ကျိကျိတက်ချမ်းသာပေမယ့် မာနတွေ ထောင်လွှားပြီး မာန်တက်တာမျိုးလည်း ချယ်ရီ့ တစ်သက် တစ်ခါမှ မတွေ့ဖူးပါ။

သူ့အရိပ်ကိုခိုပြီး သူ့လက်အောက်မှာ အလုပ်လုပ်သူအားလုံးကို ဖေးမကာ ကူညီစောင့်ရှောက်တတ်သူမို့ ဖေဖေ့မှာ တပည့်တပန်းတွေ ပေါ်များပြီး သူတို့ကလည်း ဖေဖေ့ကို ရိုသေ ချစ်ခင်ကြ





သည်။

'ပေးဆပ်ခြင်းဆိုတာ လူမမြင်အောင် ရယူခြင်းပဲ'တဲ့။

အဲဒါ ဖေဖေ့ခံယူချက်။

တပည့်တစ်ယောက်က 'ဆရာ. . ကျွန်တော့်မိန်းမ ကလေးမွေးနေလို့'ဆိုတာနှင့် 'ရော့. . ယူသွား၊ ငါးသိန်း'ဆိုပြီး ရက်ရက်ရောရောကို ပေးတတ်တာ။

တပည့်တွေကို အသာထားလို့ သူ့စိတ်ထဲမှာ စေတနာသဒ္ဓါပေါက်လာပြီဆိုလျှင် ဆေးရုံသွားပြီး ဆင်းရဲသည့်လူနာများကို တစ်ယောက် ငါးသောင်းစီ ကိုယ်တိုင် သွားပေးတတ်သည်။

ဒါပေမယ့် သူ့အမည်နှင့်လိပ်စာကိုတော့ ဘယ်တော့မှပြောသိခွင့်မည် မဟုတ်ပါ။

အဲဒီဖေဖေဟာ ချယ်ရီ သိပ်ချစ်ရတဲ့၊ သိပ်ဂုဏ်ယူရတဲ့ ဖေဖေပေါ့. . .

မေမေဆုံးပြီးတဲ့နောက်မှာ ဖေဖေက လစ်ဟာသွားတဲ့ မေမေ့နေရာအတွက် လူစားမထိုးဘဲ ချယ်ရီ့ဘဝလေးကို ပိုပြီး လုံခြုံနွေးထွေးလာအောင်အေးမြတဲ့အရိပ်တစ်ခုကို ဖန်ဆင်းပေးခဲ့တဲ့အတွက် ဖေဖေ့ကို အတိုင်းမသိကျေးဇူးတင်ရပါတယ်. .

ကျေးဇူးပါ ဖေဖေ. . .



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်မှာမွေးပြီး တောင်ပေါ်မှာ ကြီးပေမယ့် ချယ်ရီတ တမ်းခြေမှာဆောက်ထားတဲ့ ဘန်ဂလိုလေးတွေကို သိပ်သဘောကျတာ။ ဒါကိုသိလို့ ဖေဖေက တိတ်ဆိတ်ပြီး အနားယူလို့ကောင်းတဲ့ ဒီရွာလေးမှာ ချယ်ရီ့အကြိုက် ဘန်ဂလိုလေးတစ်လုံးကို ချယ်ရီတစ်ဆယ့်ငါးနှစ်ပြည့်တဲ့နေ့မှာ မွေးနေ့လက်ဆောင်ပေးခဲ့တာ. .

ချယ်ရီလေ. . ပျော်လိုက်တာဆို. . ပြောမပြတတ်အောင်ပါပဲ။

တောင်ပေါ်မှာ ကမ်းခြေမရှိပေမယ့် ဖေဖေဟာ သမီးစိတ်ချမ်းသာအောင် ရေချောင်းလေးနံဘေးမှာ ဒီဘန်ဂလိုလေးကို အလှဆုံးဖြစ်အောင် ဆောက်ပေးထားမှန်း ချယ်ရီသိတာပေါ့။

ရသေ့စိတ်ဖြေလို့ပဲ ပြောရမလား. . ချယ်ရီလေ မနက်စောစော ငှက်ကလေးတွေရဲ့ ကျလိကျလိအသံတွေ ကြားလို့ မျက်လုံးလေးတွေ ပွင့်လာပြီဆိုရင် အိပ်ရာက ချက်ချင်းမထသေးဘဲ မှန်ချပ်အပြည့်တပ်ထားတဲ့ အခန်းထဲကနေ ကြည်လင်ပြီး စိမ်းမြနေတဲ့ အဲဒီရေချောင်းလေးကို တမေ့တမောငေးကြည့်နေတတ်တာ နေ့တိုင်းပဲ။ သစ်ပင်လေးတွေ အုပ်ဆိုင်းပြီး စိမ်းစိုနေတာက တစ်မျိုးထူးဆန်းပြီး ပြန်ရော. .

Breakfast စားဖို့ ဖေဖေ လာခေါ်ခိုင်းမှ ကမန်းကတန်း





ထပြီး သွားတိုက်၊ မျက်နှာသစ်လုပ်ရသည်။

Breakfast ဆိုလို့ ပြောရဦးမယ်. . 'ရိုးမစံအိမ်'က ကြည်ကြည်လို့ ချယ်ရီ ချစ်စနိုးခေါ်တတ်တဲ့ မယ်ကြည်ကလေ တစ်ခါလာပေါင်မုန့်မီးကင် ထောပတ်သုတ်၊ နွားနို့၊ ကြက်ဥကြော်. . ဒါပဲ။

သူ့ရဲ့ မပြောင်းမလဲ သစ္စာရှိတဲ့ နံနက်စာကြောင့် ချယ်ရီသေချင်စော်နံရတာ။

ဒီဘန်ဂလိုက ဘကြီးချက်ကလေ ချက်ဆို နားခွက်က မီးတောက်တဲ့အမျိုး။ လူနဲ့နာမည်နဲ့ အလိုက်ပဲ. .

ချယ်ရီ့အကြိုက်တွေ တစ်နေ့တစ်မျိုးလုပ်ပေးသလို အချက်အပြုတ်ကလည်း ရှယ်ပဲ။

အိမ်မှာ ချယ်ရီ စားရခဲ့တဲ့ ကောက်ညှင်းပေါင်းပူပူလေးနဲ့ ပြုတ်ရယ်. . ဆတ်သားခြောက်ဖုတ် ဆီဆမ်းရယ်. . လက်ဖက်ရည်အချိုရယ်. .

အိုး. . စားလို့ သိပ်ကောင်းတာပဲ။ ဖေဖေကဆို သမီး ဗိုက်နာနေဦးမယ်ဆိုပြီး တားယူရတဲ့အထိပဲ။

မြီးရှည်တို့၊ တို့ဟူးကြော်တို့ဆိုလည်း. . စားလို့ ကောင်းမှကောင်းပဲ။

ပန်းချယ်ရီအဖို့တော့ ဒီရွာကလေးမှာ နေရတဲ့ အချိန်တွေ



www.burmeseclassic.com

www.burmeseclassic.com



တာ လောကနိဗ္ဗာန်ပဲပေါ့။

စားချင်ရာစား၊ သွားချင်ရာသွားပြီး ပေါင်းချင်တဲ့သူနဲ့ပေါင်း နေရတာတိုး။ လှောင်ချိုင့်ထဲက ငှက်ကလေးကို တံခါး ဖွင့်ပေးလိုက် သလို ချယ်ရီတို့က အတောင်မညောင်းမချင်း ပျံဦးမှာပဲ။

သို့သော် ထိုနေ့ညက ချယ်ရီသည် ဘာကြီးချက် ချက်ကျွေး သော ဖွယ်ဖွယ်ရာရာဟင်းတွေကို တို့တိ တို့တိသာ စားနိုင်သည်။

မျက်လုံးထဲမှာ စိုက်ခင်းထဲက မာကြောခက်ထန်သော လူ တစ်ယောက်ကို မြင်ယောင်ရင်း တွေးတွေးပြီး ကြောက်နေမိသည်။

သမီးအမူအရာနှင့်စိတ်ကို အလွတ်ကျက်ထားသော ဦးဝန် မင်းသည် ချယ်ရီ့ကို အိပ်ဆေးတစ်လုံး တိုက်ပြီး စိတ်တည်ငြိမ်လာ အောင် ပျော်စရာလေးတွေ ရှာကြံပြီး ပြောပေးရှာသည်။

အဖေတစ်ယောက်လုံး အနားမှာရှိတော့ သူမစိတ်တွေ ငြိမ် ပြီး လုံခြုံလာသည်။ ချစ်စရာကောင်းသည့် ဖေဖေ့ကို 'Good Night ဖေဖေ'ဟု နှုတ်ဆက်ရင်း သူမ အိပ်ရာဝင်ခဲ့ပါသည်။

ဦးဝန်မင်းလည်း သမီးရဲ့အခန်းမီးကိုပိတ်ပြီး စောင်ခြုံပေး တာ သမီးနဖူးကလေးကို ယုယစွာ ညင်ညင်သာသာလေး နမ်းသည်။ ဒါဟာ သမီးငယ်ငယ်လေးကတည်းက သူ လုပ်လာတဲ့ အလေ့အထ လေးမို့သမီးအရွယ်ရောက်တဲ့အထိ မျက်လုံးထဲမှာ ကလေးလေးလို့သာ





ထင်နေတုန်း. . မိတဆိုးလေးမို့ ပိုပြီး အကြင်နာတွေ ပေးမိသည်။

ဖေဖေက ချယ်ရီ အိပ်ပြီလို့ ထင်ပြီး အသာကလေး ထွက် သွားပေမယ့် အိပ်မပျော်ဘဲ မျက်လုံးတွေ ကြောင်နေသူက ချယ်ရီပါ။

ဖေဖေတိုက်တဲ့ အိပ်ဆေးလည်း မတိုးတော့တာ ဖေဖေသိ မှာ မဟုတ်ဘူးနော်။

အဲဒီလူကို သမီးကြောက်တယ် ဖေဖေ။ ဖြစ်နိုင်ရင် သူ့ပုံရိပ် ကို ဖျောက်ဖျက်ပစ်လိုက်ချင်တာ. . ဒါပေမယ့် သမီးမျက်လုံးထဲမှာ သူ့ရဲ့ရုပ်ကြမ်းကြီးကိုပဲ တစ်ချိန်လုံး မြင်ယောင်နေတာ ဘယ်လိုလုပ် ရမလဲ. . .

ညဥ့်သည် တဖြည်းဖြည်း နက်သထက် နက်လာပြီး ရွာက လေးရှိ လူတွေ အကုန်လုံး အိပ်မောကျကုန်ပြီလားဟုထင်ရလောက် အောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ချယ်ရီတစ်ယောက်သာ အိပ်လို့မရဘဲ မှန်ချပ်ကြီးကိုကျော် လွန်ပြီး ချောင်းကလေးကို ငေးကြည့်နေမိသည်။

လရောင်မှိန်မှိန်အောက်မှာ တောင်တန်းကြီးတွေ ငြိမ်သက် စွာ အိပ်နေကြသလား. . .

တောင်တန်းတွေပဲ ကောင်းပါတယ်လေ. . ဘာခံစားချက် မှ မရှိတာ. . ဘယ်အချိန်မဆို တည်တည်ငြိမ်ငြိမ်ပဲ။ ခံနိုင်ရည်ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



အားချမ်းလိုက်တာများ. . .

ချယ်ရီသည် သူ့အိပ်မပျော်တိုင်း မြင်မြင်သမျှကို အားကျနေမိသည်။

အိပ်လိုက်ချင်ပြီ။

နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်လိုက်ချင်ပါပြီ။

ဟိုလူကြီး. . . မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေနဲ့ အရိုင်းအစိုင်းကြီး. . ရှင့်နာမည် ဘယ်သူလဲဆိုတာ ကျွန်မ မသိဘူး။ ကျေးဇူးပြုပြီး ကျွန်မကို ထပ်မနှောင့်ယှက်ပါနဲ့။ ရှင့်ကို ကြောက်လွန်းလို့ ကျွန်မ သေရတော့မယ်။

ကျွန်မဘဝမှာ ဒီအရွယ်ထိ အမေ မရှိတာကလွဲလို့ ပူပင်သောကဆိုတာ မရှိခဲ့ပါဘူး။ အခု ရှင်နဲ့တွေ့တဲ့အချိန်ကျမှ ကျွန်မ ဗြိုဟ်ဆိုးဝင်ရတာ. .

ရှင့်ရုပ်သွင်ကြီးက အချိန်တိုင်း ကျွန်မကို ကြောက်လန့်နေစေတယ်။ ရှင်က အဲသလောက်တောင် စွမ်းသလား. .

ကြောက်စရာကောင်းတဲ့ ရှင့်မျက်နှာကြီးကို ကျွန်မက ဟော ဒီလို ဟောဒီလို ဆွဲဖြဲပစ်မှာ။

ဟွန်း. . လူကိုက တောပုန်းဓားပြရုပ်၊ သူပုန်ရုပ်။

ချယ်ရီသည် ခေါင်းအုံးကို စိတ်ရှိ လက်ရှိ ထုရိုက်ပစ်ပြီး





ပေါက်ကွဲနေသည်။ ချယ်ရီတို့လို အပျိုဖြန်းကလေးတွေက ဆန်နီကျင်ဘက် ယောက်ျားလေးတွေကို ရင်ခုန်တာ၊ စွဲလမ်းတတ်တာ ကြားဖူးနားဝရှိပေမယ့် ချယ်ရီ့အဖြစ်က ထူးဆန်းစွာပင် အဲဒီယောက်ျားကို ရင်ခုန်တာ မဟုတ်တဲ့ ကြောက်ရွံ့မှုဖြင့် အချိန်တိုင်း ခြောက်လှန့်ခံနေရခြင်း ဖြစ်သည်။

ဖေဖေ့ကို ပြောရဦးမယ်. . ဒီရွာကလေးမှာ ကြာကြာမနေဘဲ 'ရိုးမစံအိမ်'ကို ပြန်ကြရအောင်လို့. . . ချယ်ရီ မပျော်တော့ဘူး ဖေဖေ. . .

✲✲✲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

တကယ်တမ်းမှာတော့ ချယ်ရီသည် သူငယ်ချင်းကောင်မလေးတွေနှင့်တွေ့တဲ့အချိန်မှာ ဖေဖေ့ကို ဘာမှမပြောဖြစ်တော့ပါ။

အရုဏ်တက်ချိန်လောက်ကျမှ မှေးကနဲ ဖြစ်ပြီး အိပ်ပျော်သွားသော ချယ်ရီ့ကို ဝိုင်းပုတို့အုပ်စုက အတင်းလာပြီး နှိုးကြသည်။

'မမပန်းချယ်ရီ . . မမလေး . . ထတော့လေ၊ ဒီနေ့ ဝိုင်းပုတို့ ရေတံခွန်ကို ပျော်ပွဲစားထွက်ရအောင်နော်၊ ဘကြီးချက်က အကုန်စီစဉ်ပေးမယ်လို့ ပြောတယ်'

ရေတံခွန် ဆိုတဲ့အသံကြားတာနှင့် ချယ်ရီ့မျက်လုံးတွေက အလိုလိုပွင့်လာကြသည်။

ထိုရေတံခွန်လေးကို ချယ်ရီ နှစ်သက်သည်။ ဟိုးအမြင့်ကြီး





ကနေ အရှိန်အဟုန်ပြင်းပြင်းဖြင့် စီးဆင်းနေတာကိုက တစ်မျိုးစိတ်လှုပ်ရှားဖို့ ကောင်းသည်။

ပြီးတော့ လူသွားလူလာနည်းတဲ့အတွက် ချယ်ရီတို့မိန်းကလေးတွေအတွက် ရေချိုးရတာ ပိုပြီး လွတ်လွတ်လပ်လပ်ရှိသည်။

အေးမြနေတဲ့ ရေအိုင်ကလေးမှာ ရေစိမ်ပြီးချိုးရတာ ချယ်ရီ အရမ်း နှစ်ခြိုက်သည်။ ရေတံခွန်အောက်မှာ ရေခံပြီး ချိုးရတာကလည်း အိမ်က ရေပန်းအောက်မှာ ချိုးရတာနှင့်ဘာမှမတူပါ။

'ဖေဖေ့ကို ပြောပြီးပြီလား ဝိုင်းပု၊ ဖေဖေက ခွင့်ပြုရဲ့လားဟင်'

ချယ်ရီက စိုးထိတ်စွာ လှမ်းမေးမိသည်။

'ဦးက သွားခိုင်းတာ မမလေးရဲ့၊ ဒီနေ့လေ ဝိုင်းပုတို့လာတာနဲ့ဦးက ပြောတယ်၊ နင့်မမလေးကို ရေတံခွန်ခေါ်သွားကြတဲ့ . . စားသောက်တွေ၊ အအေးတွေ အကုန်စီစဉ်ပေးလိုက်မယ်၊ ဦးသုခနဲ့စိုးသော်ကို ခေါ်သွားလို့ပြောလို့ မမလေးကို လာနှိုးတာ . . ထနော် . . အရှေ့က နံနက်စာလည်း အဆင်သင့်ဖြစ်နေပြီ၊ မမလေးကြိုက်တဲ့ ပဲပြုတ်အင်းဆီဆမ်းနဲ့ ငါးရံ့ခြောက်ဖုတ်လေး ယူလာပေးတယ် သိလား'

ဝိုင်းပုတို့အုပ်စုက တစ်ယောက် တစ်ပေါက် ဆူညံစွာ ပြောသူက ပြော၊ ချယ်ရီ့ကို ဝိုင်းပြီး ဆွဲသူက ဆွဲနှင့် ဘန်ဂလိုလေးသည်



www.burmeseclassic.com

www.burmeseclassic.com



ခဏလေးအတွင်းမှာ စည်စည်ကားကားလေး ဖြစ်သွားပါသည်။

'တို့မမလေးက ဒီဆံပင်ပုံလေးနဲ့ ပိုလိုက်တယ်တော့၊ ဖြောင့်စင်းနေတာပဲဟယ်. . ငါတို့ဆံပင်နဲ့များ ကွာပ'

ရွာသူလေးတွေဆိုတော့ သူတို့အမြင်မှာ ချယ်ရီ့ကို ရုပ်ရှင်မင်းသမီးလောက်နီးနီး ထင်နေပါသည်။

ချယ်ရီကလည်း သူတို့ထင်သလိုကို လှပါသည်။

ပခုံးကျော်ရုံ ဆံပင်ဖြောင့်ဖြောင့်ကလေး ရှိပြီး နဖူးပေါ်မှာဆံပင်ကို ညီညီလေး ချကာ ခေါင်းစည်းပဝါလေးတွေ၊ ဘီးကုတ်လေးတွေ၊ ကလစ်လေးတွေကို အင်္ကျီနှင့်လိုက်ဖက်အောင် အလှဆင်တတ်သောချယ်ရီသည် ပီဘိကလေးလေးတစ်ယောက်လို အပြစ်ကင်းစင်ပြီး လှပပါသည်။

ချယ်ရီ သွားတိုက်ပြီး မျက်နှာသစ်နေချိန်တွင် ဝိုင်းပုက အင်္ကျီဝိုင်းရွေးပေးနေသည်။

ချယ်ရီ့သေတ္တာကို သူတို့ဖွင့်ပြီး များပြားလှပလှသည့် အဆင် ဆန်းအင်္ကျီများကို အထူးအဆန်းတွေ ဖြစ်ပြီး ငေးမောကြသည်။

Accessories တွေ ထည့်ထားသည့် သေတ္တာသေးသေးလေးကို ဖွင့်ကြည့်သူက ကြည့်ကြသည်။





'ဟယ်. . ဒီဂါဝန်လေးက လှလိုက်တာ၊ မမလေးနဲ့ဆို သိပ်လိုက်မှာပဲ၊ ဒါလေး ဝတ်လိုက်နော် မမ'

အဖြူလွှလွှဂါဝန်ပေါ်မှာ အနီရောင်ပန်းပွင့်လေးတွေ လိုက်တပ်ထားသော အင်္ကျီလေးကို သူတို့ကျေနပ်အောင် ချယ်ရီက ဝတ်ပေးလိုက်ရသည်။ ဒီရွာလေးကို ရောက်ရင် သူတို့ပြုသမျှ နုရမြဲပင်။

'မမလေးရေ ကွေးကလေး. . ကွေးကဲလေးနော်၊ ဒီအချိန်ဆောက်သွားမှ တော်ကာကျမှာ'

'ဟင်. . ဘာကြီးလဲ. . ဘာကို ကွေးရမှာလဲဟဲ့'

နှင်းနှင်းက သဘောမပေါက်ပေမယ့် ချယ်ရီက သဘောပေါက်ပါသည်။ ဝိုင်းပုက သူကြားဖူးနားဝရှိသလို ဘိုလိုမှတ်ကြည့်ခြင်း ဖြစ်သည်။ ရယ်ချင်စရာလည်းကောင်းသည်။

မြန်မြန်လုပ်ပါ(quickly)ကို သူက ကွေးကလေးဟုပြောခြင်းဖြစ်သည်။

ချယ်ရီသည် သူမအင်္ကျီကို အပြီးသတ်ရေမွှေးဆွတ်ပြီး

'မြန်မြန်လုပ်ခိုင်းတာပါ နှင်းနှင်းရယ်. . ကဲ. . လာ၊ သွားကြမယ်'

ဟုဆိုကာ မြူးမြူးကြွကြွ ကြော့ကြော့မော့မော့လေး ထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



♬ တောင်ပေါ်မြေမှာ တော်ဝင်ပိတောက်ပန်းမရှိပေမယ့်
ဖြူစင်စေတနာ အရိုးခံစိတ်ရင်းရှိကြတယ် ♬

SURF ကားကလေးက တောင်ပေါ်လမ်းကလေးအတိုင်း တရိပ်ရိပ်ပြေးလွှားနေသည်။ စိုင်းထီးဆိုင်သီချင်းတွေကို ကြိုက်သော နှစ်သက်သော ချယ်ရီ့အတွက် စိုးသော်က လက်ရွေးစင်ရွေးပြီး သွင်းပေးထားသောသီချင်းတွေကို ငိုင်းပုတို့အုပ်စုကလည်းကြိုက်ကြသည်။

သူတို့တစ်အုပ်စုလုံး မြူးနေကြသည်။

သီချင်းကို သံပြိုင်လိုက်ဆိုပြီး ချယ်ရီ့ကို စနေကြသည်။

♬ ချယ်ရီကိုသာ ပန်ကာ ကျေနပ်ကွယ် ♬

သူတို့ ဘယ်လိုပဲ စစ. . . တောင်ပေါ်မှာမွေးပြီး တောင်ပေါ်မှာပွင့်တဲ့ ချယ်ရီပန်းလေးတွေကို သူမ ချစ်သည်။

'ပန်းချယ်ရီ' ဆိုတာ ပင်လယ်ရေမျက်နှာပြင်အထက် ပေါင်းများစွာမှာပဲ ပွင့်တဲ့. . တောင်ပေါ်က တော်ဝင်ပန်းပဲ မဟုတ်လား။

ဖေဖေက သူ့ရဲ့ တစ်ဦးတည်းသော သမီးလေးကို တော





ပေါ်ရဲ့သင်္ကေတ ချယ်ရီပန်းကလေးနဲ့ တင်စားပြီး အမည်ပေးခဲ့တာ တဲ့. . .

'ဘကြီးချက် ဘာတွေစီစဉ်ပေးလိုက်လဲဟင်. . ဗိုက်တောင် ဆာလာပြီ'

'အစုံပဲ. . အကင်လုပ်ဖို့ ကြက်၊ ဝက်၊ ငါး၊ ဝက်အူချောင်း၊ အာလူး၊ ငုံးဥ အကုန်ပါတယ်. . ဟိုရောက်မှ မီးမွှေးပြီး ကင်ရုံပဲ. . ဝက်သားချဉ်လည်း ပါတယ်၊ ဆလပ်ရွက်သုပ်လည်း ပါတယ်၊ လက် ဖက်နဲ့ ဆတ်သားခြောက်လည်း ပါတယ်'

'အမယ်လေး. . ပြောရင်းနဲ့တောင် သွားရည်ကျလာပြီ၊ အဲ ဒါတွေကြောင့် ဘကြီးချက်ကို ချစ်နေရတာ'

ချယ်ရီက သွက်သွက်ကလေးပြောတော့ ဦးသုခက အဟမ်း အဟမ်း လုပ်ပြီး အသံပေးသည်။

'အဟင်း. . ဆောရီး. . ဆောရီး. . ဘသုကြီးကိုလည်း ချစ် ပါတယ်'

'ဟား. . ဟား. . ဖားနေတာ မဟုတ်လား၊ မမလေးရေ. . အခုထုပ်ရေးချ ဖာ၊ ဝစ္စနှစ်လုံးပေါက်. . ဖား'

'ဝိုင်းပုနော်. . ငါ ဝယ်လာတဲ့ မုန့်တွေ အကုန်လုံး နှင်းနှင်း တို့ ကျွေးပစ်လိုက်မယ်နော်၊ ဘာမှတ်နေလဲ ဟင်း. . '



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့် စကားနိုင်လုနေရလို့ စိုက်ခင်းထဲမှ gipsy ဆန်ဆန်လူတစ်ယောက်ကို တဒင်္ဂ မေ့သွားပါသည်။

ဖြစ်နိုင်ရင် အဲဒီကျက်သရေမရှိတဲ့လူကို အာရုံထဲကို မထည့်ချင်တာ. . .

ချစ်ခင်လို့ သတိရတာက ဘာအရေးလဲ။ ခုဟာက မုန်းလို့ အမြင်ကပ်လို့ အချိန်တိုင်း မြင်ယောင်နေတာ ဘယ်လောက်အဖြစ်ဆိုးသလဲ။

ဒင်းကြောင့် ညက တစ်ညလုံး အိပ်ပျက်ရတာ. .

ချယ်ရီသည် မကျေနပ်စိတ်ဖြင့် နှုတ်ခမ်းလေးကို မသိမသာ ကိုက်လိုက်မိသည်။

တောင်တန်းတွေနှင့် တောင်ခိုးတွေ တစ်ဆက်တည်းဖြစ်နေသောမြင်ကွင်းက သိပ်လှလွန်းတော့ ချယ်ရီ့ကို ကောင်းစွာဆွဲဆောင်ထားပါသည်။

တောင်ပေါ်သူဖြစ်လို့သာ ဒါတွေကို တွေ့ခွင့်မြင်ခွင့်ရတာပေါ့. .

တကယ်လို့ ချယ်ရီသာ မြေပြန့်မှာ နေတဲ့သူဆိုရင် ဒီလိုသဘာဝအလှအပတွေကို ဘယ်ခံစားလို့ရမှာလဲ. . .



## အခန်း(၁၅)

တောင်ပေါ်မှ အရှိန်ယူပြီး တဖွားဖွားစီးဆင်းနေသော ရေတံခွန်လေးကို လှမ်းမြင်လိုက်သည်နှင့် ချယ်ရီက အသံကျယ်ကျယ်ဖြင့် မြူးမြူးကလေး လှမ်းအော်ပါသည်။

'ဟေး. . ဟိုမှာ. . ရေတံခွန်ကလေး တွေ့ပြီဟေ့. . . ပျော်လိုက်တာ. . ရေတံခွန်ကလေးရေ. . မင်းကို ငါ လွမ်းနေတာ သုံးလတောင်ရှိပြီနော် သိရဲ့လား'

နှင်းနှင်းက ချယ်ရီ့ကိုကြည့်ပြီး တအံ့တဩဖြင့်

'မမရယ်. . ရေတံခွန်တွေ့တာများ ရည်းစားနဲ့တွေ့တာကျနေတာပဲ၊ အလွမ်းသယ်နေလိုက်တာ ဟား. . ဟား'



www.burmeseclassic.com

www.burmeseclassic.com



'နှင်တို့က ပြောအားရှိမှာပေါ့ဟဲ့. . အမြဲလို ရောက်နေတဲ့ ဉစ္စာ. . ငါ့မှာ ဒီတစ်ခါ လာဖို့အရေး. . ဖေဖေ့ကို ဘယ်လောက်ပြောရတယ် မှတ်လဲ. . ဒါပေမယ့် ဒီတစ်ခါ လာရတာ သိပ်မပျော်ရသလိုပဲ နှင်းနှင်းရဲ့'

ချယ်ရီက သူ့ဘာသာ ကျိတ်ပြီး နာမည်ပေးထားသော ကိုခက်ထန်ကို မြင်ယောင်ပြီး ရင်ဖွင့်မိခြင်း ဖြစ်သည်။

'ပြောစမ်း. . ပြောစမ်း. . တို့မမလေးကို မပျော်အောင်လုပ်တာ ဘယ်သူလဲ'

ဝိုင်းပုအမေးကို ဦးသုခက ဝင်ဖြေသည်။

'ဘယ်က အကောင်လဲ မသိပါဘူးကွယ်. . ဘဘတို့ ဒီတိုအလာ ရွာကလေးရဲ့အဝင်ဝနားလောက်မှာ ကားတစ်စီးကို ရှောင်ရင်း စိုက်ခင်းတစ်ခုပေါ် ဘဘတို့ကားက ကျသွားတော့ သူ့စိုက်ခင်းတွေ ပျက်စီးကုန်တာပေါ့. . . ဒါနဲ့ ဘဘတို့လည်း လျော်ကြေးပေးမလို့ တောင်းပန်တဲ့ဟာ မချေမငံနဲ့ အပြောအဆိုကရိုင်းစိုင်းလိုက်တာ၊ ပြောဆိုရ လက်ပေါက်ကပ်လွန်းလို့ ဘဘတို့ပြန်လာကြတာအုတ်ခဲ နဲ့ လှမ်းပစ်လို့ ကားမှန်တောင် ကွဲသွားတယ်'

'နေဦး ဘဘ၊ အဲဒီကောင်က မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေနဲ့ မဟုတ်လား၊ ရုပ်ကြမ်းစိတ်ကြမ်း ဗလက တောင့်တောင့်လေ'





ဝိုင်းပုကဗေဒင်ဆရာမလေသံလိုလိုအကြားအမြင်ရနေတဲ့သူလိုလို လေသံဖမ်းပြီး မေးတော့

'ဟုတ်တယ် သမီး. . အဟုတ်ပဲ၊ သမီး ဘယ်လိုလုပ်သိနေသလဲ. . သူနဲ့ခင်လို့လား'

'ခင်ပါဘူး၊ ဒီလူက တစ်ယောက်တည်းနေတာ၊ တစ်ရွာလုံးဘယ်သူနဲ့မှ မရောဘူး၊ နောက်ပြီး သူက ထော်လော်ကန့်လန့်၊ ဘုကျကျရယ်၊ စိတ်မထင်ရင် မထင်သလိုလုပ်တတ်တာ. . သူ့နာမည်က မဟာ. . တဲ့'

မဟာ. . မဟာ. . တဲ့လား. . နာမည်ကတော့ ခမ်းနားပါတယ်၊ ထည်ဝါပါတယ်လေ. . လူက မဟာမဆန်ဘဲ ခက်ထန်ကြမ်းကြုတ်နေတာများ ကြောက်စရာကြီး။

'ခေါင်းထဲ မထည့်ပါနဲ့ မမလေးရာ၊ ရောက်တုန်းရောက်ခိုက် ပျော်ပျော်သာ နေနော်. . လာ. . ရေတံခွန်မှာ ရေချိုးရင်း အနားသူရအောင်၊ ထမင်းစားပြီးရင် ဆော့ကစားကြမယ်လေ'

'ဘာတမ်းကစားမှာလဲ ဝိုင်းပု'

'တူတူပုန်းတမ်း'

'အတော်ပဲတော်. . တူတူ မပုန်းရတာ ကြာပြီ၊ ဘာသုခရေ. .



www.burmeseclassic.com

www.burmeseclassic.com



သမီး ရေချိုးနေတုန်း barbecue လုပ်ထားပေးနော်'

'လုပ်ပေးထားမယ် သမီး၊ အေးအေးဆေးဆေးသာ သွားချိုး တော့ ဟုတ်လား'

မိန်းကလေးတစ်ယောက်ကို ပန်းလေးတစ်ပွင့်နှင့် ပမာတင်စားပြီး ခေတ်အဆက်ဆက်ပြောဆိုခဲ့ကြပေမယ့် အဖူးအငုံဘဝကနေပြီး ပွင့်အာလာတဲ့ ချယ်ရီဆိုတဲ့ ပန်းကလေးကိုတော့ နှိုင်းယှဉ်လို့မိနိုင်မယ် မထင်ပါဘူး။

ဦးသုခသည် သူငယ်ချင်းတွေ တစ်အုပ်ကြီးနှင့် ရေတံခွန်ဆီအပြေးကလေး ထွက်သွားသော ချယ်ရီလေးကို ပြုံးပြုံးကြီးကြည့်ပြီး မီးသွေးမီးဖိုဖြင့် မီးစပြီး မွှေးလေသည်။

ကိုယ့်လက်ပေါ်မှာ ကြီးလာတဲ့ မိတဆိုးသမီးကလေးကို သံယောဇဉ်တွေ တွယ်ပြီး စောင့်ရှောက်လာခဲ့သည်။

ဘဝရေစက်ပဲကိုး. . .





ရေတံခွန်အောက်ကို ဝင်လိုက်တယ်ဆိုရင်ပဲ အေးမြမှုကတစ်ကိုယ်လုံးအနှံ့စီးဝင်သွားသလိုခံစားရပြီး စိတ်မှာ ရှုပ်ထွေးနောက်ကျိနေသမျှ ပြေလျော့သွားစေသည်။

ချယ်ရီသည် သူငယ်ချင်းတွေနှင့်အတူ ရေချိုးပြီး ဆော့နေမိသည်။ ဝိုင်းပုတို့က ရေဖြင့် ဝိုင်းပက်တာကို ရှောင်ရင်း ပြေးရင်း ရေထဲမှတက်ကာ ကျောက်တုံးများနောက်တွင် အသာကလေး ပုန်းနေမိသည်။

ပုန်းရတဲ့အရသာက ဘာနဲ့မှမတူဘဲ ရင်ထဲတွင် တထိတ်ထိတ်ရှိလှသည်။

ချယ်ရီသည် သူ့ကို ဝိုင်းပုတို့ မြင်သွားမှာစိုးလို့ ကိုယ်လုံးလေးကို ကျုံ့နိုင်သမျှ ကျုံ့ရင်း ပြုံးစိပြုံးစိဖြင့် ပျော်နေမိသည်။

ရုတ်တရက် ဆောင့်ဆွဲလိုက်သော လက်ကြမ်းကြီးများ၏ အထိအတွေ့ကြောင့် ချယ်ရီသည် အထိတ်ထိတ် အလန့်လန့်ဖြင့် သူ့ကိုကြည့်မိသည်။

'ဟင်. . ရှင်. . ရှင်. . ဟို. . ဟိုလူ'

တောင့်တင်းဖုထစ်နေသောကြွက်သားစိုင်ကြီးများဖြင့် ခန္ဓာကိုယ်အပေါ်ပိုင်း ဗလာကျင်းနေသော စိုက်ခင်းထဲက လူ။

ထိုသူက ချယ်ရီ့ကို စူးရဲစွာ စိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏အကြည့်ရိုင်းရိုင်းများက ချယ်ရီ့ကိုယ်ပေါ်မှာ သွေးအေးစွာ အားမနာတမ်းကျရောက်နေသည်။

ကြောက်လိုက်တာ. . ချယ်ရီ ကြောက်လိုက်တာ ဖေဖေ. .

အသားတွေ တဆတ်ဆတ်တုန်တဲ့အထိ ချယ်ရီကြောက်နေပါသည်။ ဆေးအကူမပါတဲ့ နှုတ်ခမ်းရဲရဲလေးခမျာ ပြင်ဆင်ချိန်မရဘဲ ကျရောက်လာသည့် ကံကြမ္မာကြောင့် အံ့ဩတုန်လှုပ်ကာ ကတုန်ကယင်လေး ဖြစ်နေသည်။

နားလည်ရခက်သော မဟာသည် သူ့နှုတ်ခမ်းပေါ် လက်ညှိုးတစ်ချောင်း တင်ရင်း ချယ်ရီ့ကို တိတ်တိတ်နေရန် အချက်ပေးလိုက်သည်။

နဂိုကမှကြောက်ရတဲ့အထဲ ချယ်ရီသည် ပိုလို့တောင်မှထိတ်လန့်သွားမိပြီး အသက်ကိုပင် မနည်းဝအောင် ရှူနေရသည်။

သူ့မျက်ဝန်းညိုညိုတွေက ချယ်ရီ့တစ်ကိုယ်လုံးကို ကျုံ့ဝင်သွားစေသည်။

ဖြစ်နိုင်ရင် ထွက်ပြေးသွားချင်ပါသည်။ သူငယ်ချင်းတွေကို အော်ပြီး ခေါ်လိုက်ချင်သည်။

'ဘသုရေ'လို့ အားကိုးတကြီး ခေါ်လိုက်ချင်ပါသည်။ လက်တွေ့မှာတော့ သူ့ပါးစပ်ကလေး ခေတ္တလေဖြတ်နေလေသည်။





ကြည့်ရင်း ကြည့်ရင်း သူ့အကြည့်တွေ ပိုပြီး လေးနက်လာသည်။ ချယ်ရီ့မျက်ဝန်းထဲမှာ သူ တစ်ခုခုကို အသည်းအသန်လိုက်ရှာနေသည်။

ချယ်ရီ ဘာဖြစ်နေပြီလဲ။ အေးစက်မာကြောတဲ့ သူ့အကြည့်တွေအောက်မှာ လွင့်ကြွေသွားပြီလား. . .

ညအမှောင်ထဲမှာ ရပ်နေတုန်း လမ်းပျောက်နေတဲ့ ကလေးလေးလို. . ပင့်ကူမျှင်တွေ ရစ်ပတ်ထားလို့ လှုပ်ရှားမရတဲ့ ပိုးကောင်လေးတွေလို ချယ်ရီ အညှို့ခံထားရသလို ခံစားရသည်။

ရေတွေ ရွှဲရွှဲစိုနေလို့ ချယ်ရီ့ကိုယ်လုံးအလှလေး အတိုင်းသား ပေါ်လွင်နေသည်။

မဟာသည် တိုက်ဆိုင်စွာ တွန်းပို့လိုက်သော ကံကြမ္မာကို ကျေးဇူးအခါခါ တင်မိသည်။ ရည်ရွယ်မထားပါဘဲ lesson ပေးချင်၍သက်သက်စိတ်ရိုင်းလေးကစက္ကန့်ပိုင်းအတွင်း ဦးနှောက်ထဲရောက်လာခဲ့သည်။

ရေပေါ်ဆီတွေကို လက်တွေ့ဘဝထဲ ဆွဲခေါ်ပြီး ပြလိုက်ချင်သည်။ ငွေမရှိလို့ ကာယကို အားပြုပြီး အသက်မွေးနေရတဲ့ လူမွဲတွေအပေါ်မှာ ခူးခပ်ပြီး သုံ့ယူစားသုံးနေတဲ့ သူဌေးဆိုတဲ့ လူတွေကို ကြည့်လို့မရတာ မဟာ ငယ်ငယ်ကတည်းက. .



www.burmeseclassic.com

www.burmeseclassic.com



အဲဒီသူဌေးဆိုတဲ့ သူဌေးထဲက လူတစ်ယောက်ဟာ အမေ့ကို တျော်ရရှိကြံပြီး ဗိုက်တစ်လုံးနှင့်ပစ်ထားခဲ့လို့ သူ့ဘဝသည် ငယ်စဉ်ကပင် လင်ကောင်မပေါ်ဘဲ မွေးတဲ့သားအဖြစ် သူများကဲ့ရဲ့တာ၊ နှိမ်တာတွေနှင့် ဘဝ စ,ခဲ့ရသည်။

ချွေးစက်တွေ အများကြီးက ဒင်းတို့ကို ဖျော်ဖြေဖို့လား. . ပျော်စေဖို့လား. . မျက်ရည်ပေါက်ကြီးငယ် ဘယ်လိုကျရတယ် ဆိုတာ ကောင်းကောင်းသင်ပေးဖို့လိုနေပါပြီ။

မှဟာသည် စိုရဲနေသော နှုတ်ခမ်းလေးကို ဖိကပ်ပြီးနောက် စိတ်ရှိလက်ရှိပင် နမ်းလိုက်မိသည်။ သန်မာမြဲမြံလှသော သူ၏လက်ကြမ်းကြီးများက ချယ်ရီ့တစ်ကိုယ်လုံးကို တင်းကြပ်စွာ သိုင်းဖက်ထားလိုက်သည်။

အတွေ့အကြုံ မရှိသော အရိုင်းပန်းကလေးမှာ ဆန့်ကျင်ဘက်က ပေးသော အရိုင်းဆန်သည့် အပြုအမူကြောင့် ရှက်လည်းရှက်၊ ရွံလည်း ရွံ၊ ကြောက်လည်း ကြောက်စွာ ဒူးတွေကွေးညွတ်ချင်လာသည်။

ချယ်ရီ ဘာလုပ်ရမလဲ. . ဖေဖေရေ. . သမီးကို ကယ်ပါဦး ရင်ထဲတွင် အကြိမ်ကြိမ် တိုင်တည်နေမိတာက ဖခင်ဦးဝန်မင်းဆီကို၊ သူမမျက်ဝန်းမှ မျက်ရည်တွေက အတားအဆီးမဲ့စွာ စီးကျလာသည်။





'မမလေးရေ. . မမလေး ဘယ်မှာလဲ. . ဟိုမှာ ဘဘသုကြီးခေါ်နေပြီ၊ အကင်စားလို့ရပြီတဲ့'

ဝိုင်းပုရဲ့အော်ခေါ်သံလည်း ကြားရော. . အားကိုးရပြီ ဆိုပြီး ချယ်ရီသည် ရှိစုမဲ့စုအင်အားလေးဖြင့် လူကြမ်းကြီး၏ ကိုယ်ကိုဆောင့်တွန်းကာ အသံကြားရာဘက်သို့ တရကြမ်း ပြေးထွက်လာခဲ့သည်။

မျက်ရည်တွေကို လက်ခုံဖြင့် ဆွဲပွတ်သုတ်ပစ်လိုက်ပြီး မျက်နှာကို ပြင်ယူလိုက်ရသည်။

မိစ္ဆာကောင်၊ ဘီလူးလိုအကောင်။

အိပ်ပျက်အောင် ခြောက်လှန့်ရုံတင်မကဘူး၊ အပြင်မှာပါ သိုက်ပြီး နှောင့်ယှက်တဲ့သူ. .

သူ့ရန် သူ့အန္တရာယ်က လွတ်မြောက်ဖို့ဆိုတာ. . ဒီရွာကလေးကနေ မြန်မြန်ထွက်သွားဖို့ တစ်လမ်းတည်းသာ ရှိတော့သည်။

ဝိုင်းပုကို အတွေ့မှာ ငိုချင်စိတ်ကို ဖိနှိပ်မျိုသိပ်ရင်း 'လာသွားစို့'ဟု တစ်ခွန်းတည်းသာ ပြောမိသည်။

'မမလေးတို့များ ပုန်းရာမှာ စပါယ်ရှယ်လစ်နော်. . . ရှာသိုက်ရတာ ဖတ်ဖတ်ကို မောရော'

လျှာလေးတစ်လစ်ထွက်ပြီး အမောဆို့နေသော ဝိုင်းပုပုံစံ



www.burmeseclassic.com

www.burmeseclassic.com



တို ခါတိုင်းအချိန်မှာ ရယ်မိမှာဖြစ်ပေမယ့် အခုချိန်မှာတော့ အာသီ နှင့်ကိုယ် တင်းကွာနေသဖြင့် သိပ်ပြီး သတိမထားမိဘဲ ငြိမ်သက်စွာ တိတ်ဆိတ်နေသည်။

ထိုနေ့က ထွက်ခဲ့ရသော picnic သည် ချယ်ရီ့အတွက် ပျော်စရာများ ပျောက်ဆုံးစေပြီး အမျိုးအမည် တပ်လို့မရတဲ့ ခံစား ချက်တစ်ရပ်ကို မတင်မကျ ဖြစ်စွာ၊ မခံမရပ်နိုင်ဖြစ်စွာ ရင်ထဲတွင် တစ်ယောက်တည်းမျိုသိပ်ခံစားရင်း ထမင်းလည်း ဖြောင့်ဖြောင့်မစား နိုင်တော့ပါ။

ချယ်ရီ ထမင်းစားနည်းတာကို ကြည့်ပြီး ဦးသုခက စိုးရိမ် စွာ လှမ်းမေးသည်။

'သမီး. . စားတာ နည်းလှချည်လား'

'သမီး ရင်ခံနေလို့ပါ ဘာသု၊ ဘန်ဂလိုကို ပြန်ချင်ပြီ'

'ပြန်မယ်လေ သမီး၊ ကဲ. . မောင်စိုး. . ပစ္စည်းတွေ သိမ်း တော့'

ဒီကောင်မလေး ဘာဖြစ်သွားတာလဲ။ ခုနကတင် သူငယ် ချင်းတွေနဲ့ မိုးမမြင်လေမမြင်ပျော်နေတဲ့ ကလေး. .

ဇေကန္တတော့ တစ်ယောက်ယောက်ကို စိတ်ကောက်နေပြီ ထင်တယ်. .





ဒါလည်း မဟုတ်သေးပါဘူး. . . ချယ်ရီလေးက ဘာမဆို သည်းခံတတ်တဲ့ ကလေး. . .

စဉ်းစားလေ တွေးရ ကျပ်လေပင်။

ချယ်ရီ မပျော်တာကို ကြည့်ပြီး စိတ်မကောင်းဖြစ်ရသူက ဦးသုခ ဖြစ်သည်။

(စေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

ဦးဝန်မင်းသည် ဘန်ဂလိုရှေ့တွင် ဝါးကုလားထိုင်လေးပေါ် ထိုင်ရင်း ဂုဏ်တော်တစ်ထောင် ပုတီးစိတ်နေသည်။

သူ့လောက် အေးချမ်းတာလည်း မရှိတော့ပါ။

လောဘမရှိ။ ဒေါသမရှိ။ မာန်မာနမရှိ။

ခန္တီတရားဆိုလည်း ထိပ်ဆုံးက. . .

အားလျှင် တရားခွေဖွင့်ပြီး တရားနာမည်။ တရားစာအုပ် ဖတ်လျှင် ဖတ်၊ မဖတ်လျှင် တရားထိုင်သည်။

သူ့ဘဝမှာ ကြီးကြီးမားမား တွယ်တာစရာ သံယောဇဉ်ဆိုလို့ သမီးလေးတစ်ယောက်တည်းသာ ရှိသည်။





သူ ဒီလောကထဲက ကွယ်ပျောက်သွားတဲ့တစ်နေ့မှာ သမီးလေး နောင်ရေး စိတ်အေးရအောင် အားလုံးစီစဉ်ထားပြီးသား။

နောက်ဆုံး ဘယ်လောက်တောင် စဉ်းစားထားသလဲဆိုရင် သမီးနဲ့သင့်တော်မယ့်သူကိုတောင် ရွေးထားပြီးဖြစ်သည်။

ဒါပေမယ့် သမီးလေးက ငယ်သေးတော့ ဖွင့်မပြောသေးဘဲ အချိန်တစ်ခုကို စောင့်နေရသည်။ အမေပြောရမယ့်စကားတွေကို အဖေတစ်ယောက်အနေနဲ့ ပေါ်ပေါ်တင်တင် အသိပေးဖို့ ကျပြန်တော့လည်း အခက်တွေ့လှသည်။

ဘန်ဂလိုရှေ့တွင် ကားရပ်သံကြား၍ သူ့မျက်လုံးတွေ ဖွင့်ကြည့်မိသည်။

'ဖေဖေ သမီးပြန်လာပြီနော်'

'သမီးလေး. . ဒီနေ့ပြန်လာတာ စောလှချည်လား'

'သူ သိပ်နေမကောင်းဘူးလို့ပြောတယ် ဆရာ. . ဆရာဝန်သွားပင့်ပေးရမလား'

ဦးသုခက ပြောပြတော့ ဦးဝန်မင်းသည် စိတ်ပူပြီး သမီး၏ မျက်နှာလေးကို စမ်းကြည့်သည်။

'ကိုယ်တော့ မပူပါဘူး၊ သမီး ဘယ်လိုခံစားနေရလဲ ဖေဖေ့ကို ပြောလေ'



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို သမီးဘယ်လိုပြောရမှာလဲရှင်။

ချယ်ရီ. . နင့်စိတ် နင်နိုင်အောင် ထိန်းစမ်း။ နင့်အဖေက ဒီလောက်အေးချမ်းတာ၊ သူ့ရင်ထဲကို အပူတွေ ထည့်ပေးမလို့လား။

'ဘာမှမဟုတ်ပါဘူး ဖေဖေရဲ့၊ ခေါင်းထဲက သိပ်မကြည်လို့ပါ. . သမီး ညတုန်းက အိပ်ရာအပြောင်းအလဲဖြစ်လို့ အိပ်မပျော်လို့ ထင်တယ်. . ဖေဖေ ထမင်းရော စားပြီးပြီလား'

'စားပြီးပါပြီကွယ်. . ဒါပေမယ့် သမီးမျက်နှာလေးကြည့်ပြီး မစားရတော့ သိပ်မမြိန်သလိုပဲ'

ဒါတွေကြောင့်ပဲ ချယ်ရီ ဖေဖေ့ကို ခွဲမသွားရက်တာ. . ဒါတွေကြောင့်ပဲ. .

အဖေတစ်ခု သမီးတစ်ခုဘဝမှာ သားအဖနှစ်ယောက် အပူအပင်မရှိခဲ့ဘဲ အခု ဒီရွာကလေးရောက်မှ စိတ်တွေ နောက်ကျိလာအောင်၊ လေးလံလာအောင် နှောင့်ယှက်တတ်တဲ့ မိစ္ဆာကောင်နဲ့တွေ့ရတာ. .

'ဖေဖေ. . သမီး ခဏလောက် သွားအိပ်လိုက်ဦးမယ်နော်'

ဖေဖေ့ရှေ့မှာ ကြာကြာနေဖို့ ချယ်ရီ လိပ်ပြာမလုံပါ။ ဒါပေမယ့် ချယ်ရီ ဘာအပြစ်မှကျူးလွန်ထားတာ မရှိဘူး၊ ဝဋ်ကြွေးပါလာလို့ ချယ်ရီ ဆပ်လိုက်ရတာ၊ ဒီလောက်နဲ့တင် ကျေပါစေတော့. . .





'ဖေဖေ့သမီး ကြည့်ရတာ သိပ်မလန်းသလိုပဲ. . သမီးလေး အဖေတို့ 'ရိုးမ'ကို ပြန်ကြမလား'

'ဒါဆို မနက်ဖြန်ပဲ ပြန်ကြရအောင် ဖေဖေ'

ချယ်ရီပြောတာကို ကြားတော့ ပိုင်းပုတို့အုပ်စုမှာ ချက်ချင်း ပင် မျက်နှာလေးတွေ ငယ်ကုန်ကြသည်။

'မပြန်ပါနဲ့ဦး မမလေးရယ်. . ရောက်တာမှ တစ်ရက်ပဲ ရှိသေးတဲ့ဥစ္စာ. . မမလေး ပြန်သွားရင် ပိုင်းပုတို့ လွမ်းပြီးကျန်ခဲ့ရမှာ'

ဒီလိုဆိုတော့လည်း ချယ်ရီ စိတ်မကောင်းနိုင်ပြန်။

ကိုယ်ခံစားရတာလည်း ကိုယ်ပဲ သိသည်။ ဘယ်သူ့ကိုဖွင့်ပြောပြီး ဘယ်တစ်ယောက်ကို တိုင်ပင်ရမှာလဲ. .

ဒီဘန်ဂလိုထဲမှာပဲ နေရင် လုံခြုံမလားမသိဘူး၊ ဟုတ်တယ် . . ဒီလူဝင်နှောင့်ယှက်လို့မှမရတာ. . သူငယ်ချင်းတွေကို ဒီဘန်ဂလိုထဲ လာခိုင်းပြီး သူတို့စိတ်ကျေနပ်အောင် နှစ်ရက် သုံးရက်လောက် အတူနေပေးလိုက်ဦးမယ်. .

ပန်းချယ်ရီဆိုတာ ဒီလိုမိန်းကလေးပါပဲလေ. . ကိုယ့်ဆန္ဒထက် သူတစ်ပါးဆန္ဒကို ရှေ့တန်းတင်ပြီး ဦးစားပေးလွန်းသည်။

'ကဲ. . ပြေလည်အောင် ညှိကြဦး. . . ဘဘ ပုတီးဆက်စိပ်လိုက်ဦးမယ် ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ဘော်ဒါတွေ အဆွယ်ကောင်းတော့ ပြန်ချင်ပေမယ့် ပန်းချယ်ရီ ထိုရွာကလေးမှာ ဆက်နေဖြစ်သွားသည်။

သုံးရက် ဆက်နေဖို့ ဆုံးဖြတ်လိုက်ခြင်းသည် သုံးဘဝမက ဖျက်စီးဖို့ အစပြုခဲ့ခြင်းဆိုတာ ချယ်ရီတစ်ယောက် ကြိုမှမသိခဲ့တာ..

***



## အခန်း(၁၇)

ထိုနေ့က အပြင်မှာ နှင်းမိုးတွေ ရွာနေသည်။ ရှားရှားပါးပါး ဖြုံရခဲ့သောမြင်ကွင်းလေးမို့ ပန်းချယ်ရီသည် ကော်ဖီခွက်လေးကိုင်ပြီး အားရအောင် ငေးနေမိသည်။

သစ်ပင်လေးတွေ အုံ့ဆိုင်းပြီး နဂိုကမှ အေးစိမ့်စိမ့်ရှိသော ရွာကလေးသည် နှင်းမိုးတွေအောက်မှာ တိတ်ဆိတ်ပြီး အေးစက်နေသည်။

စီတန်းနေသော ထင်းရှူးပဒေသာပင်ကလေးတွေတောင် နှင်းရေစိုတော့ ပိုပြီး စိမ်းလန်းလာသည်။ ဟိုးဝေးဝေးက တောင်တန်းတွေရော.. စိမ်းနေမလား၊ ပြာနေမလား ချယ်ရီ သိချင်ပါသည်။

ကုန်းမြင့်ပေါ်က ဘုရားကျောင်းအိုအိုကလေးကို ကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ နှင်းမှိုတွေအောက်မှာ သက်ငြိမ်ပန်းချီကားလေးတစ်ချပ်နှင့်တူသည်။

ဘန်ဂလိုနောက်က ချောင်းကလေးမှာ ရေတွေလျှံနေပြီပဲ။

တွေ့သမျှ မြင်သမျှ မြင်ကွင်းတိုင်းက ချယ်ရီ့ကို ဆွဲဆောင်နေသည်။ အပြင်ထွက်ပြီး နှင်းတွေရောနေတဲ့ မိုးစက်ကလေးတွေကို ထိတွေ့ချင်လာသည်။

ဖိနပ်မပါတဲ့ ခြေဗလာနဲ့ အေးစက်စိုရွှဲနေတဲ့ မြေကြီးပေါ် နင်းလျှောက်ချင်လာသည်။

ဖဝါးနှင့်နှလုံးသား တစ်ထပ်တည်း ကျချင်သည်။ ခြေဖဝါးလေး အေးလာတဲ့အခါ နှလုံးသားလည်း အေးချင်ပါသည်။ ဘယ်သူတစ်ဦးတစ်ယောက်အတွက်မှ မတုန်လှုပ်တတ်တဲ့ ဒေါင်ဒေါင်မြည်အောင် မာတဲ့ နှလုံးသားလေးဖြစ်ချင်တာ. .

ခုတော့ စိတ်ဓာတ်ညှို့ဖျင်းသိမ်ငယ်တဲ့ အခြေအနေမဲ့ လူတစ်ယောက်ရဲ့စော်ကားခြင်းကို ပယ်ပယ်နယ်နယ်ခံစားရပြီးပြီ။

ကျွန်မကို နမ်းရဲလောက်အောင် ရှင်နဲ့ကျွန်မ ဘာပတ်သက်မှုရှိလို့လဲ. .

ဒါ ရှင် တမင်သက်သက်ယုတ်မာတာမဟုတ်လို့ ဘာလဲ. .

ရှင့်ကို ကျွန်မ သိပ်မုန်းတယ်၊ အရမ်းလည်း ရွံတယ်. .





ကျွန်မ ပိုင်ဆိုင်သမျှ အစိတ်အပိုင်းမှန်သမျှဟာ ကျွန်မချစ်တဲ့သူအတွက်ပဲ ဖြစ်စေဖို့ ထိန်းသိမ်းခဲ့တာ၊ တန်ဖိုးရှိရှိနေခဲ့တာ. . ရှင်လုပ်သမျှ ငြိမ်ခံနေဖို့ မဟုတ်ဘူး။ Bodyguard တွေ အဖော်အပေါင်းတွေ အများကြီး ပါ,ပါလျက်နဲ့ ရှက်လွန်းလို့ ကျွန်မ မခေါ်ခဲ့တာ. .

ချယ်ရီသည် ဘာကို နှမြောမှန်းမသိ. . တစ်ခုခုကို အဆုံးရှုံးထိ ဆုံးရှုံးလိုက်ရသလို ဝမ်းနည်းနာကျင်နေသည်။

လူတစ်ယောက်ကို အရမ်းချစ်မိတဲ့အခါ သတိရတတ်သလို အရမ်းမုန်းမိတဲ့အခါမှာလည်း မေ့ပျောက်ပစ်ဖို့ဆိုတာ မဖြစ်နိုင်ပါ။ နာကြည်းလေ. . ပိုပြီး မမေ့နိုင်လေ ဖြစ်ရသည်။

သူ့လုပ်ရပ်တွေက အသက်တစ်ကြိမ်ရှူလိုက်တိုင်း တစ်ခါ ခွင့်မလွှတ်နိုင်စရာ မဟုတ်လား။

ချယ်ရီသည် အခန်းထဲမှ အပြင်ကို ထွက်မိတယ်ဆိုရင်ပဲ ဖေဖေ့ကို လိုက်ရှာမိသည်။ ဒီနေ့မနက်ကတည်းက ဖေဖေ့အသံကို မကြားရသေးပါ။ ဖေဖေ ဘယ်ရောက်နေပါလိမ့်။

ကိုယ့်မှာ အပြစ်မရှိဘဲနဲ့ ဖေဖေ့ကို မျက်နှာချင်းဆိုင်ရမှာ ရှောင်ရှားခဲ့သည်။ မလုံမလဲဖြစ်ရသည်။

'ဖေဖေရေ. . ဖေဖေ'



www.burmeseclassic.com

www.burmeseclassic.com



ဟင်. . ပြန်ထူးသံလည်း မကြားရဘူး။ ချယ်ရီသည် ဘန်ဂလိုတစ်ခုလုံးအနှံ့လိုက်ရှာသော်လည်း ဖေဖေ့အရိပ်အယောင်ကိုမျှ မတွေ့ရပါ။

'ဘသုရေ. . ဘသု'

ဘသုအသံလည်း မကြားရပြန်။ ဘယ်တွေ လျှောက်သွားနေကြတာလဲ. . .

'ဘကြီးချက်ရေ'

ချယ်ရီ နည်းနည်းထိတ်လန့်လာသည်။ တစ်ယောက်မှတို မရှိတာ. . ဒါဆို ဒီဘန်ဂလိုကြီး တစ်ခုလုံးမှာ ချယ်ရီ တစ်ယောက်တည်းလား။

ကြက်သီးမွေးညှင်းများ ထကာ ချက်ချင်းပင် ချမ်းတက်လာသည်။

တစ်ယောက်မှ မကောင်းဘူး။

အပြင်လေးဘာလေးသွားတယ်ဆိုရင်လည်း ချယ်ရီ့ကိုနှိုးပြီးမှသွားသင့်တာပေါ့။ အကျိုးအကြောင်းလေးတော့ ပြောသင့်တာပေါ့။

ဒီရွာကလေးကိုရောက်ပြီးကတည်းက ဘာကိုကြောက်မှန်းမသိ၊ ကြောက်နေရတာ. . နောက်ကျောမှမလုံတာ. .

ဒီနေ့ စောစောလာပြီး အဖော်လာလုပ်ပေးပါ့မယ် ဆိုတဲ့





အုပ်စုကရော ဘယ်ရောက်ကုန်ပြီလဲ။

ဘန်ဂလိုတစ်ခုလုံး လေတိုးလို့ တံခါးရွက်ကလေးတွေ လှုပ်နေသံကလွဲရင် တိတ်ဆိတ်ငြိမ်သက်ပြီး စိတ်ကို ချောက်ချားစေသည်။

အပြင်ထွက်ပြီး လမ်းလျှောက်ချင်သော ချယ်ရီသည် အားကိုးစရာ အနားမှာ လူမရှိသောအခါ အခန်းထဲပြန်ဝင်ပြီး တိတ်တိတ်ကလေး နေ,နေမိသည်။

နှင်းမိုးတွေကတော့ ကျဆင်းဆဲပင်။ ချယ်ရီ့တစ်သက်မှာ ဒီနေ့လောက်၊ ဒီအချိန်လောက် စိတ်အားငယ်ဖူးတာမျိုး မရှိပါ။

မှန်ချပ်ကြီးမှတစ်ဆင့် အပြင်သို့ငေးကြည့်ရင်း ကြောက်စိတ်တွေကို ဖြေယူနေရသော ချယ်ရီသည် မှန်ချပ်အပြင်ဘက်၌ပေါ်လာသောလူတစ်ယောက်၏အရိပ်ကြောင့် သွေးပျက်မတတ် ချောက်ချားကာ 'ဖေဖေရေ. . 'ဟု အကျယ်ကြီးအော်လိုက်မိသည်။

ဖေဖေ မရှိမှန်း သိပ်ပမယ့် အားကိုးအားထား ရလိုရငြား ထိတ်လန့်စွာ တမ်းတမိခြင်း ဖြစ်သည်။

စိမ်းသက်စွာ မထိတရီနိုင်စွာ ကြည့်နေသော သူ့မျက်နှာသည် ဆက်ပြီး မကြည့်ရဲတော့လောက်အောင် ကြောက်စရာကောင်းသလို ရွံ့စရာလည်း ကောင်းပါသည်။

ချယ်ရီသည် အပြင်လည်း မထွက်ရဲ၊ အခန်းထဲမှာ ဆက်နေ



www.burmeseclassic.com

www.burmeseclassic.com



ဖို့လည်း မဝံ့မရဲဖြင့် ချီတုံချတုံဖြစ်နေဆဲမှာ

'ခွမ်း'

တူသောအသံနှင့်အတူ မှန်ချပ်အကွဲတွေက တစ်စစီ စင်ထွက်လာသည်။

မှန်ကိုခွဲပြီး သူဝင်လာပြီ. . ချယ်ရီ ဘာလုပ်ရမလဲ. .

တစ်လှမ်း. .

နှစ်လှမ်း. .

သုံးလှမ်း. .

တဖြည်းဖြည်း နီးလာပြီ။

ချယ်ရီ အသက်ရှူဖို့ မေ့လျော့နေသည်။ တစ်ကိုယ်လုံး နတ်ပူးသလို တုန်နေသည်။ သူသည် ချယ်ရီနှင့် ခြေတစ်လှမ်းအကွာသို့ ရောက်သော အခါ တုံ့ခနဲရပ်သွားသည်။

စူးလက်မာထန်နေသော မျက်လုံးစိမ်းများဖြင့် အေးစက်မာ ကျောစွာ ချယ်ရီ့တစ်ကိုယ်လုံးကို သိမ်းကြုံးပြီး စိုက်ကြည့်လိုက်လျှင် ချယ်ရီသည် ထိုနေရာ၌ပင် ခွေခေါက်ပြီး ဗိုင်းတနဲလဲကာ သတိလစ် သွားခဲ့လေသည်။

***



စိုက်ခင်းတစ်ခုလုံးသည် သူတို့ဝင်တိုက်ခဲ့စဉ်ကအတိုင်း ခရိုဖရဲဖြင့်ရစရာမရှိအောင်ပျက်စီးနေသည်စိုက်ခင်းအနောက်ဘက်မှာ တဲအိမ်လေးတစ်လုံးရှိပြီး တိတ်ဆိတ်နေသည်။

'ဒီကောင်က ကျွန်တော်တို့ကို ချိန်းပြီး ဘာလို့ရှိမနေတာလဲ မသိဘူး'

ဦးသုခက မချိတင်ကဲ ရေရွတ်နေသည်။ စိုးသော်ကတော့ သူငယ်ပီပီ

'ကြောက်လို့ ပြေးတာ နေမှာပေါ့'

'ခဏစောင့်ကြည့်လိုက်ပါဦးကွာ'

သူတို့နှစ်ယောက် ဆရာ့စကားကို မလွန်ဆန်နိုင်လို့ စောင့်နေရပေမယ့် စိတ်က မရှည်ချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



စတွေ့ကတည်းက ဒီကောင် အချိုးမပြေတာ။ ဒီနေ့ မနက်အစောကြီး စာလာပေးခိုင်းပြီး ချိန်းလို့သာ လာခဲ့ရတာ. . ဆရာက တပည့်နှစ်ယောက်တည်း လွှတ်လိုက်ရင် ပြဿနာထပ်ဖြစ်မှာစိုးလို့ ကိုယ်တိုင်လိုက်လာခဲ့တာ. .

ခုကြည့်. . ဆရာ့လို ဂုဏ်သရေရှိသူဌေးတစ်ယောက်က ဒီလိုဘာမဟုတ်တဲ့စိုက်ခင်းထဲက ငနဲတစ်ယောက်ကိုစောင့်နေရတာ သဘာဝမှမကျတာ။

'လာပါ ဆရာရယ်. . ပြန်ကြရအောင်၊ ဘန်ဂလိုမှာ ချယ်ရီလေးတစ်ယောက်တည်း'

'ဟုတ်သားပဲ. . ငါ့သမီးဆီ ဖုန်းဆက်ကြည့်စမ်း. . နိုးနေပြီလားလို့'

ဦးသုခက ချယ်ရီ့ဆီ ဖုန်းခေါ်သည်။ ဖုန်းသံ မြည်နေသော်လည်း ပြန်ထူးမည့်သူ မရှိပါ။

နောက်တစ်ခေါက် ထပ်ခေါ်ကြည့်သည်. . ထိုနည်းလည်းကောင်းပင်။

ဒီအချိန်လောက်ဆို ချယ်ရီလေး နိုးလောက်ပါပြီ။ မနိုးသေးလည်း ဖုန်းသံတွေ အဆက်မပြတ်မြည်နေတော့ နိုးရောပေါ့။

စိတ်ထဲမှာ သိပ်ဘဝင်မကျဖြစ်လာသည်နှင့် ဦးသုခက





'ဆရာ. . ဖုန်းလည်းမကိုင်ဘူး၊ ဝိုင်းပုတ္တိနဲ့များ အပြင်ထွက်သွားလား မသိဘူး'

'ခဏနေရင် ပြန်ကြတာပေါ့ကွာ. . ဒါနဲ့ ဒီကောင်လေးက ဘာလုပ်ချင်လို့ခေါ်တယ်ထင်လဲ သုခ၊ လျော်ကြေးတော့ ဟုတ်ဟန်မတူဘူး၊ သူသာ လျော်ကြေးလိုသူဆိုရင် ဟိုနေ့ကတည်းက ယူမှာပေါ့'

'အလကား အဆင့်မရှိတဲ့ကောင်ပါ ဆရာ. . ဟိုနေ့က သူ အမူလွန်သွားလို့ဖြစ်မှာပေါ့. . ဟိုစိုက်ခင်းပဲကြည့်လေ. . ပြန်မှမပြင်ရသေးတာ. . ပိုက်ဆံမရှိလို့ ဖြစ်မှာပေါ့၊ မယုံရင် ကြည့်နေ ဆရာ၊ ဒီကောင် ဒီနေ့ ပိုက်ဆံ တောင်းကိုတောင်းလိမ့်မယ်'

နောက်ထပ် အချိန်အတော်ကြာကြာ စောင့်နေသည့်တိုင် ထိုသူက ပေါ်မလာပါ။

ဦးဝန်မင်းပင် စိတ်မရှည်ချင်တော့. . .

'ပြန်ကြရအောင်ကွာ. . ငါတို့ ဒီနေရာ လာသွားတယ် ဆိုတာ သူသိအောင် စာရေးပြီး သူ့အိမ်နံရံမှာ သွားကပ်ထားခဲ့လိုက်'

ဦးသုခက စာကို စိတ်မရှည်စွာ အမြန်ကောက်ရေးနေစဉ်

'ငါ့ဖုန်းနံပါတ် ရေးပေးလိုက် သုခ၊ အရေးကြီးရင် ပြန်ဆက်သွယ်လို့ရအောင်'



www.burmeseclassic.com

www.burmeseclassic.com



ဦးဝန်မင်းသည်လူတစ်ဘက်သားကိုအင်မတန်မှကြည့်ချင်စာနာချင်သူ ဖြစ်သည်။

သူ့စိတ်ထဲမှာ စိုက်ခင်းထဲက ကောင်လေးအတွက် တာဝန်မကျေသလိုခံစားနေရသည်။

ဦးသုခက ဖုန်းနံပါတ်ကို ရေးမပေးချင်ပါ။ ဇယားရှုပ်မှာစိုးလို့ ဖြစ်သည်။ သို့သော်လည်း ဆရာ့အမိန့်ကိုမလွန်ဆန်နိုင်သူမို့စာ ရေးပြီး အိမ်နံရံမှာ ပြေးကပ်ခဲ့ရသည်။

စိုးသော်က ကားစက်နှိုးပြီး အဆင်သင့်စောင့်နေပြီ။

ဦးသုခသည် ဆရာ့ကို ဦးညွှတ်အရိုအသေပေးကာ နောက်ခန်းတံခါးကို ဖွင့်ပေးပြီး တက်စေသည်။

ဆရာတက်ပြီးနောက် တံခါးပြန်ပိတ်ကာ ကားရှေ့ခန်းမှာသူ ဝင်ထိုင်လိုက်သည်နှင့် စိုးသော်က ကားကို မောင်းထွက်လာခဲ့သည်။

❀❀



## အခန်း(၁၈)

စိုင်းမဟာသည် ကြိုတင်စီစဉ်ထားသည့်အတိုင်း ကွက်တိ ...င်အောင် မျက်နှာသာပေးခဲ့သော ကံကြမ္မာကို အံ့ဩနေမိသည်။

အမှန်အတိုင်းဝန်ခံရလျှင် ဒီကောင်မလေးကို ဒီလောက် ...ယ်လွယ်နဲ့ခေါ် လာနိုင်မည်ဟု မထင်ထားပါ။

သူ့မျက်နှာကို မြင်ရုံနှင့် သတိလစ်သွားလောက်အောင်ကို ...ာင်မလေးက ကြောက်ရွံ့နေခဲ့သည်။

မနေ့က ရေတံခွန်မှာ သူ lesson ပေးလိုက်တာ ကောင်မ ...း တော်တော်လန့်သွားပုံပဲ။

ကြည့်စမ်းပါဦး. . . ဒီလောက် ချစ်စရာကောင်းပြီး အပြစ်

www.burmeseclassic.com



ပြောစရာမရှိအောင် လှတဲ့ ကောင်မလေးတစ်ယောက်ကို သူသိမ်းပိုက်နိုင်ခဲ့ပြီပဲ။

မရည်ရွယ်ပါဘူး. . လုံးဝကို မရည်ရွယ်ခဲ့တာ. . ဒီကောင်မလေးက အဘိုးကြီးအသည်းဆိုတာ သိလို့ မထိတထိနဲ့ ကလိပေးရုံလောက်ပဲ စဉ်းစားခဲ့တာ. .

ဒီနေ့. . ကောင်မလေးနားမှာ လူတွေအားလုံး ရှင်းထားပြီး သူ ရအောင် ဝင်လာခဲ့သည်။

မနေ့က သူကျူးလွန်မိတဲ့ကိစ္စကို ကောင်မလေး ဘယ်လိုတုံ့ပြန်မလဲဆိုတာ သူသိချင်နေသည်။

ခက်တာက သူ့မျက်နှာတွေ့တာနဲ့ ကောင်မလေးက ခွေပြီးလဲကျသွားတာ. . ဟန်ဆောင်နေတယ်ထင်လို့ သူ့နဖူးလေးကို နမ်းကြည့်သေးသည်။

သူ ဘာမှ မသိဘူး။

မဟာ စိတ်တွေ ပြောင်းသွားသည်။ နူးညံ့ညင်သာတဲ့ အထီးအတွေ့လေးနှင့်အတူ နတ်သမီးလေးလို လှသောကောင်မလေးကို သူခေါ်သွားဖို့ ဆုံးဖြတ်လိုက်ပြီး အလာတုန်းက စီးလာခဲ့တဲ့ သုံးဘီးဆိုင်ကယ်ပေါ် ကောင်မလေးကို ပွေ့ချီကာ တင်လာခဲ့သည်။

မဟာ သူ့စိတ်သူ နားမလည်နိုင်အောင် ဖြစ်ရသည်။





ဒီလောက် အချိန်တိုတိုလေးအတွင်းမှာ ဒီကောင်မလေးကို ပိုင်ဆိုင်ချင်စိတ်တွေ တဖွားဖွားပေါ်လာတာ ဘာဖြစ်လို့များလဲ. .

မိန်းမဆိုလို့ အမေတစ်ယောက်ပဲ နီးနီးကပ်ကပ်နေဖူးတာ။ သူမှန်းသိတတ်စကတည်းက သူ့အပေါ် အကောင်းမမြင်တတ်တဲ့ ပတ်ဝန်းကျင်ကို သူကလည်း အဆိုးတွေချည်း ပြန်ပေးခဲ့သည်။ အရွဲ့တိုက်ခဲ့သည်။ ထင်သလိုပြော၊ ထင်သလိုလုပ်ကာ နေချင်သလိုနေသောသူနှင့် ပတ်ဝန်းကျင်သည် ဝင်ရိုးစွန်းနှင့်အီကွေတာလို ဝေးကွာလွန်းမက ဝေးကွာခဲ့ရသည်။

ပတ်ဝန်းကျင်က ပညတ်ထားတဲ့ 'အရိုင်းအစိုင်းကောင်'ဆိုတဲ့ နာမ်စားနှင့် သူသည် တစ်သားတည်းဖြစ်နေခဲ့ပြီ။

စိုက်ခင်းက အသီးအနှံတွေတင်ပြီး မြို့တက်ရောင်းတဲ့ သုံးဘီးဆိုင်ကယ်လေးပေါ်မှာ ပန်းချယ်ရီလို့ခေါ်တဲ့ ကောင်မလေးတစ်ယောက် ဘာမှမသိဘဲပါလာခဲ့ပြီ။

အမေ့ရဲ့ရွာကလေးဆီ ဦးတည်ပြီး သူမောင်းလာခဲ့သည်။ အဲဒီမှာ အမေ ပေးခဲ့တဲ့အမွေ (ပျဉ်ထောင်အိမ်)ကလေးတစ်လုံး ရှိပြီး တောခေါင်ကာ အစွန်အဖျားကျလွန်းသဖြင့် ဘယ်သူမှအလွယ်တကူ ရှာတွေ့နိုင်မည် မထင်ပါ။

ငါတို့နှစ်ယောက် ဘဝသစ်တစ်ခုထဲ ဝင်ကြည့်ရအောင် ပန်း



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီ. . သူဌေးဆိုတဲ့ မင်းရဲ့အဖေ ဘယ်လိုခံစားရမလဲဆိုတာ ငါ သိချင်သေးတယ်။

ငါ့စိုက်ခင်းလေးပျက်စီးသွားတာကို ဘာမှမကြီးကျယ်သလို အချိုး ချိုးပြီး ငွေနဲ့ပေါက်ပြီး ဖြေရှင်းဖို့ပဲ ကြိုးစားကြတယ်. . ငွေ. . ငွေ. . ငွေ. . တစ်ချိန်လုံး ငွေဆိုတဲ့စကားကိုပဲ သုံးနေကြတယ်။

ငွေရှိတယ်၊ ဂုဏ်ရှိတယ် ဆိုတဲ့စကားကြားရင် ငါ့ရင်ထဲမှာ နာတယ်။ ဒီစိုက်ခင်းကို ငွေကြေးနဲ့တန်ဖိုးဖြတ်လို့မရဘူးဆိုတာ မင်းအဖေ မသိဘူး. . ငါ့အမေ ကိုယ်တိုင် ရေပုံးထမ်းပြီး ရေလောင်းပေါင်းသင်ခဲ့တာ. . ဘယ်လိုပြန်ပြီး အစားထိုးရမလဲ. . .

ဒါပဲ. . အဲဒါကြောင့်ပဲမင်းတို့အနောက်ကို ငါအမြဲလိုက်နေခဲ့တာ. . ခုတော့ ငါ့ဆန္ဒတွေ ပြည့်ဝခဲ့ပြီပေါ့. .

စိုင်းမဟာရဲ့ရင်ထဲမှာ နာနေတာလား. .

ဒါမှမဟုတ် ပျော်နေတာလား. . .

သူကိုယ်တိုင်တောင်မှ ခွဲခြားနိုင်စွမ်းမရှိပါ။ ကွဲကွဲပြားပြား သိဖို့ဆိုတာ အချိန်တော်တော်ယူရဦးမည် ထင်သည်။

ဒါပေမယ့် မင်း ဒီတစ်သက် ငါ့ရင်ခွင်ထဲက ထွက်ပြေးလို့ မလွတ်နိုင်တော့ဘူး ချယ်ရီ. . အဲဒါတော့ လုံးဝကို သေချာတယ်။

❀❀





ဘန်ဂလိုတစ်ခုလုံး ပွက်လောရိုက်နေသည်။

ချယ်ရီ့ဆီလာကြတဲ့ ဝိုင်းပုတို့အုပ်စုလည်း ချယ်ရီပျောက်ရသည့်အကြောင်းရင်းကို မသိကြဘဲ တစ်ယောက်တစ်နေရာစီ ဟိုဒီခွဲပြီး လိုက်ရှာနေကြသည်။

ဦးဝဏ်မင်း သူ့ကိုယ်သူ ယူကြုံးမရဖြစ်နေသည်။ အချိန်တစ်နာရီလောက်အတောအတွင်းမှာ သမီး ဘာလို့ပျောက်သွားရတာလဲ။ ဒီလိုဖြစ်မယ်မှန်းသာ ကြိုသိခဲ့ရင် သူလိုက်မသွားပါဘူး။ သမီးအနားမှာပဲ နေခဲ့မှာပေါ့. .

စိုးသော်နှင့်ဦးသုခတို့မှာ နေရာအနှံ့လိုက်ရှာသော်လည်း ချယ်ရီ့ကို မတွေ့ခဲ့ပါ။ စိုင်းမဟာနှင့်ချယ်ရီ့ကို ဘယ်သူမှဆက်စပ်ပြီး တွေးမိကြပါ။

သူတို့ချင်းက ရင်းနှီးမှုမရှိသလို ချယ်ရီကလည်း လိုက်သွားမည့်သူ မဟုတ်ပါ။ ချယ်ရီ့အိပ်ခန်းထဲက မှန်ပြတင်းကို ခွဲပြီး ဝင်လာပုံထောက်တော့ အဓမ္မဆန်နေပါသည်။

ဦးဝဏ်မင်း စိတ်ပူတာက သမီးလေးကို လူဆိုးတွေကများ ပြန်ပေးဆွဲသွားတာလား၊ ဒါဆိုရင်တော့ သူတို့ဆီက မလွဲမသွေဆက်သွယ်လာမှာပဲ. . ဘာလုပ်ရမလဲ. . ရဲတိုင်ထားရင် ကောင်းမလား။

တစ်ဦးတည်းသောသမီးကလေး မဟုတ်လား။ ရှေးလို့ရရင်



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တခဏ ရှူလိုက်ချင်ပါသည်။ ဒါဆို အရာအားလုံးကို မသိတော့ဘူးပေါ့။

ခုတော့ သူ့ရင်ထဲတွင် မီးဟုန်းဟုန်းတောက်နေသည်။

'ရိုးမစံအိမ်'ကို ဖုန်းလှမ်းဆက်ပြီး တပည့်အားလုံးကို လိုက်လာခိုင်းသည်။ ကားသုံးစီးနှင့် လူခွဲရှာကြဖို့ ဖြစ်သည်။

ရဲကို အကြောင်းကြားချင်ပေမယ့် သမီးလေး၏ အသက်အန္တရာယ်ကို စိုးရိမ်ပြီး အလောတကြီးမလုပ်ဝံ့သေးဘဲ အခြေအနေကို စောင့်ကြည့်နေရသည်။

ရွာထဲအနှံ့လျှောက်ရှာပြီး ဝိုင်းပုတို့ ပြန်ရောက်လာသည်။

'မတွေ့ဘူး ဘဘ၊ နှင်းနှင်းတို့အိမ်မှာလည်း မရှိဘူး၊ ထိ
တောင်ပေါ်က ဘုရားမှာလည်း မရှိဘူး၊ မမလေးက ဒီလောက်ကြော
အောင်တော့ သွားမယ်မထင်ဘူးနော်. . ဘဘတို့က သူ့ကို ဘာလို့
တစ်ယောက်တည်း ထားခဲ့တာလဲ'

'ကိစ္စလေးတစ်ခုရှိလို့ပါကွယ်၊ ချယ်ရီက အိပ်ပျော်နေတော့
ဘဘလည်း မနှိုးရက်တာနဲ့ သွားလိုက်တာ'

အချိန်တွေ တဖြည်းဖြည်းကုန်လာသည့်တိုင် ဘာသတင်း
အစအနမှမရပါ။

တရိပ်ရိပ်တွေးလေ့. . တရေးရေးပေါ်လေဆိုသလို ဦးသု





သည် မနက်က ကိစ္စကို အချိန်ယူပြီး စဉ်းစားကြည့်သည်။ ချယ်ရီ့အနားမှာ အမြဲ ထက်ကြပ်မကွာ ရှိနေသော ယောကျ်ားသား သုံးယောက်လုံးကို ပ,ထုတ်ထားပြီး ထိုအချိန်မှာပဲ ချယ်ရီ ပျောက်သွားတာ တော့ စဉ်းစားစရာဖြစ်နေသည်။

'စိုးသော် ကားပြန်ကွေ့စမ်း၊ ဟိုကောင့်စိုက်ခင်းကိုသွားပြန်ကြည့်ကြမယ်၊ ငါတို့ မနက်က လှည့်စားခံလိုက်ရပြီကွ. . ဒီကောင်တမင်သက်သက် ငါတို့ကို ပ,ထုတ်လိုက်တာ. . ဖြိုဟ်ကောင်၊ တွေ့ထိုက်တော့ အသေကိုနှာပစ်လိုက်ဦးမယ်. . တောက်. .'

ဦးသုခသည် မဟာ့အိမ်ကို မိုးစုန်းစုန်းချုပ်သည်ထိ စောင့်ကြည့်သော်လည်းပြန်ရောက်မလာသည့်အတွက် သူ့အထင်မှန်သွားပြီဆိုတာ ဦးဝန်မင်းကို တင်ပြလိုက်သည်။

'ဒါဆို ငါတို့ဘာလုပ်ကြမလဲ သုခ. . ငါ့သမီးလေးတော့ ဒီကောင့်လက်ထဲမှာ ရေတိမ်နစ်တော့မှာပေါ့။ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့များ ငါတို့အပေါ်မှာ အညှိုးထားရသလားကွာ၊ မင်း သူနဲ့ပတ်သက်တဲ့ အကြောင်းတွေ၊ သူရှိနိုင်မယ့်နေရာတွေ မစုံစမ်းခဲ့ဘူးလား သုခ'

'စုံစမ်းပါတယ် ဆရာ၊ ဒါပေမယ့် ဒီကောင်က ပတ်ဝန်းကျင်နဲ့ အဆက်အဆံသိပ်မလုပ်တော့ သူ့အကြောင်း ဘယ်သူမှ ဂဃနဏ မသိကြဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ငါတို့ ရဲတိုင်မှ ဖြစ်တော့မယ် သုခ၊ အချိန်ဆွဲမနေတော့ဘူး ဒါ အလိုမတူဘဲ သွေးဆောင်ဖြားယောင်းမှုကွ'

'ကျွန်တော်တို့လည်း ဒီကောင့်ကိုကျွေးချင်နေတာ ဆရာ၊ သမီးချယ်ရီ တစ်ခုခုဖြစ်လို့ကတော့ ဒီကောင့်ကို ကျွန်တော်ကိုယ်တိုင် သတ်ပစ်မယ်'

တပည့်တွေရှေ့မှာမို့ ဟန်ဆောင်ကာ တင်းထားပေမယ့် ဆရာ့မျက်လုံးမှာ မျက်ရည်ဝဲနေတာ၊ အသံတွေ တုန်ပြီး ဆောက်တည်ရာမရ ဖြစ်နေတာ ဦးသုခ အားလုံးသိနေပါသည်။

❀❀



## အခန်း(၁၉)

ချယ်ရီသည် မည်မျှကြာအောင်အိပ်မောကျသွားသည် [illegible]သိ ပါ။ သူမ နိုးလာချိန်တွင် ပထမဆုံး သတိထားမိသည်က [illegible]နှင့် အကျွမ်းတဝင်မရှိသောပတ်ဝန်းကျင်ဖြစ်သည်။

အခန်းလေးတစ်ခန်း. . မှောင်မည်းနေတဲ့အခန်းထဲက အိပ်ရာတစ်ခုပေါ်မှာ ချယ်ရီ အိပ်ပျော်နေသတဲ့လား. . .

ဟင့်အင်း. . အိပ်နေတာ မဟုတ်ဘူး၊ ဟိုလူ မှန်ခွဲပြီး ဝင်လာလို့ ချယ်ရီ သတိလစ်သွားတာ. .

ချယ်ရီဘယ်ရောက်နေတာလဲ. . ဖေဖေရော ဘယ်မလဲ. . ချယ်ရီသည် သတိရလျှင်ရချင်း အိပ်ရာပေါ်မှလူးလဲပြီး ထလာသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း နိုးလာပြီလား'

ဟိန်းထွက်လာသော ထိုအသံကြောင့် သူမ ပခုံးလေး နှစ်ဖက် ဆတ်ခနဲတုန်သွားသည်။

'ဘယ်မှ ထသွားဖို့ မစဉ်းစားနဲ့. . မင်းကို ငါ့ဘဝထဲ အပြီးခေါ်လာတာ'

ချယ်ရီက ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းသည်။ ထိုနောက် မဝံ့မရဲဖြင့်

'ကျွန်မ တောင်းပန်ပါတယ်ရှင်. . ကျွန်မကို ဖေဖေ့ဆီပြန်ပို့ပေးပါ'

ချယ်ရီ ဘာပဲပြောပြော သူ့နားထဲမဝင်တော့ဘူးလား။ သူ့ ခန္ဓာကိုယ်က ချယ်ရီနှင့် တဖြည်းဖြည်းနီးကပ်လာသည်။

သူ့ရဲ့ဝင်သက်ထွက်သက်လေနွေးနွေးလေးတွေကို ချယ်ရီ ခံစားလို့ရနေသည်အထိ နီးကပ်လွန်းတာမို့

'ဟင့်အင်း. . . ရှင် ထပ်တိုးမလာနဲ့'

သည်းခြေပျက်မတတ် စိုးရွံ့နေသော မျက်လုံးလေးတွေကို မဟာ စွဲငြိသွားသည်။

မိုးခေါင်နေတဲ့ နှလုံးသားရပ်ဝန်းမှာ အိုအေစစ်လေးတစ်ခု ကို သူတွေ့လိုက်ရပြီပဲ. . .





မက်ခွင့်ရတဲ့ အိပ်မက်တွေထဲမှာ ဒီကောင်မလေးနဲ့ တွေ့ရတဲ့ အိပ်မက်လေးက အချိုမြိန်ဆုံးလို့ သူ ထင်သည်။

'ဂျိန်း. . ဂျလိမ်း. . '

ကောင်းကင်တစ်ခွင်လုံးမည်းမှောင်ပြီး လျှပ်စီးလက်ကာ မိုးခြိမ်းသံတွေက နဂိုကြောက်နေသော ချယ်ရီ့စိတ်တွေကို ပိုပြီးချောက်ချားစေသည်။ ထိုနောက် မိုးစက်တွေက အတားအဆီးမဲ့စွာ စီးကျလာသည်။

အပြင်မှာ မိုးတွေရွာနေပြီပဲ။

ချယ်ရီ ပိုပြီး ဆောက်တည်ရာမဲ့လာသည်။ အားကိုးစရာ လူ တစ်ယောက်မှ သူမအနားမှာ မရှိတဲ့ဘဝ. .

မဟာ၏လက်တွေက ချယ်ရီ့ တစ်ကိုယ်လုံးကို သိုင်းဖက်လိုက်သည်။ သူစိမ်းယောကျ်ားတစ်ယောက်၏အထိအတွေ့ကို ဒုတိယအကြိမ်မြောက်ကြုံရခြင်း ဖြစ်သည်။ အလိုမတူဘဲနဲ့ပေါ့. .

'လွှတ်. . ရှင်. . လွှတ်နော်'

မဟာ၏ လက်တွေက ပိုပြီး မြဲမြံစွာ တင်းကြပ်လာသည်။ တွမ်းကြုတ်လာသည်။ ဒီလောက်တောင်းပန်နေတာတောင်မှသနားသွားတာခြင်းမရှိဘဲ ချယ်ရီ့မျက်နှာနုနုလေးကို အငမ်းမရနမ်းရှိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှအင်အားလေးနှင့် ချယ်ရီ ရုန်းသည်။

သူ့မျက်နှာပေါ်မှာ ချယ်ရီ့လက်သည်းရာ အစင်းကြီးတွေ ထင်းနေသည်။

သာမန်လူတစ်ယောက်မှာ ရှိတဲ့ အင်အားထက် အဆများစွာ ပိုနေသော သူ့ရဲ့အားအင်တွေအောက်မှာ ချယ်ရီ မှိန်းကျပ်လာသည်။ ကူကယ်ရာမဲ့လာသည်။

ချယ်ရီ့ရှိုက်သံသဲ့သဲ့လေးသည် အပြင်က မိုးသံတွေအောက်မှာ ကွယ်ပျောက်သွားသည်။ မျက်ဝန်းမှမျက်ရည်များသည် မိုးစက်တွေနှင့်အပြိုင် ရွာသွန်းဖြိုးခဲ့ရပြီ။

* ကံကြမ္မာရဲ့ရက်စက်မှုအောက်မှာ
အလိုမတူတဲ့ လုပ်ရပ်အောက်မှာ
ပန်းခြွေတဲ့မုဆိုးရဲ့လက်ထဲမှာ. . . *

ချယ်ရီပန်းလေး နွမ်းခဲ့ရသည်။

ဒီလူ. . ဒီလူ့ကို ချယ်ရီ သေမလောက်နာကြည်းသည်။ ရွံ့မုန်းသည်။ တစ်ခုခုလုပ်ပစ်လိုက်ချင်သည်။ သို့သော် ချယ်ရီ့မှာသတ္တိတွေ ပျောက်ဆုံးနေသည်။

သူနှင့် ထိပ်တိုက် ရင်ဆိုင်ဖို့နေနေသာသာ သူ့မျက်နှာကိုတောင် ချယ်ရီ မကြည့်ဝံ့တဲ့ဘဝ. . .





ဘယ်ဘဝက အငြိုးနဲ့များ ချယ်ရီ့ကို နိုင့်ထက်စီးနင်းပြုရ တာလဲရှင်. .

ရှင်ရှိတဲ့ ဒီအရပ်မှာ. . ရှင်နဲ့အတူတူ တစ်မိုးအောက်တည်းမှာ. . တစ်မိနစ် တစ်စက္ကန့်တောင်မှ အတူမနေချင်ဘူး။

အဲဒါ အသေအချာပဲ. . .

'မင်း ဗိုက်ဆာနေသလား ပန်းချယ်ရီ'

ချယ်ရီသည် ခေါင်းကိုသာ တွင်တွင်ငုံ့ထားမိသည်။ ချယ်ရီ ဗိုက်မဆာပါဘူး။ ဆာရမှန်းလည်း မသိတော့ပါဘူး။

ခံစားတတ်တဲ့စိတ်တွေ. . အရသာခံတတ်တဲ့စိတ်တွေ အားလုံး ထုံထိုင်းကုန်ပြီ၊ အေးခဲကုန်ပြီ။

'ငါ တစ်ခုခုစီစဉ်ပေးမယ်၊ ခဏလေးစောင့်. . ဒါပေမယ့် လွတ်ပြေးဖို့တော့ မှားယောင်ပြီး စိတ်မကူးနဲ့နော်. . ငါက ခွင့်မလွှတ်တတ်ဘူးကွ'

ရှင် ရက်စက်တတ်မှန်း ကျွန်မ သိပါတယ်. . ရှင် ဘယ်လိုပဲ ခြိမ်းခြောက် ခြိမ်းခြောက် ကျွန်မ လွတ်အောင်ပြေးမှာပဲ. . .

ခြေလှမ်းကြဲကြီးများနှင့်ထွက်သွားသော သူ့နောက်ကျောပြင်ကြီးကို အံကြိတ်ကြည့်ရင်း ချယ်ရီ့စိတ်ထဲမှာ တိတ်တခိုးရေရွတ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီ့ဘဝအပြောင်းအလဲက ဒီလောက်တောင် မြန်ရသလား. . . ဒီနေ့မနက် အိပ်ရာကနိုးထတဲ့အချိန်မှာ ဖေဖေ့ရင်ခွင်နဲ့တူတဲ့ နွေးထွေးတဲ့ ဘန်ဂလိုလေးထဲမှာ. .

နာရီတွေရွေ့လျားပြီး အချိန်နည်းနည်းကြာလာတာနှင့် လူယုတ်မာတစ်ယောက်ရဲ့ရင်ခွင်ထဲမှာ ချယ်ရီ လောင်းရိပ်မိခဲ့ပြီ. . .

တစ်သက်လုံးအဖြူထည်လေးဖြစ်ခဲ့တဲ့ချယ်ရီ့ဘဝ အရောင်စွန်းခဲ့ပြီ။

ဒီတစ်ခါ စွန်းသွားတဲ့အရောင်ကကော့ ဘယ်လိုမှပြန်ဖျက်လို့မရတော့တဲ့ ညစ်နွမ်းတဲ့ အမည်းရောင်. . .





ထိုနေ့ထိုရက်မှစ၍ ချယ်ရီသည် စိုင်းမဟာ၏အကျဉ်းသားတစ်ယောက် ဖြစ်ခဲ့ရသည်။

လွတ်မြောက်ဖို့အခွင့်အရေးကို ကျားချောင်းသလို ချောင်းရင်း ချယ်ရီ့စိတ်တွေ မတည်မငြိမ်ဖြစ်လာခဲ့သည်။

ပို၍ ဆိုးသည်မှာ သူမ အလိုမတူဘဲ စိုင်းမဟာ၏ ရမ္မက်အတွက် ကျေးကျွန်တစ်ယောက်ဖြစ်ခဲ့ရခြင်းပင် ဖြစ်သည်။ ထိုအချိန်မှိုးတွင် သူမစိတ်တွေ ပိုပြီး သွေးပျက်နေသည်။ ဂဏှာမငြိမ်ဖြစ်နေသည်။

အချိန်နှင့်အမျှ အပြောင်းအလဲဖြစ်နေသော ချယ်ရီ့စိတ်တွေကို စိုင်းမဟာတစ်ယောက် နားလည်အောင် ဖတ်တတ်မည်ထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

နွေးဖျော့နေသော နေရောင်ခြည်သည် ခြံဝင်းထဲ
ထင်းရှူး ပင်လေးအပေါ် လင်းဖြာကျနေသည်။

မဟာသည် ချယ်ရီ့ကို ကြည့်ပြီး တိတ်တဆိတ် စိတ်
ကောင်းဖြစ်ရသည်။ ချယ်ရီ အစာမစားတာ တစ်ပတ်လောက်ရှိပြီ
ချော့မော့ကျွေးဖို့ကျတော့လည်း သိက္ခာကျတယ်ထင်ပြီး သူ့ မလု
ဖြစ်ပါ။

အချိန်တန်လျှင် ထမင်းနှင့်ဟင်းတွေ ထည့်ပြီး သူမအခန်း
ထဲ ပို့ပေးထားသည်။ အနားမှာ ရေဘူးတွေ၊ မုန့်တွေ အားလုံးအဆ
သင့် သူထားပေးထားသည်။





ပြီးတော့မှသာ တစ်နေရာကနေပြီး စား မစား တိတ်တိတ်
လေး ခိုးကြည့်ရသည်။

ချယ်ရီ့အမြင်မှာတော့ မဟာသည် လူကြမ်းလည်းဖြစ်နိုင်
သည်။ လူယုတ်မာလည်း ဖြစ်နိုင်သည်။ ဘာမဆိုဖြစ်နိုင်ပါသည်။

တကယ်တော့ မဟာ၏ဒုက္ခကလည်း မသေးလှပါ။

သူ့အမေအိမ်သည် ရွာနှင့်ဝေးသောအစွန်အဖျားတွင် ရှိ
သည်မို့ လိုအပ်တဲ့ တစ်ပတ်စာ အစားအသောက်၊ ဆေးဝါးနှင့်ချယ်ရီ့
အတွက် မိန်းမအဝတ်အထည်များ ဝယ်ဖို့ ဈေးသွားသည့်အခါ အိမ်
ကို သော့အထပ်ထပ်ခတ်ထားခဲ့ရသည်။

ချယ်ရီ့ကို သူ ဘာအတွက် လိုအပ်သွားတာလဲ။ သူ့အဖေ
ကို နာကျင်သွားအောင် လုပ်ဖို့လောက်သာ ရည်ရွယ်ခဲ့ပေမယ့် အခု
ချိန်မှာတော့ သူ့စိတ်သူ နားမလည်နိုင်အောင် ဖြစ်နေရပြီ။

ညို့ငင်နိုင်စွမ်းရှိလွန်းတဲ့ ချယ်ရီ့အလှကွန်ယက်ထဲမှာ သူ
မှန်းထွက်နိုင်တော့တာ သေချာနေပြီ။ သူ့ကိုမြင်ရင် စိုးရွံ့ကြောက်
ရွံ့သွားတတ်တဲ့ ချယ်ရီ့ပုံစံလေးကို မျက်လုံးထဲမှာ စွဲနေမိပြီ။

ချယ်ရီ့ကို သူ မျက်စိအောက်က အပျောက်မခံနိုင်တာ သိပ်
ကို သေချာသွားပြီပဲ. .

ဒီနေ့ ချယ်ရီ့ကိုကြည့်ရတာ သိပ်ပြီး လန်းလန်းဆန်းဆန်း



www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။ နှုံးချိပြီး အားနည်းနေပုံရသည်။ မျက်နှာလေးကလည်း သွေး ရောင်မလွှမ်းဘဲ ဖြူဖွေးနေသည်။ သိပ်ပြီး ဂရုမစိုက်မိလို့. .

အိမ်သာထဲ ခဏခဏဝင်နေတော့ သူ စိုးရိမ်လာသည်။

'မင်း ဘာဖြစ်နေတာလဲ ပန်းချယ်ရီ'

ချယ်ရီက သူ့ပါးစပ်သူ လက်နှင့်အုပ်ပြီး ခေါင်းရမ်းပြသည်။ ဒီကောင်မလေးကို သူ အသည်းယားတာ အဲဒါတွေကြောင့်ပဲ။ ဘယ် တော့မှ စကားပြန်မပြောဘဲ ခေါင်းညိတ်ခေါင်းခါလောက်သာ ထုံ ပြန်သည်။

သူလိုချင်တာက မကျေနပ်တာတွေကို စိတ်ထဲ သိမ်းမထား ဘဲ ဖွင့်ထုတ်ပစ်လိုက်စေချင်သည်။ ပေါက်ကွဲပစ်လိုက်. . .

ချယ်ရီ ဘာပဲလုပ်လုပ် သူခံယူဖို့ အသင့်ပင်။

ချယ်ရီ့အပေါ် အလိုမတူဘဲ သူကျူးလွန်ခဲ့မိပြီ။

မရည်ရွယ်ဘဲ ဖြစ်သွားခဲ့တာ. . ချယ်ရီ့ကို သူ ချစ်မိသွား လား. .

'မင်းမှာ ပါးစပ်မပါဘူးလားကွ. . မင်း မပြောရင် ငါဘယ် သိနိုင်မလဲ'

သူ မာန်မဲရင်းပြောနေဆဲမှာပင် ချယ်ရီသည် တဖော့ တဝေ့ါဝေ့ါဖြင့် ရေအိမ်ထဲ ဝင်ပြေးပြန်လေသည်။





ချယ်ရီ့နောက် သူလိုက်ဝင်သွားတော့ အစာမရှိသဖြင့်လေ တွေ ရေတွေ အန်နေသော ချယ်ရီ့ကို တွေ့ရသည်။

မဟာသည် အိမ်ကို သော့ခတ်ခဲ့ပြီးနောက် ရွာထဲမှ ဆေးမှူး သွားပင့်ရန် အပြေးအလွှားထွက်လာခဲ့မိသည်။ ချယ်ရီ အန်နေတာ၊ အစာမစားတာတွေဟာ ဘာရယ်လို့ သူ မသိနိုင်ပေမယ့် စိတ်ထဲမှာ သိပ်ပြီး ဘဝင်မကျလှပါ။

ရွာထဲကို ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် ကြာအောင် သွားရပါသည်။ ကံကောင်းချင်တော့ ဆေးမှူးကို ဆိုက်ဆိုက်မြိုက် မြိုက်တွေ့ပြီး ပါအောင် ခေါ်ခဲ့နိုင်သည်။

လမ်းတွင် ဆေးမှူးက သူ့ကို မေးသည်။

'ဘယ်သူ ဘာဖြစ်လို့လဲဗျ'

မဟာ ဘာပြန်ဖြေရမှန်း မသိပါ။ ခဏတာ သူ နှုတ်ပိတ် ပြီး နေ့နေမိသည်။ ဆေးမှူးက သူ့ကို အူကြောင်ကြောင်နိုင်စွာကြည့် သည်။ အဲဒီအကြည့်ကို သူသိပ်နားလည်တာပေါ့။ သူ့ကို 'ငကြောင်' လို့ မခေါ်ရုံတစ်မည် လှမ်းကြည့်လိုက်တာ။

'ဒီလိုဗျာ. . အိမ်မှာ အန်ပဲ အန်နေလို့'

'ဘယ်သူလဲ. . ယောကျ်ားလား မိန်းမလား'

'မိန်းမ'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားမိန်းမလား'

တော်တော်စပ်စုတဲ့လူပဲ။ နဂိုကမှ စိတ်မရှည်တတ်သော မဟာသည် လေသံပြတ်ဖြင့် ပြီးပြီးရော ပြန်ဖြေမိသည်။

'ဟုတ်တယ်ဗျာ'

အဲဒါကိုပဲ ဆေးမှူးမှာ အော်ရယ်လို့ မဆုံးတော့. .

ဘာမှရယ်စရာမပါတဲ့စကားကို ဘာသဘောနဲ့ရယ်နေမှန်းကို မသိတာ. . .

'ကျွန်တော်ပြောတာ မလွဲဘူးဆိုရင် ခင်ဗျား ကလေးအဖေ ဖြစ်တော့မယ် ထင်တယ်'

'ဗျာ'

သူ့နှုတ်က ထိုတစ်လုံးသာ ထွက်လိုက်နိုင်သည်။ ဘယ်တုန်းကမှ မမျှော်လင့်ထားသည့်စကားက သူ့နားထဲကို တန်းပြီး ရောက်လာတော့ စိတ်ထဲတွင် အမျိုးအမည်မသိသော ဝေဒနာတစ်ရပ်ကို သူခံစားရသည်။

အိမ်ကို ဘယ်လိုရောက်လာမှန်းမသိလောက်အောင် သူ့စိတ်တွေ ထွေပြားနေသည်။

အိမ်ကို သော့ခတ်လာသော သူ့ကို ဆေးမှူးက ထူးဆန်းသလို ကြည့်နေသည်။





'ဒီလိုဗျ. . သူတစ်ယောက်တည်း စိတ်မချလို့ ခတ်ခဲ့တာ'

'မိန်းမကို တော်တော်ချစ်တယ် ထင်တယ်'

ချယ်ရီ့ကို အခန်းထဲမှာ မတွေ့တော့ သူတော်တော်စိတ်ပူသွားသည်။

ချယ်ရီ ဘယ်မှာလဲ. . .

ရေချိုးခန်းထဲမှာ ပုံရက်သားကလေး လဲကျနေသော ချယ်ရီ့ကို တွေ့လိုက်ရသည်။

'ပန်းချယ်ရီ. . ဆေးမှူး ကြည့်ပါဦးဗျာ. . သူ ဘာဖြစ်သွားပြီလဲ'

တစ်သက်မှာ တစ်ခါမှ ဒီလိုပျာယာမခတ်ဖူးပါ။ ရင်ဘတ်ထဲမှ ဆောင့်တက်လာသောဝေဒနာကို ဦးနှောက်က ခံနိုင်ရည် မရှိသဲ မျက်လုံးအိမ်မှာ မျက်ရည်တွေ ကျလာသည်အထိ သူ ခံစားလိုက်ရသည်။

ဆေးမှူးက ချယ်ရီ့ကို စမ်းသပ်ပြီးနောက်

'သူ အရမ်းအားနည်းနေလို့ မူးလဲသွားတာပါ၊ သူ့ကို ခုတင်ပေါ် ရွှေ့ပေးပါဦး. . သေချာစမ်းသပ်ကြည့်ရအောင်'

မဟာသည် ချယ်ရီ့ကိုယ်လေးကို ပွေ့ချီပြီး ခုတင်ပေါ်မှာ အသာချပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီ့ကိုကြည့်ပြီး သနားလာသည်။

ဆေးမှူးက သူ့ဘက်ကို လှည့်ကြည့်ပြီး လက်မ ထောင်ပြသည်။

'ကျွန်တော် မပြောဘူးလားဗျ. . ခင်ဗျား ကလေးအဖေဖြစ်တော့မယ် သိလား၊ သူ့မှာ ကိုယ်ဝန်ရှိနေပြီ'

မဟာ ဝမ်းနည်းဝမ်းသာဖြစ်မိသည်။

ချယ်ရီ့စိတ်ထဲမှာ သူ့ကို မလိုလားမှန်းလည်း သိနေသည်။ အမွှကောင်လို့ မစွပ်စွဲရုံတစ်မည်ကြည့်တတ်သော မျက်လုံးစိမ်းတွေကိုလည်း သူနားလည်သည်။

မင်းသိအောင်ငါမပြောတတ်ပေမယ့် ငါဟာ အမွှသမားတစ်ယောက် မဟုတ်ဘူး ချယ်ရီ. . .

အမွှသမားတစ်ယောက်မှာ လိုချင် တပ်မက်တဲ့ တဏှာတစ်ခုပဲ ရှိတယ်. . အချစ်မပါဘူး။

ငါ့ရဲ့ရင်ဘတ်ထဲမှာ မင်းကိုချစ်တဲ့ အချစ်တွေ အပြည့်ပဲ. . ချယ်ရီ။

ငါ့ရင်သွေးလေး မင်းဆီမှာရှိနေပြီဆိုတော့ မင်းကို ပိုပြီးလို အပ်နေပြီ. . ငါ့ဘဝထဲက မင်းထွက်သွားဖို့ လုံးဝမဖြစ်နိုင်တော့ဘူး ချယ်ရီ. . .





ချယ်ရီ့မျက်လုံးလေးတွေ ပွင့်လာပြီး သူ့မျက်နှာလည်းမြင် ရော. . စိုးရွံ့စွာ တုန်လှုပ်စွာ ပြန်ပြီး မှိတ်သွားသည်။

ထိုအမူအရာကို ပြုပြင်ပြောင်းလဲနိုင်မည့် တန်ခိုးရှင်တစ်ယောက် အမှန်ပင် ဖြစ်ချင်ပါသည်။

မဟာသည် ဆေးမှူးကို ပြန်လိုက်ပို့ချင်ပေမယ့် ချယ်ရီ့ကို စိတ်မချသဖြင့် အနားမှမခွာဘဲ ပြုစုချင်တာပဲ သိသည်။

ဆေးမှူး နားလည်အောင်ရှင်းပြရင်း တောင်းပန်ယူရသည်။

ဆေးမှူး ပြန်သွားပြီးနောက် မဟာသည် ချယ်ရီ့နံဘေးမှာ ဝင်လှဲအိပ်ရင်း သူမ ဆံပင်ကလေးတွေကို ဖွဖွလေး သပ်တင်ပေးမိသည်။

စိတ်လိုလက်ရ စိတ်ထဲကအတိုင်း ပြုမူမိတာ ဒါ ပထမဆုံးဖြစ်လိမ့်မည်။

ချယ်ရီ့အပေါ်မှာ သူဟာ အမြဲတမ်း အရှိုင်းဆန်တဲ့ကောင်လေ. .

ချယ်ရီ့မျက်လုံးတွေက ပိုပြီး အေးစက်လာသည်။ မာကျောလာသည်။

'မင်းမှာ ကိုယ်ဝန်ရှိနေပြီ ချယ်ရီ'

ချယ်ရီသည် မကောင်းဆိုးဝါးတစ်ကောင်ကို တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် သွေးပျက်သွားသလို သူ့မျက်နှာကို ကြည့်ပြီး ခါးသီးစွာဝင် ငြင်းဆိုပါသည်။

'ဟင့်အင်း . . မမွေးဘူး . . ရှင့်သွေးကို ကျွန်မ မမွေးဘူး . . ကျွန်မကို ဖေဖေ့ဆီ ပြန်ပို့ပေးပါ'

'မပို့ဘူး . . မင်းကို ဘယ်တော့မှပြန်မပို့ဘူး . . တကယ်လို့ စိတ်ကူးယဉ်ထားတယ်ဆိုရင်လည်း မင်းခေါင်းထဲက ထုတ်ပစ်လိုက်တော့ . . ငါ ထပ်ပြောမယ် ပန်းချယ်ရီ မင်း ဒီကိုယ်ဝန်ကို ငါ့အတွက် မွေးကို မွေးပေးရမယ် . . ဒါပဲ'

ပြောပြီး သူ ထ,ထွက်လာမိသည်။

'ရှင့်လက်ထဲက လွတ်လမ်း မရှိဘူးဆိုရင် ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်မှာပေါ့ . . ကျွန်မ သေချင်နေတာကြာပြီ စိုင်းမဟာ ရှင့်သွေးဆိုတဲ့ အဲဒီကလေးကိုပါ အပါခေါ်သွားမှာ ဟား . . ဟား . . ဟား . . ဟား . . '

သွေးပျက်စရာကောင်းအောင် အကျယ်ကြီးအော်ရယ်လိုက်သော ချယ်ရီ့ပုံစံသည် စိတ်နှင့်ကိုယ် မကပ်သလို နည်းနည်းလွတ်ချင်နေပုံရသည်။

တစ်နေ့ တစ်နေ့ ကျိုးလန့်စာစားသလို ကျိတ်ပြီး ကလေး မရအောင် ဆုတောင်းနေခဲ့ရတာ . .





မဖြစ်ချင်တာတွေချည်း စုပုံပြီးဖြစ်လာတော့ လူ့ဘဝကို ငြီး ငွေ့လာသည်။ စိတ်ကျရောဂါ(depression) စွဲကပ်လာသည်။

နည်းနည်းလေး နူးညံ့လာပြီဖြစ်သော မဟာ၏ စိတ်တွေသည် ချယ်ရီ့ဆီက တုံ့ပြန်မှုကြောင့် ပြန်ပြီး တင်းမာလာသည်။

'မင်းစကားကို မင်းမြဲမြဲမှတ်ထားပါ ပန်းချယ်ရီ၊ အေး . . ငါ့ အလေး တစ်စုံတစ်ခုဖြစ်လို့ကတော့ . . မင်းကို ငါ ဘယ်တော့မှ ခွင့် လွှတ်ဘူး'

✽✽✽

(ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

ထိုနေ့မှစပြီး ချယ်ရီတစ်ယောက် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပါသည်။ ပုံမှန်မဟုတ်တဲ့အပြုအမူတွေ၊ အပြောအဆိုတွေကို သူမဆီမှာ တွေ့ရတော့သည်။

အခြေအနေတွေက တစ်နေ့ထက် တစ်နေ့ ဆိုးရွားလာပါသည်။

ထမင်းပန်းကန်နှင့် တစ်ရှူးစက္ကူဘူး. . အတူချပေးခဲ့လျှင် ချယ်ရီသည် စက္ကူတွေကို ဝါး ဝါးပြီး စားတတ်သည်။

ကိုယ်ဝန် လ,ရင့်လာသည်နှင့်အမျှ သူမ၏လုပ်ရပ်တွေက ပိုပြီး ဆန်းကြယ်လာသည်။





ဟင်းချက်တဲ့ဆီတွေ ယူပြီး ခေါင်းပေါ်က လောင်းချလိုက်တာမျိုး၊ ရေမချိုးဘဲ သုံး လေးရက် နေတာမျိုးတွေ၊ ညဘက်တွေမှာ မအိပ်ဘဲ ငုတ်တုတ်ထိုင်နေတတ်တာတွေ. .

အဆိုးဆုံးက စိတ်မလိုလျှင် မလိုသလို သူ့ဗိုက်သူ ရိုက်ပုတ်တတ်ခြင်းပင် ဖြစ်သည်။

စိုင်းမဟာသည် ချယ်ရီ့ကိုမထိန်းချုပ်နိုင်တော့တာ တဖြည်းဖြည်းသေချာလာသည်။ အိပ်ပျက်ညတွေ များတော့ သူ့ကျန်းမာရေးပါ ထိခိုက်လာသည်။

ရွာထဲမှ ကောင်မလေးတစ်ယောက်ကို လခပေးပြီး ချယ်ရီ့ကို စောင့်ရှောက်ဖို့ ခေါ်ထားရသည်။ တကယ်တမ်း ချယ်ရီ ကြမ်းလာပြီဆိုလျှင် သူတို့နှစ်ယောက် ပေါင်းပြီး စောင့်သော်လည်း သိပ်မနိုင်ချင်လှပါ။

ဆေးမှူးဆန္ဒကတော့ ချယ်ရီ့ကို ဆေးရုံပို့ပြီး မွေးဖွားစေချင်သည်။ မဟာလည်း ချယ်ရီ့ဗိုက်ထဲက ကလေးလေးကို အဖိတ်အစင်မရှိ ချောချောမောမောရှိစေချင်သည်။ သူ့ဘဝထဲကို ဝင်လာတဲ့ ရင်သွေးလေးကို ရင်ခွင်ဖွင့်ပြီး ကြိုဆိုချင်သည့်စိတ်ကို ဖခင်တစ်ယောက်ရဲ့ဝေဒနာမဆုံးမေတ္တာလို့ ခေါ်လေမလား။

ပန်းချယ်ရီဟာ သူ့ဘဝထဲက ထွက်ခွာသွားဖို့အတွက် ဒီ



www.burmeseclassic.com

www.burmeseclassic.com



လိုနည်းလမ်းကို သုံးပြီး အယောင်ဆောင်နေတာရော မဖြစ်နိုင်ဘူးလား..

ချယ်ရီ့စိတ်ကျန်းမာရေးအတွက် တစ်ဖက်က စိုးရိမ်ရသလို တစ်ဖက်ကလည်း ဟန်ဆောင်နေတာလားဆိုပြီး ဒွိဟဖြစ်ရပါသည်။

အချိန်တွေ ကုန်လွန်လာပြီး ချယ်ရီ့ကိုယ်ဝန်သည် ထင်ထင်ရှားရှားပင် မွေးခါနီးအချိန်သို့ရောက်ရှိလာခဲ့သည်။

သူ့ကိုစောင့်ကြည့်ဖို့အတွက် ငှားထားသောကောင်မလေးပင်လျှင် သူ့ဒဏ်ကို သိပ်ပြီး မခံနိုင်တော့ပါ။

စိတ်ရိုင်းဝင်လာလျှင် ဆွဲပြီး ကုတ်ဖဲ့ပစ်ဖို့ ဝန်မလေးသည့် ချယ်ရီဖြစ်နေခဲ့ပြီ။ နီးရာပစ္စည်းတွေနှင့် ပစ်ပေါက်တတ်သည့် ချယ်ရီ။

မဟာသည်ချယ်ရီ့ကို နားလည်ပေးဖို့ အမြဲကြိုးစားပြီး သူ့ဖိုက်ထဲဟာ ကလေးမျက်နှာကို ငဲ့ကွက်ကာ သည်းခံနိုင်သည့်အတိုင်းအတာထက် ကျော်လွန်ပြီး သည်းခံခဲ့ပါသည်။

ဒီရွာကလေးမှာ လုံခြုံမှုန်းသိသော်လည်း ချယ်ရီ့အတွက် စိတ်မှုပြီးမြို့ပေါ် မှာသွားမွေးစေနိုင်ဖို့အထိ သူအရဲစွန့်ထားရသည်။ ချယ်ရီ့အဖေတာတပည့်များစွာဖြင့်သူတို့ကိုလိုက်ရှာနေတာသူသိသည်။ ထိပ်တိုက်တိုးပြီဆိုတာနှင့်သူထောင်နန်းစံမှာလည်းသေချာသည်။





သို့သော် ဒါတွေကို သူ ဂရုမစိုက်ပါ။

ချယ်ရီနှင့် သူ့ရင်သွေးကလေး ပြန်ပါသွားမှာကိုသာသေမလောက်ကြောက်ပါသည်။ ချယ်ရီသည် သူ့ဘဝအတွက်Essential (မရှိမဖြစ်)ဆိုတာလုံးဝကို သေချာသွားခဲ့ပြီ. . . မခွဲနိုင်တော့လောက်အောင် ချစ်နေပြီ ချယ်ရီ. . .

မင်းသိအောင် ပြောပြဖို့ ဆန္ဒမရှိပေမယ့် ဟောဒီကမ္ဘာကြီးသိသွားအောင်တော့ တိုင်တည်ပြီး ပြောလိုက်ချင်ပါတယ်. .

သိပ်ချစ်ပါတယ် ချယ်ရီ. . ယုံပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

နွေဦးရာသီရဲ့ သာယာသောနေ့ကလေးတစ်နေ့မှာ ချယ်ရီသည် ချစ်စရာကောင်းသော သမီးလေးတစ်ယောက်ကို သူ့အိမ်ကလေးမှာ မဟာအတွက် လက်ဆောင်အဖြစ် မွေးပေးခဲ့ပါသည်။

တစ်ခု ရင်နာစရာကောင်းတာက သမီးလေး ရပေမယ့် ဘာခံစားချက်မှ ချယ်ရီ့မှာ မရှိတာ ဖြစ်သည်။ ကလေးကိုနို့တိုက်ဖို့ငြင်းဆန်ခြင်းသည်မဟာ့ရင်ကိုအထိနာစေသည်။

မင်း ငါ့ကို ကလဲ့စားချေနေတာ မဟုတ်လား ချယ်ရီ. . ဒါပေမယ့်ကလေးမှာအပြစ်မရှိပါဘူးကွာ. . ငါ့သမီးလေး နို့ဆာငိုနေတဲ့အသံကြားရင်ငါ ရှင်လျက်နဲ့ငရဲရောက်နေသလို ခံစားရတာ မင်းသိရဲ့လား. . .

မဟာသည် သမီးလေးကို အနွံတာခံကာ ထိန်းသည်။ နို့ဘူးတိုက်ပြီး မွေးယူသည်။ချယ်ရီ့ကို စိတ်ချမ်းသာအောင်ထားသည်။ ကလေးကို သူမ နှင့်ဝေးဝေးမှာ ထားရသည်။

စိုင်းမဟာသည် ချယ်ရီ့အတွက် ရည်စူးပြီး ချယ်ရီပန်းပုံ ထိုးတစ်ခုကို လက်ဆောင်ပေးသောအခါ ချယ်ရီသည် တည်တည် ငြိမ်ငြိမ်ပင် ယူထားလိုက်သည်။





တစ်နေ့မှာ ချယ်ရီသည် ဘာစိတ်ကူးပေါက်သည် မသိ. . သမီးကလေးကို လာချီပြီး စိတ်လိုလက်ရ ချော့မြူနေသည်။ အချိန်တာ ညနေစောင်းပြီး အမှောင်ထုက အားကြီးလာတဲ့အချိန်ဆိုတော့ မန္တ‌ဝင်းက ဖယောင်းတိုင်မီး ထွန်းထားသည်။

ကလေးကိုချယ်ရီလာချီတော့မန္တ‌ဝင်းမှာ ကြောက်လို့သာ သေးချိုလိုက်ရသည်။ စိတ်က တထင့်ထင့်ရှိလှသည်။

မဟာလည်း ကုလားထိုင်မှာထိုင်ပြီး မသိမသာစောင့်ကြည့်နေရသည်။ သူမစိတ်က သိပ်ပြီး ခန့်မှန်းရတာ မဟုတ်. .

သမီးလေးကလည်း သူ့အမေကို သိနေသလား. . အမေ့အကြောင်း ဘာမှမဆိုနိုင်။ သူ့အမေမျက်နှာလေးကိုမော့ကြည့်ပြီး အားရပါးရပြုံးပြနေလေသည်။

ချယ်ရီသည် သမီးလေးကို ကြည့်ရင်း ကြည့်ရင်း မျက်နှာမှာအရာ ချက်ချင်းပြောင်းသွားသည်။

အဖြစ်အပျက်က သိပ်ကို လျှင်မြန်ပါသည်။

ချယ်ရီ့လက်က သူ့ဆံပင်ပေါ်မှ မဟာပေးထားသောဆံထိုးကို ဆွဲယူကာ ဖယောင်းတိုင်မီးတောက်ပေါ်မှာ အပူပေးလိုက်လျှင်ဆာသည်

'ပန်းချယ်ရီ. . မလုပ်နဲ့၊ သမီးလေးကို ဘာမှမလုပ်နဲ့'



www.burmeseclassic.com

www.burmeseclassic.com



အော်ပြီးထပြေးလာချိန်တွင် ချယ်ရီသည် ချယ်ရီပန်းစုံ ဆံ ထိုးကို သမီးလေး၏နောက်ကျောတွင် ကပ်ပြီးသားဖြစ်နေလေပြီ။

မဟာသည် နှုတ်မှ အံ့အားသင့်စွာ နာကျင်စွာ ကြုံးအော် ပြီးနောက် ချယ်ရီ့လက်ထဲမှ သမီးလေးကိုဆွဲလုလိုက်သည်။

ဒေါသကို မထိန်းသိမ်းနိုင်သော မဟာသည် ချယ်ရီ့ကို

'အရူးမ. . ငါ့သမီးကို နင် ဘာလုပ်တာလဲ. . ဒါ ဘာလုပ် လိုက်တာလဲ. . အား. . .'

ပြောလည်းပြော၊ လက်လည်း ပါသွားမိပြီ။

'ဖြန်း'ကနဲ မြည်သွားပြီးနောက် ချယ်ရီ့မျက်နှာသည် တစ် ဘက်သို့ လည်ထွက်သွားခဲ့သည်။

သမီးလေးသည် နာကျင်လွန်းသဖြင့် တက်မတတ် ချက်မ တတ် ငိုနေသည်။ ဘယ်လောက်တောင် နာလိုက်မလဲ သနားစရာ သမီးလေးရယ်။ သမီးလေးကိုကြည့်ပြီး ယူကြုံးမရစွာ မဟာငိုမိသည်။

'ဟား. . ဟား. . ဟား. . ဟား. .'

အကျယ်ကြီးအော်ရယ်လိုက်သော ချယ်ရီ့ရယ်သံတွေ. . သေချာပါသည်။

ဒီမိန်းမ လုံးဝကို သွက်သွက်ခါသွားပြီ။

သူ ဘာဆက်လုပ်ရမလဲ. . .



## အခန်း(၂၃)

ဦးဝန်မင်းသည် တစ်ပင်လုံး ဝေနေအောင် ပွင့်နေသော ချယ်ရီပန်းလေးတွေကို ကြည့်ပြီး သမီးဖြစ်သူကို ပိုလွမ်းမိလာသည်။

သမီးလေးပျောက်သွားတာ တစ်နှစ်တင်းတင်းရှိခဲ့ပြီပဲ. . .

မှတ်မိနေသေးသည်။ လွန်ခဲ့သောတစ်နှစ်က ဘန်ဂလိုပြန် ရောက်ချိန်မှာ ရိုက်ခွဲထားလို့ မှန်တွေကွဲပြီး ပေါင်းလောင်းဖြစ်နေ သော ပြတင်းပေါက်ကို တွေ့လိုက်စဉ် သွေးတွေက နားထင်မှာ တက် ဆောင့်ကာ တဒိန်းဒိန်းမြည်လာသည်။

သမီးကို ဘယ်မှာမှ ရှာမတွေ့တော့သောအခါ ပြန်ပေးဆွဲခံ လိုက်ရသည်ဟုသာ ထင်မှတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်ဦးသုခ၏ချင့်ချိန်စဉ်းစားတတ်သောဉာဏ်ကြောင့် သမီးကို စိုက်ခင်းပိုင်ရှင်ကောင်လေး ခေါ်သွားတာဖြစ်နိုင်ကြောင်း ကောက်ချက်ချနိုင်ခဲ့ခြင်းဖြစ်သည်။ ရဲစခန်းမှာ လူပျောက်တိုင်ထားပြီး တစ်ဖက်မှာလည်း တပည့်တွေ အင်တိုက်အားတိုက် ဝိုင်းရှာနေကြသည်။

သမီးလေး သောကတွေ ဝေနေပြီလား. . . အချစ်ဆိုတာ ဘာမှန်းမသိရသေးခင်မှာ လူလွတ်ယောကျ်ားတစ်ယောက်နဲ့အတူရှိနေရသည့် သမီးအတွက် နေ့တိုင်း ရတက်မအေးနိုင်ဖြစ်ရသည်။

နဂိုကမှ အငြိုးအတေးကြီးနေသည့် အစွန်းရောက်ကောင်လေးက သမီးကို ညှာတာပါ့မလား. .

ဒီကောင့်လက်ထဲမှာ သမီးလေး ဘဝပျက်သွားပြီလား. .

ဖေဖေ ဘာမှမလုပ်ပေးနိုင်ပါလား သမီးရယ်. .

နေ့လည်း နေ့မို့ ညလည်း ညမို့ စိုးတထိတ်ထိတ်ဖြစ်နေတဲ့ဘဝမှာ ဘုန်းဘုန်းလဲမသွားအောင် စိတ်ကို တင်းထားရသည်။

'ဆရာ. . ချယ်ရီလေး ဘယ်မှာရှိတယ်ဆိုတာ သိပြီ'

လက်နှစ်ဖက်ကို အနောက်ပစ်ပြီး သတင်းထူး လာပြောသော ဦးသုခ. .

'မင်း ဒီမှာ ဘာရပ်လုပ်နေမှာလဲ. . လာလေ. . သွားမယ်





စိတ်မြန်လက်မြန် ရှိသော ဦးဝန်မင်းသည် ကားရှိရာသို့ လျှောက်သွားပြီ ဖြစ်သည်။

'ခဏနေပါဦး ဆရာ. . ခုချိန်မှာ ချယ်ရီက သွေးနုသားနုနဲ့ ကျွန်တော်တို့ကို မှတ်မိပါ့မလား မသိဘူး. . သူ့ကို စောင့်ပေးရတဲ့ ကောင်မလေး ပြောတာတော့ ချယ်ရီက သူ့သမီးလေးကိုတောင်မှ အနာတရဖြစ်အောင် လုပ်တယ်တဲ့. . သိပ်ပြီး normalမဟုတ်သလိုပဲ ဆရာ'

'ဘာ. . ငါ့သမီးကဒီလောက်တောင် အခြေအနေဆိုးနေပြီလား. . ကလေးတောင်ရပြီ ဟုတ်လား. . ဒီကောင် မိုက်ရိုင်းလှချည်လား. . ငါတို့ ဘာဆက်လုပ်သင့်သလဲ သုခ'

'ကျွန်တော်ကတော့ ရဲကို အကြောင်းကြားပြီး ဒီကောင့်ကို ထောင်ထဲပို့ချင်ပြီ ဆရာ. . သမီးချယ်ရီအပေါ်မှာ သူကျူးလွန်ခဲ့တာ သတ်မာတာတွေ များနေပြီလေ၊ နောက်ဆုံး စိတ်မမှန်တဲ့ဘဝတောင် ရောက်သွားပြီ ဆရာ'

'ငါ့သမီး ငါ့လက်ထဲ ပြန်ရောက်ရင် တော်ပြီ သုခ. . ကျန်တာတွေ မင်းဆက်လုပ်လိုက်တော့'

'ကလေးလေးရောဆရာ. . ကလေးပါ ခေါ်လာခဲ့ရမလား။ ဒါမှမဟုတ် ထားခဲ့ရမလား'



www.burmeseclassic.com

www.burmeseclassic.com



ဦးဝန်မင်း စိတ်တွေ ရှုပ်ထွေးသွားသည်။

သမီးလေးက မွေးတော့ မြေးတော်လိုက်ရမလား . .

မဖြစ်သေးပါဘူး . .

သမီးနဲ့ပတ်သက်ပေမယ့် ကိုယ့်သမက်မဟုတ်တဲ့ကောင်ရဲ့ ထောင်ထဲ ပို့တော့မှာလေ . .

သမီး ကိုယ့်ဆီ ပြန်ရောက်လာရင်လည်း ဆေးကုရမှာ ရှိသေးသည်။

နောက်တစ်ခုက ဒီကလေး ပါလာရင် သမီးအတွက် အ သိက္ခာမှုရှိတော့မည် မဟုတ်ပါ။

လင်ကောင်မပေါ်ဘဲကလေးမွေးခဲ့သူအဖြစ် ပတ်ဝန်းကျ အလယ်မှာ မျက်နှာငယ်ရတော့မည်။

ခေါင်းသုံးပြီး အေးအေးဆေးဆေး စဉ်းစားလိုက်တော့ အဖြေတစ်ခု ထွက်လာပါသည်။

'ငါ တစ်ခုစဉ်းစားမိတယ်သုခ၊ ဒီကောင့်ကို မျက်ခြည် ဖို့အတွက် ကလေးကို တစ်နေရာ ခဏပို့ထားလိုက်ကွာ . . နော ကြောင်းရှင်းမှ ငါတို့ ပြန်ခေါ်ကြတာပေါ့'

'တစ်နေရာဆိုတာ သူ လုံးဝမထင်မှတ်ထားတဲ့နေရာ ဆရာ'





သူ့စိတ်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်ပါ။

သမီးရဲ့ကလေးကို မမြင်ဖူးသေးပေမယ့် အဝေးကိုပို့ဖို့ဖြစ် လာခဲ့ပြီလေ . .

ခွင့်လွှတ်ပါတော့ မြေးလေးရယ် . .

***

(ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးကို ချီထားသော မဟာသည် ချယ်ရီ့အရိပ်အထဲ တိုကြည့်ပြီး သူမအနားကို ကပ်လာသည်။

သမီးကို အသားနာအောင် လုပ်လို့ စိတ်လိုက်မာန်ပါ သူ ရိုက်နှက်ခဲ့မိသည်။ သွေးအေးသွားလို့ ပြန်စဉ်းစားမိတော့ ထမင်း မစားနိုင်တဲ့အထိ သူ စိတ်မကောင်းဖြစ်ရသည်။ စိတ်မကျန်းမမာဖြစ် နေတဲ့သူကို သူ ညှာတာရမည်လေ. . .

'ဒီနေ့ ကိုယ်ဈေးသွားမလို့ မင်းဘာစားချင်သလဲ ပန်းချယ်ရီ'

လေသံပျော့ကလေးနှင့်ချော့ပြီးမေးမိတော့ ချယ်ရီကခေါင်း ကိုငုံ့စောင်းကာမျက်လုံးထောင့်ကပ်ပြီး စိန်းစိန်းကြီးစိုက်ကြည့်လေ သည်။ရန်လိုနေသော ကျားသစ်မကလေးလိုသူမအကြည့်ကအေး စက်ကာ ကြောက်စရာကောင်းလှသည်။

ထိုမျက်လုံးအကြည့်နှင့်တင် သူမ ကိုယ့်ကို မလိုလားမှန်းသိ လိုက်ပြီး ပွဲမကြမ်းခင် အခန်းပြင်သို့ အမြန်ထွက်ခဲ့ရသည်။ တစ်နှစ် ဆိုတဲ့ အချိန်အတောအတွင်းမှာ ချယ်ရီတစ်ယောက် လုံးဝကိုပြောင်း လဲသွားပြီလား. . .

ရေတံခွန်မှာ ချယ်ရီ့ကို ပြန်တွေ့ရတော့ ဘာရယ်မဟုတ် သူစောင့်ကြည့်ခဲ့မိသည်။ အဲဒီအချိန်မှာပဲ သူမက သူ့အနားကို





ရုတ် တရက်ရောက်လာခဲ့တာ ဖြစ်သည်။

လှပလွန်း၊ ချစ်စရာကောင်းလွန်းတဲ့ ကောင်မလေးကို အဲဒီ ကတည်းက သူစွဲသွားခဲ့တာ သေချာသည်။

ငယ်ငယ်ကတည်းက အစွဲတစ်ခုကြောင့် သူငွေတွေဆိုတာ နှင့် သူ့စိတ်ထဲမှာ ချဉ်တူးနေအောင် မုန်းမိပြီးသားဖြစ်လို့နေသည်။ ဒီကောင်မလေးကိုကျမှ ပိုင်ဆိုင်ရယူလိုစိတ်ဖြစ်ပေါ်လာတာ သိပ်ကို ဆန်းကြယ်ပါသည်။

'ကိုကြီးမဟာ. . အရှေ့မှာ ရဲတွေရောက်နေပြီ'

မဟာသည် ပြတင်းပေါက်ကို အသာလေးဖွင့်ပြီးကြည့်လိုက် တော့ ချယ်ရီ့အဖေနှင့်သူ့လူယုံတော်ကိုပါ တွေ့လိုက်ရသည်။

ရင်ထဲတွင် ဗြောင်းဆန်သွားသည်။

ပထမဆုံး သူ့ခေါင်းထဲရောက်လာတာက သမီးကလေး. .

သမီးကို သူ မခွဲနိုင်ပါ။ ဒါဆို ဘာလုပ်ရမလဲ. . .

ခုပုံအတိုင်းဆို သူထောင်ထဲဝင်ရဖို့ သေချာသလောက် ရှိ နေပြီ။ ချယ်ရီနှင့် ဒီတစ်သက် ဝေးရတော့မည်။ ပြန်ဆုံဖို့ လမ်းမမြင် တော့ပါ။

'တံခါးဖွင့်ပေးပါ စိုင်းမဟာ. . အေးအေးဆေးဆေး အဖမ်း ခံပါ'



www.burmeseclassic.com

www.burmeseclassic.com



ဆောက်တည်ရာမရ ဖြစ်နေသော မဟာသည် သမီးနှင့် ချယ်ရီ့ကို အပါခေါ်ကာ ခြံဝင်းအနောက်ဘက်မှာထားသော သုံးဘီး ဆိုင်ကယ်လေးဆီ ပြေးသွားပြီး စက်နှိုးကာ ခြံစည်းရိုးကိုဝင်တိုက်ပြီး မောင်းထွက်သွားသည်။

ရဲကားနှင့် ဦးဝန်မင်းတို့ကားကလည်း အနောက်မှ ထပ်ကြပ်မကွာ လိုက်လာကြသည်။

သမီးနှင့် မြေးကို တအားစိုးရိမ်သွားသည်။ မဟာ ဆိုတဲ့ကောင်က လူစိတ်ရှိတာ မဟုတ်၊ တဇောက်ကန်းသမား . .

တစ်နေရာရောက်တော့ လမ်းဆုံးသွားပြီး ရှေ့မှာ ဆက်မောင်းစရာလမ်းမရှိတော့ဘဲချောက်ကမ်းပါးတစ်ခုသာရှိတော့သည်။

မဟာ ဆုံးဖြတ်ရခက်နေသည်။သမီးလေးမျက်နှာမှာ ထိတ်လန့်လွန်း၍မျက်လုံးလေးပြူးကာ သံကုန်ခြစ်၍ အော်ငိုတော့သည်။

ကိုယ့်တစ်ကိုယ်စာအတွက်ဆိုလျှင် . . ဘာကိုမှ ငဲ့ကွက်စရာမဟုတ်သည့်မဟာ၏စိတ်ဓာတ်တွေ မြေကြီးပေါ် ခဝါချလိုက်ရသည်။ သမီးလေးကို ဘာတစ်ခုမှအပွန်းအပဲ့မခံနိုင်ပါ။

သူ့အသက်သေလျှင် သေသွားပါစေတော့ . . ဖြစ်ချင်တာတွေဖြစ်စမ်းပါစေတော့ . . ခံနိုင်ရည်ရှိအောင် အားတင်းပြီး သူအဖမ်း ခံခဲ့ပါသည်။





'ဒီမယ် . . ကျုပ်ညည်းလို့တစ်ကွက်ရွှေ့ခံလိုက်ရပြီပေါ့ . . ကျုပ်ထောင်က ထွက်လာတဲ့တစ်နေ့မှာ ကျုပ်သမီးလေးနဲ့မိန်းမကို မရရအောင် လာပြန်ခေါ်မယ်ဆိုတာ ခင်ဗျားခေါင်းထဲ ထည့်ထား'

ချယ်ရီသည် တွေတွေကြီးရပ်ပြီး ပြူးကြောင်ကြောင် ကြည့်နေပေမယ့် သူ့မျက်စိထဲမှာ အဖေဆိုတာလည်း မှတ်မိပုံမရပါ။ မဟာကိုတော့ ရန်လိုစွာ စူးစိုက်ပြီးကြည့်တတ်သည်။

ဦးဝန်မင်းလက်ထဲမှာ မြေးမလေးကို ပွေ့ချီထားပြီး သမီးချယ်ရီ့ကိုသာ စိတ်မကောင်းခြင်းကြီးစွာ လှမ်းခေါ်လိုက်သည်။

'သမီးလေး . . ဖေဖေလေ သမီး . . မမှတ်မိတော့ဘူးလား'

ချယ်ရီက ခေါင်းကို ငဲ့စောင်းပြီး ကြည့်သည်။ ထို့နောက် ဟက်ဟက်ပက်ပက်ရယ်လိုက်ပါတော့သည်။

'ဖေဖေ ဟုတ်လား . . ဟား . . ဟား . . ဖေဖေလည်း မသိဘူး၊ ပေပေလည်း မသိဘူး၊ ရယ်ရတယ် အရမ်းပဲ၊ မကြီးမငယ်နဲ့လိုက်တမ်းပြေးတမ်း ကစားနေကြတယ်'

ချယ်ရီ့လက်ညှိုးက မဟာကို ငေါက်ငေါက်ထိုးကာ

'သူ့ကို မိအောင် ဖမ်းစမ်း . . ဒီကောင်က ရာဇဝင်လူဆိုးအိုး . . အတော်ပဲ . . ဟိုလူကြီးမှာ နှစ်လုံးပြူးကြီးပါတယ်တော့ . . ပစ်စမ်း . . ပစ်လိုက်စမ်းပါ . . မြန်မြန် . . ဒီကောင် သေမှ အေးမှာ . . .



www.burmeseclassic.com

www.burmeseclassic.com



တား. . ဟား. . ဟား. . '

ဦးဝန်မင်းသည် သမီးကိုကြည့်ပြီး မျက်ဝန်းမှမျက်ရည်တွေ တလိမ့်လိမ့်စီးကျလာသည်။

အဖြစ်ဆိုးလှချည်လား သမီးလေးရယ်. .

နို့ဆာလို့ ငိုနေသောသမီးလေးကို မဟာက မျက်ရည်တွေကြားမှ အားစိုက်ကြည့်ပြီး

'သမီးက နို့ဘူးပဲ စို့တာ. . နို့ဘူးတိုက်ပေးကြပါ'

ဟု ကြေကွဲစွာ ပြောရှာသည်။

ဦးသုခက မဟာ့ကို နာကျင်စွာ ကြည့်ရင်း တစ်ခုခုလုပ်ပစ်ချင်စိတ်ကို မနည်းထိန်းထားရသည်။

သည်းခံနိုင်စွမ်းရှိလှပါပြီဆိုသော ဦးဝန်မင်းသည် မဟာတို့ခါးသည်းစွာပင် နာကြည်းသွားပြီဖြစ်သည်။

တစ်နှစ်ကျော်ကျော်အတွင်းမှာ သမီးလေးကို ဘဝ ပျက်အောင် ရက်ရက်စက်စက် လုပ်ခဲ့တဲ့ကောင်. . ဘယ်လိုလုပ်ပြီး ခွင့်လွှတ်နိုင်မှာလဲ. . .

သူ့ဟာသူ ဥပဒေအရ အရေးယူခံရမှာက သတ်သတ်. . စိတ်ထဲမှာ နာတာက သတ်သတ်ပါပဲ. . ..

မဟာအဖမ်းခံရပြီးနောက် ဦးဝန်မင်းသည် သမီးချယ်ရီကို





'ရိုးမစံအိမ်'သို့ ပြန်ခေါ်လာကာ ကျိတ်ပြီး ဆေးကုပေးရှာသည်။

မြေးမလေးကိုတော့ အရှက်နှင့်သိက္ခာတရားအရ လုံခြုံစိတ်ချရသော Orphanage တစ်ခုမှာ တပည့်တစ်ယောက်ကို သွားအပ် ခိုင်းခဲ့ပါသည်။

သံလွင်မြစ်နံဘေးမှာ တွေ့ရတဲ့ စွန့်ပစ်ကလေးလေးအဖြစ် အပိုအလိုမရှိ ကွက်တိဝင်အောင် သရုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

'အဲဒီလူ ဘယ်သူလဲ မမကြည်ပြာ. . . ခင်ဗျားယောကျ်ား လား. . တရားဝင်လား၊ ဘာကိစ္စ ခိုးကြောင်ခိုးဝှက်လာရတာလဲ. . ပြောလေ. . ကျွန်တော် နားလည်အောင် ပြောပြစမ်းပါ'

ချောင်ပိတ်ပြီး မေးနေသော ဗေဒါ၏ မေးခွန်းတွေက နား ရှက်စရာ ကောင်းလှသည်။

'မဟုတ်ဘူး မောင်လေး. . သူက မမမိတ်ဆွေပါကွယ်. . . မမနဲ့သူ ဘာမှမပတ်သက်ပါဘူး'

'ခင်ဗျားအခန်းထဲက ထွက်သွားတာတောင် ဘာမှ မပတ်





သက်ဘူး. . ဟုတ်လား'

လုံးဝငြင်းပယ်လို့ရမှာမဟုတ်မယ့်အတူတူ ကြည်ပြာ ဝန်ခံ လိုက်ရပါသည်။

'အေးလေ. . နင် ဒီလောက်သိချင်နေမှတော့ ငါပြောပြရ တော့မှာပေါ့. . ငွေရှာရတာ မလွယ်ဘူး မောင်လေး၊ သူဟာ ဘာပဲ ဖြစ်နေဖြစ်နေ ငါတို့မောင်နှမအတွက်တော့ လစဉ် ထောက်ပံ့ကြေး ပေးနေတဲ့ ကျေးဇူးရှင်ပဲ. . သူ့ကျေးဇူးကြောင့်သာ မဟုတ်ရင် မင်း သည်း ဘွဲ့ရတစ်ယောက်ဖြစ်လာမှာ မဟုတ်ဘူး'

ဗေဒါက နာကျင်စွာ အံကိုတင်းတင်းကြိတ်ရင်း ရယ်မော မိသည်။

'ကျေးဇူး. . ဟုတ်လား၊ဒီကျေးဇူးတွေကို ခင်ဗျားခန္ဓာကိုယ် နဲ့ရင်းပြီး ဆပ်နေတာ မဟုတ်လား. . ဒီပတ်ဝန်းကျင်မှာ ကျွန်တော် တစ်ယောက်ပဲ အကန်းပေါ့. . လူတကာ သိပြီးမှ ကျွန်တော့်နားထဲ ရောက်တာ ဘယ်လောက်ရှက်ဖို့ကောင်းလဲ'

ကြည်ပြာ ငိုနေပါသည်။

အလွယ်လိုက်မိသည့်လမ်းက မောင်လေးအတွက် သောက ဆွေ ဖြစ်စေခဲ့ပြီလား. . .

မောင်လေး သူမကို ရွံမုန်းသွားခဲ့ပြီ၊ နာကြည်းသွားပြီထင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဤသို့တောင်းပန်ပြီး လိုက်ခေါ်တာတောင်မှ လှည့်မကြည့်ဘဲ ထွက်သွားခဲ့ပြီဖြစ်သည်။

ပြန်လာပါ မောင်လေးရယ်. .

ယောဒီလောကကြီးမှာ မမအတွက် တွယ်တာစရာဆိုလို့ မောင်လေးတစ်ယောက်ပဲ ရှိတာ. .

မောင်လေး မကြိုက်ရင် မမ ပြင်ပေးပါ့မယ်ကွယ်. .

✱✱✱





လေတဖြူးဖြူးတိုက်နေသော ဆိပ်ခံဘောတံတားပေါ်တွင် ဗေဒါသည် ခြေတွဲလောင်းချထိုင်ရင်း ပေါက်ကွဲထားသဖြင့် ညစ်ညူးနေသောစိတ်တွေကို ဖြေလျော့ကာ အနားယူနေရသည်။

ပင်လယ်ပြင်ကို ဖြတ်တိုက်လာသဖြင့် ဆားနံ့သင်းနေသော လေကို တဝကြီးရှူသွင်းလိုက်သည်။

ဂစ်တာကြိုးကိုညှိပြီး ဂျပန်တေးသွားတစ်ပုဒ်ကို စိတ်နှစ်ပြီး တီးခတ်နေမိသည်။

ဗေဒါ. . တဲ့. .

ဘဝကိုက ရေမျောကမ်းတင် ဗေဒါပင်လေးတွေလို ငယ်ငယ်လေးကတည်းက သူ့မှာ ပျော်ရွှင်ခြင်းတွေ ဆိတ်သုဉ်းခဲ့ရသည်။

မမကြည်ပြာကိုလည်း သူ မယုံတော့ပါ။ အိမ်ထောင်ရှိပြီး သားယောက်ျားတစ်ယောက်နဲ့ဖောက်ပြန်နေတာ မိန်းမကောင်းတဲ့လား. . ဒီလို ချူစားမြိုက်စားပြီးမှ ရတဲ့ငွေနဲ့ သူ့ဘဝကိုမြှင့်တင်ပေးခဲ့တာတဲ့. . . သွားပြီပေါ့ဗျာ. .

ထားခဲ့တဲ့ ယောက်ျားမာနနှင့် သိက္ခာတွေ .အားလုံးကို ရိုက် ချိုးဖျက်ဆီးပစ်လိုက်သလိုပဲ. . .

*လေပြည်အေးလေးတွေက သူ့ဆံပင်ရှည်ရှည်တွေကိုလွင့်*



www.burmeseclassic.com

www.burmeseclassic.com



ဖွာနေအောင် ကျီစယ်လို့နေသည်။

နားမှာဆွဲထားတဲ့ လူအရိုးခေါင်းပုံနားဆွဲတစ်ဖက်ကလည်း လေတိုက်လိုက်တိုင်း လှုပ်လို့နေသည်။

ထိုဆံပင်ရှည်နှင့် ထိုနားဆွဲကြောင့်ပင် ဗေဒါဆိုတာ ပတ် ဝန်းကျင်မှာ နှာခေါင်းရှုံ့ကဲ့ရဲ့ချင်စရာ ဂေါ်လီဆန်တဲ့ ကောင်လေး တစ်ယောက်ဖြစ်ခဲ့ရသည်။

လူတစ်ယောက်ကို အပြင်ပန်းက ကြည့်ပြီး ဆုံးဖြတ်တာ သဘာဝကျရဲ့လား. .

ပြောချင်ရာပြောကြပါစေ၊ သူကတော့ never mindပဲ

သူ့ဘဝတစ်ခုလုံးနှင့်စိတ်အာရုံတွေအားလုံးဟာ ညီမလေး ခွာညို့ဆီမှာပဲ ရှိနေတာ၊ ခုချိန်ဆိုရင် ညီမလေး ဘာလုပ်နေမှာလဲ. .

ကိုကိုလာခဲ့မယ် ညီမလေး. . သိပ်မလိုတော့တဲ့အချိန်လေး အတွင်းမှာပေါ့. . .

ညီမလေးဘဝက ဟိုးမိုးမြင့်ကောင်းကင်မှာ အလင်းလက် ဆုံးဆိုတဲ့ ကြယ်လေးတစ်ပွင့်ဖြစ်နေပြီလေ. . ဟော်တယ်ကြီးသုံးခု ရှယ်ယာအများဆုံးကို အမွေဆက်ခံမယ့်သူကလည်း ညီမလေးပဲ

ကိုကို့ဘဝက ရေထဲမှာ မျောပါနေတဲ့ အညတရကောင် ဆို တော့ အလှမ်းကွာလွန်းပါတယ်။





အခု ကိုကို လုပ်လို့ရသမျှ အကုန်လုပ်တယ် သိလား. .

dancer လည်း လုပ်တယ်၊ model လည်း လုပ်တယ်. . .

နောက်ဆုံး ညဘက်တွေ စားသောက်ဆိုင်မှာ ဂစ်တာတီးပြီး သီချင်း ဆိုတယ်. .

ဒါတွေအားလုံးဟာ ညီမလေးနဲ့ပြန်ဆုံတွေ့ချင်လို့ပဲ။

ထိုနေ့ကဗေဒါသည်ဘောတံတားပေါ်တွင် မိုးစုန်းစုန်းချုပ်တဲ့အထိ ဂစ်တာတီးနေခဲ့သည်။ ညီမလေးနဲ့ စိတ်ထဲမှာ စကားတွေ ပြောနေခဲ့သည်။

သေချာတာက သူ ဒီကနေ့ မမြကြည်ပြာဆီ ပြန်တော့မည် မဟုတ်ပါ။ ရှက်စိတ်၊ နာကြည်းစိတ်တွေက သူ့တစ်ကိုယ်လုံးကို ချုပ်နှောင်ထားသလို တင်းကြပ်နေခြင်းပဲ ဖြစ်သည်။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

မွန်းချယ်ရီသည် အိပ်ရာမှနိုးထလာလျှင် မှန်ပြတင်းကထ... ဆင့် ခြံထဲကို လှမ်းကြည့်မိသည်။ ကုန်းမြင့်လေးပေါ်မှာ ဆောက်ထား... သော အိမ်ကလေးမှ နိမ့်ဆင်းသွားသောလမ်းတစ်လျှောက် ထင်... ပဒေသာပင်လေးတွေ စီတန်းနေသည်မှာ လွန်စွာလှပပါသည်။

ဟိုးအဝေးဆီမှာတော့ တောင်ခိုးတွေ ဝေနေတဲ့ ရှမ်းတ... မြင့်တောင်တန်းလေးတွေ ရှိနေတာပေါ့. . .

မွန်းရဲ့မျက်လုံးလေးတွေက ခြံထဲမှာစကားပြောနေကြသော ဘိုးဘိုးနှင့်ဘကြီးသုခဆီ ရောက်သွားမိသည်။





သူတို့ ဘာတွေပြောနေကြတာလဲ မသိပါဘူး. .

မွန်း ဒီနှစ် တက္ကသိုလ်စတက်ရတော့မှာ. . ဘိုးဘိုးကလေ ဘာတွေ စိတ်မချမှန်း မသိပါဘူး. . . မွန်းကို ကျောင်းဆက်မတက်စေချင်သလိုပဲ။

ဒီအိမ်ကိုရောက်လာပြီးကတည်းက 'လိုတရမင်းသမီး'လေးလို အရာရာပြည့်စုံခဲ့ပေမယ့် တစ်ခါတလေတော့လည်း စိတ်ထဲမှာ ဖွင်းသလိုလို မပျော်သလိုလိုပဲ. . ကိုကိုဗေဒါကို သတိရမိတဲ့အခါမျိုးတွေဆိုရင် နေရတာ တစ်မျိုးပဲ. .

ညီမလေးဘဝက အေးအေးချမ်းချမ်းရှိပြီး ကိုကို့ခမျာ ချို့ချို့ငဲ့တဲ့နဲ့နေနေရမှာ. . .

ဘကြီးသုခက ကိုကိုဗေဒါကို သူ သွားခေါ်တယ်လို့ ပြောတယ်။ ဒါပေမယ့် သူ့အစ်မ လာခေါ်လို့ ပါသွားပြီတဲ့လေ. . မွန်းဖြင့် အဲဒီစကားလည်း ကြားရော ငိုလိုက်ရတာ အမောပဲ. .

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကိုကို့ကို ညီမလေးပြန်တွေ့ခွင့်ရပါစေလို့ ဘုရားမှာ နေ့တိုင်းဆုတောင်းနေပါတယ် ကိုကို. .

ဦးသုခသည် မွန်းချယ်ရီ လှမ်းကြည့်နေတာကိုတွေ့သွားပြီး

'ဆရာ. . ဟိုမှာ မွန်းလေး လှမ်းကြည့်နေတယ်'

'မင်းကို ငါပြောထားတဲ့အတိုင်းသာ ဆက်လုပ်၊ မြေးလေးကို



www.burmeseclassic.com

www.burmeseclassic.com



အပြင်သိပ်မထွက်အောင် ထိန်းထား၊ ဒီအိမ်ကိုလည်း လုံခြုံရေးတွေ တိုးမြှင့်ထားဖို့ လိုတယ် သုခ၊ သွား . . သွား . . လုပ်စရာရှိတာ ဆက်လုပ်တော့'

ဦးသုခက အရှိအသေပေးပြီး ထွက်သွားပါသည်။

ဒီနေ့ ဆရာညွှန်ကြားသည့်အတိုင်း သတင်းစာမှာ ကြော်ငြာ ထည့်ဖို့ကိစ္စ သွားလုပ်ရမည်။

စိုင်းမဟာဆိုတဲ့ အရိုင်းအစိုင်းကောင် ပြန်ထွက်လာပြီးကတည်းက သူတို့မှာ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်း မစားရပါ။

စိုင်းမဟာ ထောင်ကျစဉ်က ဦးဝန်မင်းသည် သမီး ဝန်းချယ်ရီကို အိမ်ထဲမှာ ကျိတ်ပြီး ဆေးကုပေးသည်။

မြေးမလေးကိုတော့ တစ်နှစ်အကြာမှာ သွေးလွန်တုပ်ကွေးဖြစ်ပြီး သေသွားပြီဟု စိုင်းမဟာဆီ သတင်းပို့ခဲ့သည်။ တစ်သက်လုံးအတွက် မျက်ခြည်ပြတ်လိုက်သည့်သဘောပင်။

ထိုအချိန်က ကလေးကို ဘယ်သူမှမထင်သည့် orphanage တစ်ခုမှာ ပို့ထားခဲ့သည်။

တကယ်တမ်းသေသွားတာက မြေးလေး မဟုတ်ဘဲ သမီးလေး ပန်းချယ်ရီဖြစ်သွားတာက အကြီးမားဆုံးလွဲချော်မှုတစ်ခုဖြစ်ခဲ့





သည်။

တစ်ခုသောလသာရက်တစ်ညတွင် ချယ်ရီသည် ဝရန်တာလက်တန်းပေါ် တက်ရပ်ပြီး လက်တွေကို လေထဲမှာ ဆန့်တန်းကာ တဟားဟားအော်ရယ်နေသည်။

တရေးနိုးလာသော ဦးဝန်မင်းက သမီးအသံကြားလို့ထွက်ကြည့်ချိန်တွင် ညအိပ်ဂါဝန်ဖြူလွလွလေး ဝတ်ထားသော ချယ်ရီ့ကို အတွေ့မှာ သွေးပျက်စွာ ကြောင်သွားမိသည်။

ထိုနောက် စိုးရိမ်လွန်းသဖြင့်

'သ. . . မီး. . .'

ဟု လှမ်းအခေါ် . . ချယ်ရီက အဖေဘက်သို့လှည့်အကြည့် . . စက္ကန့်ပိုင်းလေးအတွင်းမှာ ကံကြမ္မာက ကျီစယ်သွားခဲ့သည်။

ချယ်ရီတစ်ယောက် ခြေချော်ကျကာ ပွဲချင်းပြီး သေဆုံးသွားခဲ့ပြီဖြစ်သည်။

ကြာခဲ့ပြီ ဆိုပေမယ့်လည်း မနေ့တစ်နေ့ကလိုပင် လူတွေအားလုံးကို အမှတ်တရဖြစ်နေစေတုန်းပါပဲ. . .

ပါးနပ်သော စိုင်းမဟာက တစ်ချိန်လုံး ရိုးမစ်အိမ်ကိုစောင့်ကြည့်နေခဲ့သည်။

သူ့သမီးလေး သေပြီဆိုတာကို သူ့နှလုံးသားက လက်မခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးဆိုပြီးစုံစမ်းနေလို့ ဦးဝန်မင်းက မွန်းလေးကို ဒီမှာမထားတော့ဘဲ ရန်ကုန်မှာ ကျောင်းပေးတက်မလို့ စီစဉ်ထားသည်။ မွန်းအတွက် ကားမောင်းပေးဖို့ ဘော်ဒီဂတ် လုပ်ပေးဖို့ သင့်တော်သောသူ တစ်ယောက်ကို သတင်းစာထဲမှာ ကြော်ငြာထည့်ပြီးရှာဖို့ အမိန့်ပေးထားသည်။

* * *





သတင်းစာဖတ်နေသော နိုင်နိုင်က ကြော်ငြာတစ်ခုကိုတွေ့ပြီး ဗေဒါအား လှမ်းပြောသည်။

'ဗေဒါ. . ဟောဒီကြော်ငြာလေး ဖတ်ကြည့်စမ်း. . မင်းနဲ့ အကုန်လုံး ကိုက်ညီတယ်ကွ'

ဗေဒါက နိုင်နိုင့်လက်ထဲမှကြော်ငြာကို လှမ်းယူပြီး ကြည့်လိုက်သည်။

'သက်တော်စောင့် အလိုရှိသည်'

ကိုယ်ခံပညာ ကျွမ်းကျင်ရမည်။ စိတ်ရှည်ပြီး ကားမောင်းတတ်ရမည်။ လစာကောင်းကောင်းပေးမည်။ နေရေးထိုင်ရေး အစစအာဝန်ယူသည်။

ရိုးမစံအိမ်

ဖုန်း. . . . . . .

'ရိုးမစံအိမ်'ဆိုတာနှင့်တင် ဗေဒါက စိတ်ဝင်စားနေပြီဖြစ်သည်။

ညီမလေးရှိနေတဲ့ ရိုးမစံအိမ်ပဲလား. . ။ ဘာပဲဖြစ်ဖြစ် ထို



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တို့ သူ ရအောင် ကြိုးစားတော့မည်။

ညီမလေးသာ တကယ်ရှိနေခဲ့ရင် ကံကြမ္မာကို ကျေးဇူးတင်ရပါမည်။

'မနက်ဖြန် ငါသွားလျှောက်မယ်ကွာ၊ ဒီအလုပ်ကို ငါ အရမ်း feel ဖြစ်သွားပြီ'

'ငါလည်း လိုက်ခဲ့မယ်လေကွာ. . မင်း အဆင်ပြေရင် ငါ့ကို ပြုစုဖို့ မမေ့နဲ့နော်'

ထိုညက ဇေဒါ အိပ်မက်တွေ မက်နေပါသည်။

ညီမလေးက သိပ်လှတဲ့ ကောင်မလေးတစ်ယောက်ဖြစ်နေပြီပဲ. . သူကတော့ ညီမလေးအနားမှာ အရိပ်တကြည့်ကြည့်နေတဲ့ သက်တော်စောင့်တဲ့လေ. .

ပြန်တွေးကြည့်တာနှင့်တင် စိတ်ကို exciting ဖြစ်စေပါသည်။

စိတ်ချပါ ညီမလေးရယ်. . . ကိုကို ရှိနေသရွေ့ ညီမလေး အနားမှာ ဘာအန္တရာယ်မှမရှိစေရပါဘူး။

✿✿



## အခန်း(၂၆)

ဦးသုခသည် သူ့ရှေ့မှာရှိနေသော လူရွယ်ကို အကဲခတ်ကြည့်ရင်း

'ဒီထဲမှာ ရေးထားတာတော့ ခါးပတ်နက်ရဖူးတယ်ပေါ့. . ဟုတ်လား'

'ဟုတ်ပါတယ် ဦး'

'သက်တော်စောင့်. . ဆိုတာ မင်း ဘယ်လိုခံယူထားသလဲ မောင်ရင်'

'ကျွန်တော် စောင့်ရှောက်ရမယ့်လူဟာ အသက်ဘေးအန္တရာယ်တစ်ခုခုနဲ့တွေ့တဲ့အခါ ကျွန်တော့်အသက်နဲ့ရင်းပြီး ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com



နေရမယ်လို့ နားလည်ထားပါတယ်'

'ဟုတ်ပြီ. . ဒါဆို မင်း ရှင်းအောင် ထပ်ပြောပြမယ်၊ သူ့ရဲ့ အသက်ကိုပဲ မင်းတာဝန်ယူရမယ်. . သူ့နှလုံးသားနဲ့ မင်း အဝေးဆုံးမှာ ရှိနေရမယ်၊ အဲဒီတစ်ခုကို လိုက်နာနိုင်ရင်၊ ကတိပေးနိုင်ရင် ဒီအလုပ်ကို မင်း ရပြီလို့ မှတ်လိုက်တော့. . လစာက နှစ်သိန်း ပေးမယ်၊ နေရာထိုင်ခင်း စီစဉ်ပေးမယ်'

ချည်ပြီးတုပ်ပြီး ပေးလိုက်တဲ့အလုပ်ဆိုပေမယ့် သူ တာဝန်ယူစောင့်ရှောက်ရမှာ မိန်းကလေးတစ်ယောက်ဆိုတာ သိပ်ကိုအေးချသွားပြီမို့ ရင်ခုန်သံတွေ အရမ်းမြန်လာသည်။

ညီမလေးလား. . . ညီမလေးပဲ မဟုတ်လား. . .

. . . . . . . . . . . . . . . . . . . . . . .

ဒီနေ့ မွန်းချယ်ရီလာမည်မို့ သူ အစောကြီးထဲက လေဆိပ်မှာ ဆင်းကြိုဖို့ စိတ်စောနေမိသည်။

ဓာတ်ပုံထဲက ကောင်မလေးဟာ သူ့ရဲ့ညီမလေး ဒွာညီပဲလို့ တစ်ထစ်ချယုံကြည်နေမိသည်။

သူ့ရဲ့မနောစိတ်က လှုံ့ဆော်မှုကြောင့် တစ်ညလုံး တစ်နေ့မှအိပ်လို့မရဘဲ မိုးစင်စင်လင်းခဲ့ရသည်။

ညီမလေးက တော်တော်လှတာပဲ။ ငယ်ငယ်လေးကတည်း





က ချစ်ဖို့ကောင်းလွန်းလို့ လူတကာရဲ့အချစ်တွေအားလုံး သိမ်းကြုံးပြီး ရခဲ့တဲ့ ညီမလေး. . အခုလို Teenager (ဆယ်ကျော်သက်)မှာ ဒီလိုလှနေပုံနဲ့တော့ ညီမလေးရဲ့သက်တော်စောင့်ကိုကို. . ဖိုက်တင် ဘယ်နှပွဲလောက် playရမလဲ မသိဘူးကွာ. . .

မွန်း(Moon)လို့ အားလုံးက အမြတ်တနိုးခေါ်ကြတဲ့ ညီမလေးဟာဓာတ်ပုံထဲမှာ ဆံပင်ကိုနှစ်ဖက်ခွဲစည်းထားပြီး ခြေထောက်နှစ်ဖက်ကို ယှက်ပြီး ရပ်ကာ လက်နှစ်ဖက်က ဆံပင်လေးတွေကိုပြန်ကိုင်ထားပြီး အပြစ်ကင်းစွာ ကြည်လင်စွာ ဖြူဖွေးလှပသော သွားတန်းကလေး ပေါ်အောင် ရယ်မောနေသည်။

ဘာဘီရုပ်ကလေးတွေ ဝတ်တတ်သော တစ်ဆက်တည်း ဂါဝန်လှလှလေးဝတ်ထားပြီး ဖိနပ်ကို အကျီနှင့်အရောင်ကိုက်အောင် စီးထားသေးသည်။

ညကတည်းက ဒီဓာတ်ပုံလေးကို သူ့ရင်ဘတ်ပေါ်မှာ တင်ထားပြီး ကလေးဘဝတုန်းက မိဘမဲ့ဂေဟာမှာ သံယောဇဉ်ကြီးခဲ့ရတဲ့ အကြောင်းတွေကို ပြန်စဉ်းစားရင်း အချိန်တွေကို ကုန်လွန်စေခဲ့၏။

ကားပါကင်မှာ ကားရပ်ခဲ့ပြီး ဇွဲဒါသည် လေဆိပ်၏ထွက်ပေါက်၌ မွန်းချယ်ရီထွက်အလာကို ရင်ဖိုစွာ စောင့်နေမိသည်။

ဟော. . ညီမလေး လာပြီ. . .



www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်အနက်တပ်ပြီး နှစ်လက်မဒေါက်ကို စီးထားသည့် ကောင်မလေးသည် သူ့ရဲ့Luggage ကိုဆွဲကာ ထွက်လာနေသည်။ ဖျင်းဘောင်းဘီနဲ့လိုက်ဖက်စွာ သူမ ဝတ်ထားသည့် အဖြူရောင်ရှပ် လက်ရှည်လေးက ရှိုးရင်းစွဲအသက်နှင့်လိုက်ဖက်အောင် style ကျ လုပနေပါသည်။ အဖြူလွလွအကျီပေါ်မှာ ဆွဲကြိုးရှည်ရှည်လေးတစ် ကုံးကို ဆင်မြန်းထားတော့ မြင်သူအားလုံး သူမကို လည်ပြန်ငေးနေ ကြသည်။

ရုပ်ရှင်မင်းသမီးလားဟု တီးတိုးမေးနေသံကို ကြားတော့ ဗေဒါ ကျိတ်ပြီး ပြုံးမိသေးသည်။

ကောင်မလေးက အပြင်မှာရုပ်ပြီး ဟိုဟိုဒီဒီ လှမ်းကြည့်နေ သည်။

ဆယ့်သုံးနှစ်လောက် အဝေးကနေ တိတ်တခိုး လွမ်းခဲ့ရ သော ညီမလေးကို နူးညံ့ညင်သာစွာ သူ ငေးကြည့်နေမိသည်။

မွန်းချယ်ရီသည် သူ့ဘက်ကိုလှည့်အကြည့်. . သူ့ရဲ့ရိုသေ ဝေ တောက်ပသောအကြည့်တို့ကို မြင်သွားပြီး တစ်ဖက်သို့ ပြန်လှည့် သွားသည်။

'မွန်းချယ်ရီ. . ကျွန်တော့်ကို ဦးသုခက လွှတ်လိုက်တာပါ' ဗေဒါက သူမ လက်ထဲမှ Luggage ကို လှမ်းယူလိုက်ပြီး





တည်ငြိမ်စွာ လှမ်းပြောသည်။ မွန်းချယ်ရီသည် ဗေဒါကို အတဲခတ် သလိုကြည့်ပြီး ယောက်ျားပီသစွာ ချောမောသော သူ့ပုံစံကို လတ် မျှားခါသွားရသည်။

အမှိုးခေါင်းပုံ နားဆွဲတစ်ဖက်နှင့် ဆံပင်ရှည်တွေကိုသာ စည်းမထားလျှင် ပိုပြီးတောင်မှ ကြည့်လို့ကောင်းဦးမည်။ ဖြောင့်စင်း နေသော နှာတံချွန်ချွန်လေးနှင့် ထူထဲသော မျက်ခုံးမွေးများက ကြည့် လိုက်တာနှင့် ထင်းနေသည်။

ဖြူသောအသားနှင့် ရှန်းလက်ရီဝေစွာ မထီတထိ ကြည့် တတ်သော မျက်ဝန်းများက ဒီလူရဲ့ Trade Mark တစ်ခုပဲ ထင်ပါ သည်။

သူသည် မွန်းရဲ့Luggage ကို ဆွဲပြီး အင်မတန်မှ ကြည့် ကောင်းသောလမ်းလျှောက်ခြင်းမျိုးဖြင့် လျှောက်သွားလျှင် သူ့နောက် မှ မီအောင် မပြေးရုံတမယ် လိုက်ရတော့သည်။

'ဒီမယ်. . ရှင်က ကားဒရိုင်ဘာလား'

မေးသာ မေးလိုက်ရသည်။ ဒီလူ့ရုပ်က ကားဒရိုင်ဘာလုပ် ဖို့ မကောင်းပါ။ မြင့်မားသောအရပ်နှင့်လိုက်ဖက်စွာ body struc-ture က ခပ်မိုက်မိုက်မို့ model boy မဟုတ်ရင် မင်းသားလုပ်ဖို့ ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



'ထင်ချင်သလိုထင်နိုင်ပါတယ် . . ကားမောင်းနေတဲ့အချိန် ဒရိုင်ဘာပေါ့၊ မွန်းချယ်ရီမှာ ဘေးအန္တရာယ် ကြုံလာတဲ့တစ်ချိန်မှာတော့ ကိုယ်က သက်တော်စောင့်ပေါ့'

သူ့ စကားပြောတာ နားထောင်လို့ ကောင်းပါသည်။ မွန်း ငယ်ငယ်တုန်းက ကိုကိုဗေဒါလည်း ခုဆို သူ့အရွယ်လောက်ရှိရောပေါ့ . . . မွန်းသည် ဗေဒါ့ကို သတိရပြီး မျက်နှာလေး ညှိုးကျသွားသည်။ သူက ကားတံခါး ဖွင့်ပေးပြီး ကားကို ကျင်လည်စွာ မောင်းထွက်သွားတဲ့အချိန်အထိ စကားတစ်ခွန်းမှမပြောတော့ပါ။

ဘိုးဘိုးကလည်း မွန်းကို ဘာတွေစိတ်ပူနေမှန်း မသိပါဘူး ရန်ကုန်မှာ ဒီကျောင်းလေးတက်ဖို့များ သက်တော်စောင့်တွေဘာတွေနဲ့ လူများကြားရင် ရယ်ချင်စရာနော်။

ဗေဒါသည် မှန်ထဲမှာ ပေါ်နေသော ညီမလေးမျက်နှာကို ကြည့်ပြီး အကျေနပ်ကြီး ကျေနပ်နေလေသည်။ ဒီနေ့လေးက မင်္ဂလာ သိပ်ရှိတာပဲဗျာ. . . ညီမလေးနဲ့ပြန်ဆုံခွင့်ပေးတဲ့ ကံကြမ္မာကိုလည်း Thank you ပါဗျာ . .

'ရှင့်နာမည်က ဘယ်လိုခေါ်လဲ'

ဗေဒါက မှန်ထဲမှတစ်ဆင့် ပြုံးစိုက်ကြည့်ရင်း

'W.H' ဟု ပြုံးပြီး ဖြေသည်။





'ဟင် . . ဘာနာမည်ကြီးလဲ'

'Water Hyacinth လေ'

'ဗေဒါပေါ့ . . ဟုတ်လား'

ဗေဒါဆိုတော့ မွန်းတစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ကိုကိုဗေဒါဟုတ်မဟုတ်ကိုလည်း သိချင်စိတ်ပြင်းပြလာသည်။

'ကိုဗေဒါ . . မွန်း တစ်ခုမေးလို့ရမလား'

'မေးလေ'

'ကိုဗေဒါ . . ငယ်ငယ်တုန်းက ဘယ်မှာနေခဲ့သလဲဟင်'

ဗေဒါပြန်ဖြေမည့်အဖြေကို စိတ်လှုပ်ရှားစွာ နားထောင်နေသော မွန်း . . .

'အိမ်မှာပဲ နေတာပေါ့'

ဗေဒါသည် သူ့အဖြေ သူသဘောကျစွာ ရယ်ချင်စိတ်ကို မနည်းထိန်းထားရသည်။ ဒီလိုမေးပုံထောက်တော့ ညီမလေး သူ့ကို မမေ့လောက်သေးဘူးပေါ့။ ဗေဒါဆိုတာနှင့် ငယ်ငယ်က ကိုကိုဗေဒါကို သတိရသွားပုံရသည်။

မွန်းရဲ့စိတ်တွေ ခုမှပိုပြီး မွန်းကျပ်သွားသည်။ သူက ကိုကို မဟုတ်တာ။ နာမည်လေး တူရုံပဲလား။ ညီမလေးက ကိုကို့ကိုပြန်တွေ့ပြီလို့ ထင်နေတာ . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၇)

'မွန်း. . ဟိုမှာ နင့်ရဲ့body guard ကိုကို လာပြီ'

ဖြူလေးဝေက မွန်းချယ်ရီကို လှမ်းပြောတော့ စာကျက်နေ

သော မိုးစံ၏မျက်လုံးတွေက ဇေဒါ့ဆီရောက်သွားပြီး

'ဟယ်. . အဲဒါ model ဇေဒါပဲ. . သူက dancer လည်း

လုပ်တယ်လေ. . သူ က,တာ အရမ်းလှတာပဲ သိလား၊ ငါတို့ဆို သူ

ပါတဲ့ပွဲတွေ မလွတ်တမ်းကြည့်တာ'

'ဟုတ်ရဲ့လား မိုးရယ်. . သူက အဲသလောက်အောင်မြင်နေ

တဲ့သူဆိုရင် ငါတို့ဆီမှာ ကားလာမောင်းပါ့မလားဟဲ့'

မွန်းက အံ့ဩသလိုလေး လှမ်းမေးတော့ မိုးစံက ရယ်





ကျဲဖြင့်

'ဒါကတော့ something ပေါ့. . ငါ ဘယ်သိပါ့မလဲ၊ နင့်လူ

နင်မေးကြည့်လေ'

ဒါပဲ. . ဒါတွေကြောင့်ပဲ ခက်နေရတာ. . ဒီလူကြီးဟာလေ

မွန်းနဲ့ဝေးဝေးမှာ ဘယ်တော့မှမနေဘူး။ စာသင်နေရင်လည်း အခန်း

ရဲ့အပြင်မှာ လမ်းလျှောက်ပြီး စောင့်နေတတ်သည်။ မွန်းတို့သူငယ်

ချင်းတွေ စာကျက်ရင်လည်း မလှမ်းမကမ်းမှာ စာအုပ်တစ်အုပ်ဖတ်

ပြီး သူစောင့်နေပြန်ရော။ ဒါကြောင့် သူ့ကို သူငယ်ချင်းတွေက မွန်းရဲ့

အက်တော်စောင့်လို့ ပြောကြတာ။

သူ့ပုံစံတလည်း လူတွေ စိတ်ဝင်စားချင်စရာမို့ မွန်းက ဒရိုင်

ဘာပါလို့ ပြောပေမယ့် သူငယ်ချင်းတွေက မယုံရေးချ မယုံကြပါ။

ဇေဒါသည် ကားထဲမှ ထမင်းချိုင့်နှင့်ရေဘူးကို ကိုင်ပြီး မွန်း

တို့ထိုင်နေသောနေရာဆီသို့ လျှောက်လာနေသည်။

'မွန်းချယ်ရီ. . ထမင်းစားချိန်ရောက်ပြီ၊ စားလိုက်ဦး'

'မွန်း ဒီစာလေး ပြီးအောင် ကျက်မလို့. . . ထားခဲ့လိုက်ပါ

ကိုဇေဒါ'

မွန်းက အတွန့်တက်ကြည့်ပေမယ့်

'အရင်စားလိုက်ပါ မွန်းချယ်ရီ'



www.burmeseclassic.com

www.burmeseclassic.com



မစားမချင်း ခွဲ့ကျွေးတော့မည့်ပုံစံမို့ မွန်း စိတ်ညစ်လာကာ

'ပေး. . ပေး. . စားမယ်. . စားမယ်'

ဟု ဆောင့်ဆောင့်အောင့်အောင့်လေး ပြောမိသွားသည်။

စိတ်ညစ်လိုက်တာနော်. . လူကို ကလေးတစ်ယောက်လို နေရာတကာ လိုက်စောင့်ရှောက်နေတာလောက် နေရခက်တာ မရှိတော့။ မွန်းက လူငယ်ပီပီ လွတ်လပ်စွာနေချင်သည်။ သွားချင်ရာ သွားပြီး စားချင်သလို စားဖို့ ဆန္ဒရှိသည်။ ဗေဒါဟာ သူမရဲ့ သတ်တော်စောင့်ဆိုတာ ပြောဖို့ရှက်ရွံ့ပြီး ကားဒရိုင်ဘာဟု သူငယ်ချင်းတွေကို ပြောထားမိသည်။

သို့သော်လည်း သူ့ရဲ့ဂရုစိုက်မှု လွန်ကဲသောလုပ်ရပ်တွေကြောင့် ပြောစရာမလိုဘဲ အားလုံးက သိကုန်ကြပြီဖြစ်သည်။

ဟိုတလောကလည်း သူငယ်ချင်းတွေနဲ့ မြရိပ်ညိုမှာ Stage Show သွားကြည့်မိပါတယ်. . ရှုပ်ထွေးနေတဲ့ လူအုပ်ကြားထဲမှာ ထင်းနေအောင် လှတဲ့ မွန်းကြောင့် ကောင်လေးတစ်အုပ်စုက အနားက ကပ်လိုက်လာပြီး ရိုတီတိနဲ့ ဇယားက ရှုပ်ချင်လာသည်။

မွန်းရဲ့နံဘေးမှာ ပါလာတဲ့ ဗေဒါကတော့ ပါးစပ်က သောကုန်ခံပြီး ရှင်းချင်ပုံမရပါ။ ဦးဆုံး warning ပေးလိုက်သည်။

'ဟေ့ကောင်တွေ. . နားတော့ကွာ၊ အကွက်တွေ လာမွှေ





မနေနဲ့. . ဒါ မင်းတို့နွှယ်ရမယ့်အပင် မဟုတ်ဘူး'

'မင်းက ဝင်ပြောနေရအောင် ဒါ မင်းရဲ့ဇယားလား'

ဗေဒါက ဘာမှ ခွန်းတုံ့ပြန်မနေတော့ဘဲ အားကုန်ထည့်ထားသောလက်သီးဖြင့် ထိုကောင်လေး၏မျက်နှာကို ထိုးထည့်လိုက်သည်။ ဟိုဘက်ကလည်း အုပ်စုအားကိုးဖြင့် ဝင်ပြီး လက်စွမ်းပြကြသည်။ အများနှင့်တစ်ယောက်ပေမယ့် ဗေဒါက လုံးဝမဖြုံပါ။ သူ့ရဲ့ ဖိုက်တင်တိုက်ကွက်များက လျင်မြန်လွန်းလှသည်မို့ အသက်ပင် ရဲရဲ မရှုဝံ့ပါ။

လုံခြုံရေးတွေ ရောက်လာပြီး ဖျန်ဖြေပေးမှ ပွဲက ပြီးသွားသည်။ ရန်ကုန်မှာ စတိတ်ရှိုးလေး တစ်ခါကြည့်မိပါတယ်၊ ဝရုန်းသုံးကားဖြင့် ဘာမှ Feel မလာတော့ မွန်းမှာ တစ်ယောက်တည်း ဘယ်သူ့ကို မကျေမနပ်ဖြစ်ရမှန်း မသိပါ။

သူ မွန်း အနားမှာ ရှိနေသရွေ့ လုံခြုံတယ်လို့ ခံစားရပေမယ့် တဖြည်းဖြည်း လွတ်လပ်မှုတွေ ပျောက်ဆုံးသွားသကဲ့သို့ ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မွန်းတို့အုပ်စုထဲမှာတစ်ချိန်လုံး လန်းနေပြီး အသွက်ဆုံးဖြစ်တဲ့ ခေမီက ဖေးဖေးဆေးဆေးနှင့် ရှိုးရှိုးလေးနေတတ်သော မွန်းတို့အားမလိုအားမရဖြစ်ပြီး သွက်သွက်ကလေး ဖြစ်လာအောင် ဆွယ်တရားဟောနေသည်။

'နော်. . မွန်း. . လိုက်ခဲ့မယ် မဟုတ်လား'

'ဘယ်ကိုလဲ ခေမီရဲ့'

'မပြောဘူး. . လိုက်ခဲ့ရင် သိရမှာပေါ့'

မွန်းကသာ အင်းမလှုပ်အဲမလှုပ်နေပေမယ့် ကျန်တဲ့[illegible]တွေက လှုပ်လှုပ်ရွရွနှင့် ever မြောက်ကြွဖြစ်နေကြပြီ။

'လိုက်ခဲ့ကွာ မွန်း. . . တစ်ယောက်တည်း ကွက်ပြီး [illegible]ဖောက် မလုပ်နဲ့'

သူတို့နှင့်မလှမ်းမကမ်းမှာရပ်နေသော ပေဒါ့ဆီကို မွန်း[illegible]အခိုပွာယ်ပါပါ လှမ်းကြည့်လေသည်။

'ဘာလဲ. . ကိုကိုဘော်ဒီမိုက်လေးပါ ခေါ်မလို့လား'

'ဘော်ဒီဂတ် လုပ်စမ်းဖါဟယ်'

'ဟဲ့. . ဟိုမှာကြည့်လေ. . ဒီလောက်မိုက်နေတဲ့ ဘော်[illegible]အားကိုးချင်စရာကြီး. . ဟီး. . ဟီး'





'ငါ လိုက်လို့ဖြစ်မယ် မထင်ဘူး ခေမီ. . နင်တို့ဘာသာပဲ သွားလိုက်ကြပါဟယ်. . နောက်ပြီးသူပါလာရင် နင်တို့သိတဲ့အတိုင်းပဲ. . ကျိုင်တွေက ပုတ်ဦးမှာလေ'

မွန်းက ညည်းညည်းညူညူလေး ပြောတော့ ခေမီက

'သူ မသိအောင် ထွက်ခဲ့ပေါ့ မွန်းရယ်. . ငါတို့က ညဖက်ကျမှ သွားမှာပဲ ဥစ္စာ. . ဖြစ်တယ် မဟုတ်လား'

အားနာတတ်သောမွန်းက ခေါင်းကို အသာလေး ညိတ်ပြလိုက်မိသည်။

ပေဒါနေရတာက အိမ်ကြီးနှင့်မလှမ်းမကမ်းရှိကားဂိုဒေါင်အပေါ်ထပ်တွင် ဖြစ်သည်။ နေရေး၊ ထိုင်ရေး၊ စားရေးအဆင်ပြေသမယ့်ညီမလေးခွာညှိုအနားမှာ အချိန်ပြည့်ခစားနေရသည်မို့ခါတိုင်း သူလုပ်နေကျအလုပ်တွေကိုတော့ ရပ်ဆိုင်းလိုက်ရသည်။

အင်္ဂလိပ်ဝတ္ထုတိုတစ်ပုဒ်ကို စမ်းပြီး ဘာသာပြန်ကြည့်နေသော ပေဒါက ကော်ဖီတစ်ခွက်ကို ထ,ဖျော်ရင်း ညီမလေးကို သတိရစိတ်ဖြင့် အိမ်မကြီးဆီ လှမ်းပြီး ကြည့်မိသည်။

ရွှေဘုံစံမင်းသမီးလေး မွန်းမှာ ခြွေရံသင်းပင်း စုံလင်လွန်းသည်။ ငါးယောက်ထက်မနည်းသော အလုပ်သမားမိန်းကလေးတွေ[illegible]နှင်းရဲ့အပါးမှာ ခစားလို့လေ. .



www.burmeseclassic.com

www.burmeseclassic.com



ဗေဒါသည် သူ့မျက်လုံး သူ မယုံနိုင်အောင် ဖြစ်သွားသည်။

ဆလင်းဘက်အိတ်လှလှလေးလွယ်ပြီး ငွေရောင်တောက်တောက် ပိုးပျော့ဂါဝန်လေးကို ဝတ်ထားသော မွန်းသည် ခြံဝဆီသို့ ခပ်သွက်သွက်ကလေး သွားနေသည်။

နောက်ကျောမလုံသလို နောက်ကိုလည်း မကြာခဏလှည့်လှည့်ကြည့်သည်။

ညီမလေးမှာ ညဖက်အပြင်ထွက်ဖို့ အကြောင်းမှမရှိတာ ဘိုးဘိုးဦးဝန်မင်းကလည်း ညီမလေးတစ်ယောက်တည်းဆို ဘယ်မှ သွားခွင့်မပြုဖို့ စည်းကမ်းကို တင်းတင်းကျပ်ကျပ်ချမှတ်ထားသည်။ ညီမလေးတော့ ဒါတွေကို သိမည်မဟုတ်ပါ။

နံရံမှာ ချိတ်ထားသော ဂျာကင်တစ်ထည်ကို ဆွဲဝတ်ပြီး ဗေဒါသည် မွန်း၏နောက်မှ တိတ်တိတ်ကလေး လိုက်လာခဲ့သည်။

မွန်းသည် နှစ်ခြံကျော်လောက်တွင် မီးပိတ်ကာ ရပ်ထား သော ခေမီတို့ကားပေါ် သို့တက်ပြီး လိုက်ပါသွားပြီဖြစ်သည်။

ဗေဒါသည် သတိဝင်လာပြီး ဆက်မလိုက်ဘဲ ဂိုဒေါင်ထဲမှ ကားကိုထုတ်ကာ သူတို့ကားနောက် ခပ်လှမ်းလှမ်းမှလိုက်လာခဲ့သည်။

မွန်းသည် သူမ ရောက်ရှိနေသောနေရာကိုကြည့်ပြီး အသည်း အဆန်း ဖြစ်နေသည်။ အတားအဆီး မရှိတဲ့ နယ်မြေသစ်တစ်ခု





ရောက်နေရသလို ခံစားရသည်။ လူငယ်တွေအားလုံး DJတီးလုံးနှင့် အတူ မြူးကြွနေသည်။ ခေမီတို့အုပ်စုက စည်းချက်ညီစွာ လှုပ်ရှားကနေကြပြီ ဖြစ်သည်။

မွန်းတစ်ယောက်သာ သူတို့တွေကို ကြည့်ပြီး အံ့သြနေ၏။ ဒီလိုပတ်ဝန်းကျင်ဟာလည်း မွန်းနှင့်စိမ်းသက်လွန်းသည်။

တစ်ယောက်တည်း ငေါင်းစင်းစင်းဖြစ်နေသောမွန်းအနားသို့ အင်မတန်မှ မျက်စိရှုပ်စရာကောင်းအောင် ဝတ်ဆင်ထားသော ကောင်လေးတစ်ယောက် ကပ်လာခဲ့သည်။

'Hi. . ဒီလာပြီးငေါင်နေလို့ရှိရင်အကျိုးမရှိဘူးကွ. . ဟော ဒီလို မြူးမြူးလေး ကရအောင် come on'

ရဲတင်းလွန်းတဲ့ ကောင်လေးက မွန်းနဲ့ ရင်ချင်းအပ်မတတ် နီးကပ်လာသည်။မွန်း တော်တော်သွေးပျက်လာပြီမို့ ထိုနေရာမှထွက်ပြေးဖို့အထိ စိတ်ကူးမိသည်။

'မွန်းချယ်ရီ'

ဗေဒါ့ခေါ်သံကြားလို့ လှည့်ကြည့်လာတဲ့ မွန်းရဲ့မျက်လုံးထဲမှာ ကြောက်ရွံ့အားငယ်ခြင်း၊ ထိတ်လန့်ခြင်းတွေ ကြီးစိုးနေသည်။

'ဒီနေရာကို မင်းက ဘာထင်လို့လိုက်လာတာလဲ မွန်း. . ဒါ မင်းလာရမယ့်နေရာမဟုတ်ဘူး. . လာ. . လိုက်ခဲ့'



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ ဆိုပေမယ့် သူက မွန်းရဲ့လက်ကို ဆွဲပြီး ခေါ်တာ မဟုတ်ပါ။ မွန်းတစ်ကိုယ်လုံးကို ပွေ့ခနဲကောက်ချီပြီး ခေါ်ခဲ့တာဖြစ်သည်။

နိုက်ကလပ်မှာရှိတဲ့ လူတွေအားလုံး သူတို့နှစ်ယောက်ကို ပြုံးစိစိဖြင့် ကြည့်သူကြည့်သလို ဘာလဲဟဆိုပြီး အံ့ဩစိတ်ဖြင့် ကြည့်သူကလည်း ကြည့်ကြပါသည်။

မွန်းသည် ရှက်စိတ်တွေ တစ်ကိုယ်လုံး ဖုံးလွှမ်းပြီး ဇေဒါ နောက်ကျောကို တအုံးအုံးဖြင့် စိတ်ရှိလက်ရှိထုရိုက်နေမိသည်။

အလကားလူကြီး . . နေရာတကာ လိုက်လိုက်ရှုပ်တဲ့သူ . . သူက ဘာမို့လို့ မွန်းကို ချုပ်ချယ်နေရတာလဲ။ ဘိုးဘိုးနဲ့ကို တိုင်မယ်။ ဒီလူ့ကို အလုပ်ဖြုတ်ခိုင်းရမယ် . . မွန်းဘဝကို သူ ဘာမှ လာတန်သတ်နေစရာမလိုဘူးလေ . . .

***



## အခန်း(၂၈)

ဦးမဟာသည် ရရှိလာသော ခိုင်မာသည့် သတင်းတစ်ရပ်ကြောင့် ရန်ကုန်သို့ဆင်းရန် ဆုံးဖြတ်ပြီး သူ စတင်ရမည့် ထိုးစစ်တစ်ခုအတွက် ပထမဆုံးတိုက်ကွက်အနေဖြင့် ရန်ကုန်ရှိ မွန်းချယ်ရီ ရှိသော လိပ်စာဖြင့် စာတစ်စောင်ထည့်လိုက်လေသည်။

'ခင်ဗျား နိုင်မလား . . ကျုပ်ပဲ အနိုင်ရမလားဆိုတာ ကြည့်ကြတာပေါ့ဗျာ . . မွန်းချယ်ရီဟာ ကျုပ်သမီးအစစ်အမှန်ဆိုရင် သွေးက စကားပြောလာမှာပဲ . . သက်ရှိထင်ရှားရှိနေသေးတဲ့အဖေအရင်း ခေါက်ခေါက်ကြီးကို သမီးလေးက လျစ်လျူရှုပြီး ထားရက်မှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး’

အတိတ်ကို ပြန်မတွေးချင်သည့်လူစားထဲမှာ ဦးမဟာ မပါပါ။ သူ့ရဲ့အတိတ်ကို တစ်ချိန်လုံးတွေးနေဖို့ လိုသည်။ ဒါမှ သမီးလေးကို တွေ့ရမှာပေါ့. .

အတိတ်မရှိတဲ့လူမှ မဟုတ်တာ. . ဆွတ်ပျံ့ဖွယ်ကောင်းတဲ့ အတိတ်တော့ သူ့ဘဝမှာ မရှိခဲ့ပါဘူး။

ကြေကွဲနာကျင်ခဲ့ရတဲ့ စုတ်ပြတ်နေတဲ့ နေ့ရက်တွေက သူ့ရဲ့ အတိတ်ပဲပေါ့. . .

ထောင်ကျနေစဉ်တစ်လျှောက်လုံး ချယ်ရီနှင့်သမီးလေးကို သေမလောက် လွမ်းခဲ့ရသည်။

သူများတွေထက် ပိုချစ်တတ်ပြီး ပိုခံစားတတ်တဲ့ သူ့စိတ်ဟာ သူ့ကို အချိန်တိုင်း ဒုက္ခပေးခဲ့လေသည်။

ချယ်ရီဟာ စိတ်ဖောက်ပြန်ပြီး အစိမ်းသေနဲ့သေရတယ်ဆိုတာ ကြားကြားချင်းမှာ သူ shock ရသွားခဲ့သည်။ ဖြစ်နိုင်ရင် အုတ်နံရံတွေကို ဖောက်ပြီး ချယ်ရီ့ဝိညာဉ်ရှေ့မှာ ဒူးထောက်ပြီး တောင်းပန်ချင်ခဲ့တာပါ။

သမီးလေးကျတော့ သွေးလွန်တုပ်ကွေးနဲ့ဆုံးပြီတဲ့. . ဘယ်လိုမှ သူလက်မခံနိုင်တော့ပါ။ သမီးလေး ဒီလောကကြီးထဲမှာ ရှိနေ





သေးတယ်ဆိုတာ သူ့ရဲ့မနောစိတ်က သိနေခဲ့သည်။

ထောင်က ထွက်ထွက်ချင်း သူ လိုက်စုံစမ်းခဲ့သည်။ အထီးကျန်နေတဲ့ ဦးဝန်မင်းဟာ ကလေးမလေး တစ်ယောက်ကို မိဘမဲ့ကျောင်းကနေ ခေါ်ယူပြီး မွေးစားသွားတဲ့သတင်းကြားတော့ သူ့ရဲ့ သံသယတွေ ပိုမိုကြီးထွားလာခဲ့ရသည်။

သူ မသေခင်မှာတော့ သမီးလေးနဲ့အတူတူနေရဖို့ဟာ သူ့ရဲ့အတောင့်တဆုံး အိပ်မက်တစ်ခုပါပဲ။

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



မွန်းသည် ဗေဒါ့ကိုစိတ်ဆိုးပြီး ခပ်တန်းတန်းသာနေတော့သည်။ စကားမပြောသလို အဖက်လည်း မလုပ်တော့ ဗေဒါ စိတ်မကောင်းဖြစ်ရသည်။ သူငယ်ချင်းတွေကြားမှာ သိက္ခာကျပြီး အရှက်ရစေတဲ့အတွက် မွန်းက သူ့ကို လုံးဝမကျေနပ်မှန်း သူသိသည်။

ကိုကို့စေတနာကို ညီမလေး နားမလည်ပါဘူးကွာ. .

ကိုကိုပိုင်ဆိုင်တဲ့ အချိန်တွေအားလုံး ညီမလေးဆီမှာ ပေးထားတာ အကြောင်းမဲ့မှမဟုတ်တာ. .

လောကမှာ ချစ်ခြင်းမေတ္တာ ဘယ်နှမျိုးရှိသလဲလို့ သရုပ်မခွဲတတ်ပေမယ့် ညီမလေးအပေါ် ထားတဲ့ ကိုကို့အချစ်ဟာ အနိုင်းမဲ့ပါကွာ. .

ဒီနေ့လည်း ကျောင်းပိတ်ရက်မို့ မွန်းက shopping ထွက်ရန် Shopping Mall တစ်ခုကို သွားဖို့အရေး အလုပ်သမားကောင်မလေးတစ်ယောက်ကို လာပြောခိုင်းသည်။ သူမကိုယ်တိုင် တိုက်ရိုက်မပြောတော့ သူ့ရင်ထဲမယ် နင့်နေအောင် ခံစားရပါသည်။ အညိုးအတေးကြီးလှချည်လား ညီမလေးရယ်. .

ထိုနေ့က ညီမလေးသည် လိမ္မော်ရောင်ဘောင်းဘီရှည်နှင့် အမည်းရောင်အင်္ကျီခပ်ပွပွကို ဝတ်ထားပြီး သုံးကုံးဆက်လိမ္မော်ရောင်





ဆွဲကြိုးလေးကိုဆွဲပြီး ဆံပင်လေးတွေ ဒီတိုင်းချပြီး ထွက်လာသည်။

ညီမလေးရဲ့အလှကြောင့် ပတ်ဝန်းကျင် တစ်ခုလုံး ပိုပြီးအသက်ဝင်သွားပါသည်။

မွန်းအလိုကျ Shopping Mall ကို လိုက်ပို့ပြီး သူ့တာဝန်အရ မွန်းရဲ့အနားမှာကပ်လိုက်ရမှာဖြစ်ပေမယ့် သူ့ကို မကြည်မလင်ဖြစ်နေသောမွန်းကြောင့် မလှမ်းမကမ်းမှာသာ နောက်ချန်ပြီး လိုက်ခဲ့ရသည်။

ဗေဒါ့ဟန်းဒ်ဖုန်းသံလေး မြည်လာပါသည်။ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ ဘိုးဘိုးဦးဝန်မင်းဆီက ဖြစ်နေသည်။

'ဟယ်လို. . ဗေဒါပြောနေပါတယ် ဘိုးဘိုး'

'မြေးလေး အခုဘယ်မှာလဲ သား'

'ဈေးဝယ်ထွက်နေပါတယ် ဘိုးဘိုး'

'သား သေချာနားထောင်နော်. . ဒီနေ့ကစပြီး မွန်းလေးကို ဘယ်မှသွားခွင့်မပြုတော့ဘူး၊ အခုနေတဲ့နေရာကနေ မနက်ဖြန်အပြီးရွှေ့ပါ သား. . ဦးသုခ ဆင်းလာပြီး နေရာအသစ် သူစီစဉ်ပေးလိမ့်မယ်. . မွန်းကို ပိုပြီး ဂရုစိုက်ဖို့လိုလာပြီ ဗေဒါ. . ရန်သူဆင်းလာပြီ သတိထားပေါ့. . မရှင်းတာ ရှိသေးလား'

'မရှိပါဘူး ဘိုးဘိုး. . ကျွန်တော် သူ့ကိုခေါ်ပြီး အခုပဲ



www.burmeseclassic.com

www.burmeseclassic.com



အိမ် ပြန်ပါ့မယ်'

အကျီတစ်ထည်ကိုစိတ်ဝင်စားစွာလှည့်ပတ်ကြည့်နေသော မွန်းသည် လက်ကိုလာဆွဲပြီး ဆွဲခေါ်ခံရတော့ မကျေလည်တဲ့စိတ်တွေက ဒေါသအဖြစ်သို့ ချက်ချင်းပြောင်းလဲသွားသည်။

'ရှင်. . ဒါ ဘာလုပ်တာလဲ'

'ဘိုးဘိုးအမိန့်ပါ မွန်းချယ်ရီ. . ခုချက်ချင်း အိမ်ပြန်ပါတဲ့'

'တောက်. . အဲဒါ ရှင် အာချောင်လို့ဖြစ်ရတာပေါ့. . ရှင်မပြောရင်ဘိုးဘိုးတ သိမှာမလား. . အလကားနေရင်း လိုက်ချွန်နေတာ'

ပြောရက်လိုက်တာ ညီမလေးရယ်. . ညီမလေးရဲ့ရာဇဝင်မှာ ဘယ်လိုလူတွေနဲ့ ပတ်သက်ခဲ့တယ် ဆိုတာ ကိုကို မသိပေမယ့် ညီမလေးရဲ့နောက်ကျောမှာ ဒဏ်ရာတစ်ခုပါလာခဲ့တာ ကိုကိုဘယ်တော့မှမမေ့ဘူး။သူတို့ဟာညီမလေးကို အချိန်မရွေးဒုက္ခပေးနိုင်တာပဲ မဟုတ်လား။

ကိုကိုတက်ချမ်းသာတဲ့ ဘိုးဘိုးရဲ့မွေးစားမြေးမလေးကို ပြန်ပေးမဆွဲနိုင်ဘူးလို့ ဘယ်သူက တပ်အပ်ပြောနိုင်မှာလဲ။

ဗေဒါက မွန်းရဲ့လက်ကို မလွှတ်တမ်းဆွဲပြီး ခေါ်လာသည်။ မွန်းက ပွစိပွစိဖြင့် ဆောင့်အောင့်ကာ လိုက်ပါလာခဲ့ရသည်။





ထိုနေ့က အိမ်ရောက်ပြီးနောက် ဗေဒါသည် စာတိုက်ပုံးထဲမှာ စာတစ်စောင်ရောက်နေတာကို ထူးဆန်းစွာ တွေ့လိုက်ရသည်။ ဘိုးဘိုးရဲ့အမိန့်အရထိုစာကို ဗေဒါမှာ ဖွင့်ဖောက်ပိုင်ခွင့်ရှိလေသည်။

ဗေဒါသည် စာကိုဖွင့်ဖတ်ပြီးနောက် လွန်စွာမှအံ့ဩမိလေသည်။ စာထဲမှာရေးထားတာက

*သမီးလေး မွန်းချယ်ရီ*

*သိချင်တာလေးတစ်ခုရှိလို့ကူညီပါလို့ တောင်းပန်ပါတယ်။*

*သမီးရဲ့နောက်ကျောမှာ ချယ်ရီပန်းပုံအမှတ်အသားလေးပါတယ် မဟုတ်လား. . သမီးလေး အသိဆုံးဖြစ်မှာပါ။တကယ်ပဲအဲဒီအမှတ်အသားလေးရှိနေရင်သမီးဟာဖေဖေ့ရဲ့သမီးလေးပါပဲကွယ်. .*

*ဒီစာကိုရပြီး ဖေဖေ့ကို အသိအမှတ်ပြုတယ်ဆိုရင် ဖေဖေ့သက်ကိုင်ဖုန်းနံပါတ်(၀၉. . . . .)ကို ပြန်ဆက်ပေးပါ သမီး. .*

*သမီးရဲ့မွေးနေ့အမှန်ကိုသိတဲ့လူဟာ ဒီကမ္ဘာပေါ်မှာဖေဖေ တစ်ယောက်တည်းပဲ ဖြစ်မှာပါ။ သမီးကို မတ်လ ၈ရက်နေ့ ၁၉၉၃ခုနှစ်မှာမွေးတာ. . တကယ်တော့ ရေကိုသာဖြတ်လို့ပြတ်ရင်ပြတ် လိမ့်မယ်. . သွေးက ရေထက်ပျစ်ပါတယ် သမီး. .*

*သမီးကို အဝေးက လွမ်းနေတဲ့*

*ဖေဖေ စိုင်းမဟာ*



www.burmeseclassic.com

www.burmeseclassic.com



စာဆုံးတော့ ဗေဒါ တော်တော် အံ့ဩသွားပါသည်။

ဒီပုံအတိုင်းဆို ညီမလေးမှာ သူ့အဖေရှိသေးတာပေါ့။ ညီမ လေး ဘာမှသိသေးပုံမရဘူး။ ညီမလေးရဲ့အဖေလို့ ပြောတဲ့သူဟာ လူဆိုးလား. . လူကောင်းလားဆိုတာ အရင်သိထားဖို့လိုနေပြီ။

ကလေးငယ်ငယ်လေးကိုဒဏ်ရာအနာတရဖြစ်အောင်လုပ် မယ့် မိဘမျိုး ဒီကမ္ဘာပေါ်မှာ ရှိမှရှိပါ့မလား။

နှစ်တွေအကြာကြီးပစ်ထားပြီး သူဌေးကြီးက မွေးစားလိုက် မှ သမီးလာတော်ချင်နေတဲ့လူမျိုးလား. . ။

ဘာပဲဖြစ်ဖြစ် ဒီစာကို ဘိုးဘိုးဦးဝန်မင်းဆီ တင်ပြဖို့တော့ လိုနေပါပြီ။

အိမ်အသစ်ကို ကတိုက်ကရိုက်ပြောင်းလာရသည့်အတွက် မွန်း ဘယ်လိုမှ အစာမကြေပါ။ ရန်ကုန်ကို ကျောင်းလာတက်မိ တယ်. . ဘယ်မလဲ လွတ်လပ်ခွင့်။

ကျောင်းပြီးသွားလို့ပြန်တမ်းတစရာ တက္ကသိုလ်ကျောင်း ဘဝက ဘာများရှိတော့မှာလဲ. . .

အခုပြောင်းလာတဲ့အိမ်က မလှလို့မဟုတ်။ ပိုပြီးတော် ဒီဇိုင်းက မိုက်သေးသည်။ ရေကူးကန်လည်း ပါသည်။ မွန်းရဲ့စိတ်





ကိုက ဘာကိုမကျေနပ်မှန်းမသိတာ။

အိမ်ထဲမှာ ကောင်မလေးတွေ ပစ္စည်းတွေ နေရာချနေကြ တုန်း မွန်းတစ်ယောက်တည်း ခြံထဲမှာ ဒန်းစီးနေမိသည်။ ဒန်းစီးတိုင်း ကိုကိုဗေဒါကို သတိရပါသည်။ ငယ်ငယ်တုန်းက သူတို့နှစ်ယောက် အတူတူစီးခဲ့ဖူးသည့် ဒန်းကလေး ရှိမှရှိသေးရဲ့လား။ ကိုကိုဗေဒါက ချစ်ဖို့ကောင်းသလောက် ဒီက ဗေဒါက အမြင်ကတ်ဖို့ကောင်းသည်။ နေရာတကာ ပါကိုပါတယ်. . .

မွန်းရဲ့မျက်လုံးတွေက ခြံဝမှာ လာချိတ်ထားသော အိတ်လှ လှလေးတစ်လုံးဆီ ရောက်သွားသည်။

ဒီအိမ်အသစ်ကို ဘယ်သူမှမသိဘဲ ဘာလို့ ပို့လိုက်တာပါ လိမ့်. .

စပ်စုချင်သဖြင့် မွန်းက ထိုအိတ်ကို အသာလေးသွားယူလာ သည်။

အိတ်ထဲမှထွက်လာသောဓာတ်ပုံလေးက သူမကို ပြုံးစားနေ သည်။ မွေးနေ့ကိတ်တစ်လုံးကို နှစ်ယောက်အတူလှီးနေသော ကောင် လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်။ အဲဒီကောင်လေး ဟာ ကိုကိုဗေဒါဆိုတာ သူမ မှတ်မိနေသည်။

စာအိတ်လေးထဲမှစာကို ယူဖတ်ကြည့်တော့ မွန်း စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီး လှုပ်ရှားသွားသည်။

ညီမလေးခွာညို့. .

ကိုကို့ကို သတိရသေးရဲ့လား။ ကိုကိုက ညီမလေးကို စဉ်မလပ် သတိရနေခဲ့တာ. . ဒီနေ့ ညီမလေးမွေးနေ့လေ. . မယုံမရှိပါနဲ့. . တကယ့်မွေးနေ့စစ်စစ်လေးပါ။

*'Happy Birthday'*ပါ. . ကိုကို့ *Clematis*လေး မ တော့တဲ့တစ်နေ့မှာ ကိုကိုတို့ ပြန်ဆုံကြရအောင်နော်. .

ကိုကိုဗေဒါ

ကိုကို. . ဘယ်မှာလဲ. . ကိုကိုက မွန်းကိုသိနေပြီး မွန်း ဘာလို့ မသိရတာလဲ. . ဒီအိမ်က ဗေဒါဆိုတဲ့လူကြီးများလား. .

မွန်းသည် မယုံမရဲဖြင့် ဗေဒါအပေါ် ပထမဆုံးအကြိမ် သသဝင်မိသည်။ သာမန်ထက်ပိုသော ဂရုစိုက်မှုမျိုးဖြင့် မွန်းရဲ့အ မှာ စောင့်ရှောက်နေတာ ကိုကိုဗေဒါမို့လို့လား. . .

❀❀



အခန်း(၂၉)

ဦးဝန်မင်းသည် ဗေဒါ ပို့လိုက်သောစာကို ဖတ်ပြီးနောက် ရှင်ဘတ်ထဲမှ စူးပြီး အောင့်လာသည်။

'ဆရာကြီး. . ဆရာကြီး ဘာဖြစ်လို့လဲဟင်'

မျက်နှာမှာ ဇောချွေးတွေပြန်လာသည်အထိ နေရခက်လာသည်မို့ မယ်ကြည်ရဲ့အမေးစကားကိုပင် ပြန်မဖြေနိုင်အောင် ဖြစ်ရသည်။

'ဒေါက်တာ ခေါ်ပေး. .'

မနည်းအားယူပြီး ပြောယူရသည်။



www.burmeseclassic.com

www.burmeseclassic.com



မယ်ကြည်က Family doctor ဆီ ဖုန်းဆက် ခေါ်ပေး ချိန်တွင် ဗိုင်းခနဲလဲကျသံကြားလို့ မယ်ကြည် လှည့်ကြည့်ပြီး

'ဆရာ. . ဆရာ. . မြန်မြန်လာပါနော်. . ဟိုမှာ ဆရာကြီး လဲကျသွားပြီ. . စိုးဓေသော်ရေ. . ဘယ်သူရှိလဲ လာကြပါဦး'

'ရှိုးမစံအိမ်'ရှိလူအားလုံး ဝရုန်းသုန်းကားဖြစ်သွားကြသည်။ သူတို့ တတ်သလောက် မှတ်သလောက် ပြုစုပေမယ့် ဦးဝန်မင်းထ သတိပြန်လည်မလာတော့ပါ။

'ဆရာကြီးရေ. . ထပါဦး. . သတိရပါတော့ ဟီး. . ဟီး'

အသက် ဆယ့်ငါးနှစ်အရွယ်က စပြီး ဦးဝန်မင်းတို့ဆီမှာ မိသားစုလိုစောင့်ရှောက်ခံရပြီး ယုံကြည်မှုခံခဲ့ရသော မယ်ကြည်။

သူ့ဆရာကိုကြည့်ပြီး ဖခင်တစ်ယောက်နှင့်မခြား အပူလုံး ကြွကာ ယူကြုံးမရဖြစ်နေရှာသည်။

'မယ်ကြည်. . ဆရာ လာပြီ'

ဒေါက်တာသက်နောင် ရောက်လာပြီး ဦးဝန်မင်းကို ...
သပ်စစ်ဆေးသည်။

ဒေါက်တာ့မျက်နှာ မကောင်းတာ ကြည့်ပြီး တစ်အိမ်လုံး တိတ်ဆိတ်သွားသည်။

'သူ့. . အသက်မရှိတော့ဘူး'





ပထမဆုံး မယ်ကြည့်ထံမှ ငိုသံထွက်လာသည်။

တစ်ယောက်သောသူကထာဝရငြိမ်းချမ်းသွားပေမယ့် ကျန်ခဲ့တဲ့လူအများစုက အပူလုံးကြွပြီး ကျန်ရစ်ခဲ့ရပြီ။

မွန်းသည် ဘိုးဘိုးဆုံးတာ ကြားပြီး မူးလဲသွားသည်အထိ ခံစားလိုက်ရသည်။ နောက်ဆုံးခရီးကို လိုက်ပို့ဖို့အတွက် အားဆေး သွင်းပြီး အားပြန်မွေးယူရသည်။

ပေဒါသည် မွန်းအနားမှ တဖဝါးမှ မခွာဘဲ ပြုစုပေးနေမိ သည်။

ဆေးအရှိန်ဖြင့် မှေးနေသော မွန်းရဲ့နဖူးက ဆံစလေးတွေ ကို သပ်တင်ပေးရင်း သူ့နှုတ်မှ ညင်သာစွာ ပြောနေမိသည်။

'ဘာမှ မကြောက်ပါနဲ့ ညီမလေးရယ်. . ညီမလေး ခွာညို အနားမှာ ကိုကို အမြဲတမ်း ရှိနေမယ် ကာကွယ်ပေးနေမယ်နော်. . ညီမလေး မှတ်မိသေးလားမသိဘူး. . ဟိုးငယ်ငယ်လေးကတည်းက ညီမလေးရှေ့မှာ ကိုကို အမြဲတမ်း ရပ်တည်ပေးခဲ့တာလေ. . . အဲဒီ အတွက် ဘယ်လိုအပြစ်ဒဏ်ပဲ ခံရခံရ ကိုကို ခါးစည်းပြီး ခံခဲ့ပါတယ် ညီမလေးရယ်'

မွန်း နားကြားများ မှားနေလို့လား. . . ကိုကိုက ညီမလေး အနားမှာလာပြီးစောင့်ရှောက်ပေးနေတာပေါ့ဟုတ်လား. . ဘာတယ်



www.burmeseclassic.com

www.burmeseclassic.com



ဝဲ ကိုကိုပေဒါပေါ့နော်။

'တကယ်လားဟင်၊ ရှင်. . ရှင်က ကိုကိုလား. . ညီမလေး မေးနေတာ ဖြေဦးလေ ကိုကို'

ပေဒါသည် သူ့ရဲ့ လက်မောင်းတစ်ဖက်ကို ကိုင်ပြီး သိချင်စိတ်ပြင်းပြစွာမေးနေသောမွန်းရဲ့ခန္ဓာကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းရင်း တိုးဖွစွာ ဖြေမိသည်။

'ဟုတ်တယ် ညီမလေး. . ကိုကိုက ညီမလေးရဲ့ကိုကိုပဲ'

'ညီမလေးပျော်လိုက်တာ ကိုကိုရယ်. . ဘိုးဘိုးဆုံးတော့ ညီမလေးဘဝမှာ အားကိုးစရာလူ မရှိတော့ဘူးထင်ပြီး အားငယ်နေတာ ကိုကိုရှိနေလို့ ညီမလေး အားရှိသွားပြီနော်'

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်ရည်တွေ ကျလာကြသည်။

ကွဲကွာခဲ့ရသော အတိတ်ကာလများ၏ ချောက်ချားဖွယ် အိပ်မက်များ အဆုံးသတ်သွားခဲ့ပြီဖြစ်သည်။

'ဘိုးဘိုးဆီ သွားကြရအောင်နော် ညီမလေး. . . မနက်ဖြန် flightနဲ့ လေယာဉ်လက်မှတ်ဝယ်ထားပြီးပြီ'

'ကိုကိုပါ လိုက်မယ်မဟုတ်လားဟင်'

'လိုက်မှာပေါ့ကွ၊ ကိုကို့ညီမအနားက ဘယ်တုန်းက ခွာ





လို့လဲ အမြဲကပ်လိုက်နေလို့ ညီမလေး စိတ်ညစ်နေတာမဟုတ်လား'

နွမ်းလျတဲ့မျက်နှာလေးမှာ စိတ်မကောင်းဖြစ်သွားတဲ့ အရိပ် အယောင်တွေ အတိုင်းသား တွေ့နေရသည်။

'ညီမလေး မသိလို့ပြောမိတာပါ ကိုကိုရယ်. . . ခွင့်လွှတ်ပါနော်'

လက်အုပ်ကလေး ချီပြီး တောင်းပန်နေသော မွန်းရဲ့အပြုအမူလေးကြောင့် ပေဒါအသည်းယားလာသည်။ သူ့ရဲ့ပါးလေးတစ်ဖက်ကို မနာအောင်လိမ်ဆွဲလိုက်မိသည်။

ကိုကို သိလား. . အခုဆို ညီမလေးလေ နှင်းကျလို့ အေးနေမှာကိုလည်း မမှုတော့ဘူး။ မိုးတွေ သည်းလို့ လျှပ်စီးလက်မှာကိုလည်း မကြောက်တော့ဘူး။

အဲဒါ ဘာဖြစ်လို့လဲဆိုတော့. . ကိုကို့ကို အားကိုးလို့ပေါ့၊ အနားမှာ ကိုကိုရှိလို့ပေါ့။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၀)

ဦးဝန်မင်း၏အသုဘအခမ်းအနားသည်သူတို့မြို့လေးတွင် ပြောစမှတ်တွင်ရလောက်အောင်ကို ကြီးကျယ်ခမ်းနားပါသည်။မွန်းကတော့တရားနဲ့လည်းမဖြေနိုင်သေးဘူးပေါ့။ ဘိုးဘိုးရဲ့အေးမြတဲ့ မေတ္တာရိပ်ကလေး ပျောက်ဆုံးခဲ့ပြီပဲလေ။

ဦးဝန်မင်းထာဝရလဲလျောင်းရတော့မည့်အုတ်ဂူကလေးရှေ့မှာ ရှိုက်ကြီးတငင်ငိုကြွေးနေတဲ့မွန်းကိုပေဒါကအားပေးနှစ်သိမ့်ပေးသည်။

ထိုစဉ်သူတို့မမြင်ဖူးသောမိန်းမတစ်ယောက်ရောက်လာပြီး





ပေဒါအား

'မောင်လေးကို ဦးသုခ ခေါ်နေတယ် ခဏလာခဲ့ပါတဲ့'

ဆိုပြီး ခပ်ဝေးဝေးမှာရှိနေသော ဦးသုခကို ညွှန်ပြပြီး ပြောသည့်အခါ ပေဒါက မွန်းကို စိတ်မချသဖြင့် တစ်ပါတည်း ခေါ်သွားရန် ဖျောင်းဖျသည်။

မွန်းက သံယောဇဉ်မကုန်စွာ အဘိုးရဲ့အုတ်ဂူနံဘေးမှာ ပေတပ်ပြီး ရပ်နေသည်။ ခုနက ပေဒါ့ကို လာခေါ်သော အမျိုးသမီးက

'ရပါတယ် မောင်လေးရယ်. . အစ်မ ခဏစောင့်ပေးထားပါ့မယ်. . သွားမှာသာ သွား. . ကားပေါ်ကနေ စောင့်နေ ခေါ်လာခဲ့မယ်'

ဟုပြောတော့ အားနာစွာပင် ပေဒါလှည့်ထွက်သွားမိသည်။ ပေဒါထွက်သွားတာနှင့် ထိုမိန်းမက မွန်းကို အိမ်ပြန်ဖို့ စတင်တိုက်တွန်းပါတော့သည်။

'ညီမလေး အိမ်ပြန်ကြရအောင်နော်၊ တော်ကြာ ကားပေါ်ကလူတွေ စောင့်နေရတာ အားနာစရာကြီး'

မွန်းသည် ခေါင်းတွေမူးနောက်ကာ ယိုင်ချင်နေပြီမို့ ဘိုးဘိုးထို နောက်ဆုံးကန်တော့ခြင်းဖြင့် ကန်တော့ပြီး ကားဆီသို့လိုက်သွားခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တားတွေကအများကြီးဆိုတော့ ဘယ်ကားပေါ်တက်ရမှန်း မသိဖြစ်နေသော မွန်းအား

'ဒီကားပဲ ညီမ. . ကားပေါ်တက်လိုက်'

ဟုပြောသဖြင့် မွန်းက လှမ်းတက်လိုက်မိသည်။ သူမ တက်ပြီးနောက် ထိုကားတ တစ်ဟုန်ထိုး မောင်းထွက်သွားပါတော့သည်။ မွန်းမျက်လုံးလေးတွေ ချာချာလည်နေပြီဖြစ်သည်။

'ဟင် ကိုကိုရော. . ကိုကိုဗေဒါ ဘယ်မှာလဲ'

'စကားမများနဲ့ မိန်းကလေး အေးအေးဆေးဆေးသာလိုက်ခဲ့၊ အခုသွားမှာက သူစိမ်းဆီကို မဟုတ်ဘူး တကယ်လို့ မင်းနောက်ကျောမှာ ချယ်ရီပန်းပုံအမှတ်အသား ပါနေမယ်ဆိုရင် အခုသွားနေတာ မင်းအဖေအရင်းဆီကိုပဲ. . ဘယ်လိုလဲ စိတ်ဝင်စားဖို့ ကောင်းတယ် မဟုတ်လား'

မွန်းသည် ကြားသမျှစကားအားလုံးကို အံ့ဩစွာနားထောင်ရင်း ကိုကို့ကိုသာ လိုက်ရှာနေမိပါသည်။

ကိုယ့်အဖေအရင်းလို့ ဘယ်လိုပဲပြောပြော စိတ်ထဲမှာတော့ နာကျင်မျက်ရှနေမိတာ အမှန်ပင်။ ကိုယ့်သားသမီးကို ဒဏ်ရာအနာတရဖြစ်အောင်လုပ်ပြီးမှစွန့်ပစ်တဲ့မိဘမျိုး ဘယ်မှာတွေ့ဖူးလို့လဲ။

ဗေဒါသည် ဦးသုခနှင့်တွေ့ပြီးနောက် သူ အဘတ်ခံလိုက်ရ





တာ သိသွားသည်။

သိသိချင်းပင် မွန်းအတွက် အရမ်းစိုးရိမ်ပြီး ပြန်လှည့်ပြီး ပြေးလာစဉ် မယ်ကြည်က အမောတကော ပြေးလာပြီး သူ့အား ပြောသည်။

'မောင်ဗေဒါ. . မွန်းလေး ဟိုကားပေါ်ပါသွားပြီ မောင်းပြေးသွားပြီ မြန်မြန်လိုက်ပါဦး'

ဗေဒါသည် ဘာမှ မစဉ်းစားတော့ဘဲ ကားပေါ် တက်ကာ လီဗာကိုဖိနင်းပြီး ထိုကားနောက်သို့ မီအောင် လိုက်ခဲ့သည်။ ဟိုကားက သူ့ကို မျက်ခြည်ပြတ်ဖို့ကြိုးစားသည်။ သူကလည်း ထက်ကြပ်မကွာလိုက်သည်။

မွန်းသည် ဗေဒါ့ကားလေးကိုမြင်ပြီး အားတက်ကာ ကျိတ်ပြီး ဝမ်းသာသွားသည်။

ကိုကိုလိုက်လာပြီပဲ။

မမျှော်လင့်ဘဲ သူတို့ကားနှစ်စီး ကြားထဲသို့ ဂျစ်ကားတစ်စီး ကန့်လန့်ဖြတ် ဝင်ခံလိုက်သည်။ ရှောင်တိမ်းချိန်မရလိုက်ဘဲ သူ့တားက ဂျစ်ကားနား ရောက်ဖို့ သီသီကလေးအလိုမှာ ဘရိတ်အုပ်လိုက်ရသည်။ ဂျစ်ကားပေါ်မှ ယောက်ျားငါးယောက်ဆင်းလာပြီး သူတို့လက်ထဲတွင် တုတ်များကိုင်ဆောင်ထားကြသည်။ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ပါသွားတဲ့ ကားကို သူ မျက်ခြည်ပြတ်သွားပြီပဲ။

'မင်းတို့ ဒါဘာလုပ်တာလဲ'

'ဘာလုပ်တယ်လို့ မင်း ထင်သလဲ. . ဟော့ကောင် အသား မနာချင်ရင် back gear ထိုးပြီး ပြန်လှည့်သွား'

ဗေဒါက သူ့ကို အသားလွတ် လာချနေသောကောင်တွေကို ရင်ဆိုင်ဖို့ ကားပေါ်မှ ဆင်းလာသည်။ ဗေဒါ ဆင်းလာတာနှင့် တစ်ဖက်မှဦးအောင် တုတ်တွေဖြင့် ဝိုင်းချကြသည်။ ဗေဒါက ပြန်ခုခံပြီး တစ်ပတ်လှည့်ခုန်ပြီးကန်ချလိုက်တော့ တစ်ဖက်မှလူတစ်ယောက် ဖင်ထိုင်လဲကျသွားသည်။ သုံးယောက်လောက်ကို သူ ဖြိုနိုင်ပြီးချိန်တွင် သူ့ဦးနှောက်မှာ နာကျင်ခြင်းနှင့်အတူ ပူခနဲဖြစ်သွားသည်။

ထိုနောက်မှာတော့ ဗေဒါသည် အမှောင်ကမ္ဘာထဲသို့ရောက်သွားတော့သည်။





မွန်းသည် သူမ၏အဖေဟုပြောသော လူကြီးကို စိမ်းတား အေးစက်သောမျက်လုံးများဖြင့် တွေတွေကြီးစိုက်ကြည့်နေသည်။

မွန်းရဲ့နောက်ကျောမှာ ရှိတဲ့ အမှတ်အသားကို သူမအား လိမ်ညာပြီးခေါ်လာသောမိန်းမက အင်္ကျီကိုလှန်ကြည့်ပြီးနောက် သူ့ဆရာကို သံတော်ဦးတင်လိုက်ပုံရသည်။

စိုင်းမဟာသည် သမီးလေးကို ချစ်မြတ်နိုးစွာစိုက်ကြည့်ပြီး ပြုံးပျော်နေသည်။

'သမီးလေး. . ဖေဖေလေ. . ပျော်လိုက်တာကွာ. . ဒီတစ်သက် ဖေဖေ့သမီးလေးကိုပြန်မတွေ့တော့ဘူးလို့ထင်နေတာ'

'ဒါဆို ကျွန်မကို စွန့်ပစ်ခဲ့တာ ဝန်ခံတယ်ပေါ့ ဟုတ်လား'

'ဖေဖေ စွန့်ပစ်ခဲ့တာ မဟုတ်ဘူး သမီး. . တကယ်တော့ သေသွားတဲ့ ဦးဝန်မင်းက သမီးရဲ့အဘိုးအရင်းပါ. . ဖေဖေထောင်ကျသွားတော့ သမီးအဘိုးက သမီးနဲ့သမီးအမေကို ပြန်ခေါ်သွားခဲ့တာ'

ပြန်မပြောချင်သောအတိတ်ကအရိပ်ဆိုးတွေကို သမီးလေး သံသယ ရှင်းစေဖို့အတွက် ပြောပြနေရသည်။ သူ့စိတ်တွေက သူ့ကြောင့် ဘဝနစ်မွန်းခဲ့ရတဲ့ သမီးလေးမေမေကို သတိရပြီး ရင်ထဲတွင် နာကျင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းစုံကိုသိသွားပြီးနောက် စိတ်ထဲမှာ ရှင်းသွားပေမယ့် ကိုကိုဇေဒါကိုစိုးရိမ်စိတ်က ဖျောက်လို့မရနိုင်တာမို့ အရဲစွန့်ပြီး မေးမိသည်။

'ဖေဖေ. . ဒီနေ့ သမီးတို့ကားနောက်က လိုက်လာတဲ့ကားရော. . အဲဒီကားထဲက သမီးကိုကိုရော ဘယ်မလဲ'

'ဘာရယ်. . သူက သမီးကိုကို ဟုတ်လား. . သမီးနဲ့ သူက ဘယ်လိုပတ်သက်လို့လဲ ဖေဖေ့ကို ပြောပါဦးကွာ'

'ကိုကိုဇေဒါက သမီးဘဝရဲ့အလင်းရောင်ပါ ဖေဖေ၊ သမီး ငယ်ဝယ်လေးကတည်းကကိုကိုက စောင့်ရှောက်လာခဲ့တာ. . မိဘမဲ့ ဂေဟာမှာသမီးရှေ့က မားမားမတ်မတ်ရပ်ပြီး အကာအကွယ်ပေးခဲ့ သလိုအရွယ်ရောက်လာတော့လည်းသမီးအနားမှာနေပြီးအစစ အရာရာလိုလေသေးမရှိအောင် အနွံတာခံနိုင်တဲ့သူပါ. . သူ့ကိုခေါ် ပေးပါလား ဖေဖေ. . သမီးစိတ်ပူလွန်းလို့ပါနော်. . '

တကယ်တော့ ဖေဖေ ဝမ်းနည်းရပါတယ် သမီး. . အခုမှ တွေ့ရတဲ့ သားအဖနှစ်ယောက်ကြားမှာ အစိမ်းရောင်ကြိုးက တားဆီးထားသလိုပဲ. .

ဒါပေမယ့် သမီးရဲ့သံယောဇဉ်တွေက ဟိုကလေး အပေါ်မှာကျတော့ မြဲမြဲလွန်းမက မြဲမြဲနေပြီကိုး. .





'သူ ဘာမှ မဖြစ်ပါဘူး သမီးရယ်. . သမီး စိတ်အေးအေး ထားပါ'

တစ်သက်လုံးဝေးကွာခဲ့ရတဲ့ သားအဖနှစ်ယောက်ရဲ့ဇာတ်သိမ်းခန်းဟာ ရုပ်ရှင်တွေထဲကလို ဝမ်းသာအားရဖက်ပြီး ငိုတာမျိုး မဟုတ်ပါလား။ သမီးလေးဟာ သူ့ကို အဖေရယ်လို့ သိပြီး အသိအမှတ်မပြုချင်သေးတာ သူသိသည်။

ဝတ်ကျေတမ်းကျေခေါ် လိုက်တဲ့ ဖေဖေ ဆိုတဲ့အသံလေးနဲ့ပဲ ကျေနပ်ရတော့မှာပေါ့ သမီးရယ်. .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၁)

ဦးမဟာသည် ခုတင်ထက်တွင် သတိရတစ်ချက် မရတစ်ချက်ဖြစ်နေသော ပေဒါကို ထိုင်ပြီး ကြည့်နေမိသည်။

သူတပည့်တွေ ပြောပြလို့ ဒီကောင်ရဲ့သတ္တိနှင့်စိတ်ဓာတ်ကတော့ ဆက်ဖျားခါချင်စရာပင်။ တစ်ယူသန် တစ်ဇွတ်ထိုး လုပ်တတ်တာတွေက သူငယ်ငယ်ကနှင့် တစ်ပုံစံတည်းပင်။

သမီးလေးခင်တွယ်တဲ့ သံယောဇဉ်ရှိတဲ့ ဤလူသားကလေးကိုအကဲခတ်လေ့လာပြီးပညာစမ်းရဦးမှာပေါ့. . ကိုယ်တော်လေးသတိရတာနှင့်သမီးနာမည်ကိုပဲ တတွတ်တွတ်ခေါ်နေတော့တာ -

'ညီမလေး. . တဲ့၊ မွန်း. . တဲ့'





အစွဲအလမ်းကလည်း သေအောင်ကြီးမည့်ပုံ။ ရုပ်ကလေးကလည်း ခေတ်လူငယ်ပီပီ ရုပ်ရှင်မင်းသားလိုလို မော်ဒယ်လ်ဘွိုင်းလိုလိုနဲ့ အချောသားလား. .

ယောက်ျားချင်းပင် တစ်ခါမြင်ရုံနှင့်မှတ်မိစေမယ့်ရုပ်မျိုးဆိုတော့ မိန်းကလေးတွေဆို ပိုပြီးဆိုးတော့မပေါ့. . .

နှစ်ကာလတွေ ကြာမြင့်လာပြီး အသက်အရွယ်လေးရလာလို့လားတော့ မသိ။ ဦးမဟာ၏စိတ်တွေကအရင်လို ကြမ်းကြုတ်ခြင်းမရှိဘဲပျော့ပျောင်းသည့်ဘက်ကို နွယ်လာပြီဟု ပြော၍ရသည်။ သမီးလေးမျက်နှာကိုသူမသေခင်တွေ့သွားချင်ရုံလေးသက်သက်သာ. .

သမီးဘက်က သူ့ကို အဖေဟု သတ်မှတ်လက်ခံပြီဆိုတာနှင့်တင် သေပျော်နေပါပြီလေ. . သမီးဆီက တန်ပြန်ပေးလာမယ့်မေတ္တာကိုတော့ စိတ်ရှည်ရှည်ထားပြီး စောင့်ရမယ်ဆိုတာ သူ နားလည်ပါသည်။

ပေဒါ၏မျက်လုံးတွေ ပွင့်လာပြီးနောက် သူ့ကို မြင်သွားသည်နှင့် အားယူပြီး ထဖို့ပြင်သည်။

'နားနားနေနေ နေပါ မောင်ပေဒါ. . သမီးအတွက် ဘာမှ မစိုးရိမ်ပါနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဦး. . ဦးက ညီမလေးရဲ့အဖေ ဦးစိုင်းမဟာလားခင်ဗျ'

'ဟုတ်ပ့ါဗျာ. . ဒါနဲ့ မင်းက ငါ့ကို ဘယ်လိုလုပ်ပြီး သိနေတာတုန်း'

'ဘိုးဘိုးအသုဘကို လာပို့တော့မှ ဘဘဦးသုခက ပြောပြလို့ ကျွန်တော် သိထားတာ၊ ညီမလေးကတော့ ဘာမှမသိရှာပါဘူး'

'ဖြစ်ပြီးသမျှအရာအားလုံးဟာပြန်ပြင်လို့မှမရဘဲကွာ. . အနာဂတ်အတွက်တော့ ဦး တောင်းချင်တဲ့ဆုက သမီးလေး ဦးကို နားလည်ပြီး ချစ်ခင်လာဖို့ပဲ'

အတိတ်မှာသူဟာ ဘယ်လိုလူကြမ်းကြီးပဲ ဖြစ်ခဲ့ဖြစ်ခဲ့. . . ညီမလေးရဲ့ဖေဖေပဲ မဟုတ်လား။ အဖေဟာ အဖေပဲပေါ့. . ညီမလေးကို နားလည်လာအောင် ရှင်းပြရပါဦးမည်။

ဦးမဟာရဲ့မျက်နှာပေါ်မှာစိတ်မကောင်းတဲ့အငွေ့အသက်တွေ လွှမ်းနေတာ သူမြင်ရတော့ စိတ်မကောင်းဖြစ်ရသည်။

'မင်းက ငါ့သမီးအနားမှာ အမြဲစောင့်ရှောက်ပေးခဲ့တာဆို၊ အဲဒီအတွက် ဦးက စိတ်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်ကွာ'

ဒီသူငယ်ရဲ့လုပ်ရပ်ကို ကြည့်ရင် သိသာနေပါသည်။

ဒီကောင်က သမီးအတွက်ဆို ဘာမဆိုလုပ်မည့်ကောင်ပဲ။





'ရပါတယ် ဦးရယ်. . . တကယ်တော့ ကျွန်တော်ဟာ ညီမလေးအတွက် လူဖြစ်လာတဲ့ကောင်ပါ။ ကျွန်တော့်ဘဝမှာ တွယ်တာစရာဆိုလို့ ညီမလေးပဲ ရှိတာပါဗျာ'

ဦးမဟာသည် ပြည့်လျှံနေသောလပြည့်ဝန်းကြီးကို ကြည့်ပြီး လူ့ဘဝရဲ့အနှစ်ဟာ ဘာလဲလို့ မေးခွန်းထုတ်နေမိသည်။

တချို့တွေက မချစ်ကြဘဲနဲ့ပေါင်းသင်းရတယ်။ သူ့ကျတော့ အသည်းပေါက်အောင် ချစ်ပေမယ့် အချစ်ဆိုတာကို ထုတ်ဖော်မပြတတ်တဲ့အတွက် အဆုံးသတ်မှာ ကြေကွဲစရာဖြစ်ရပ်တွေနှင့် သေတဲ့အထိ အိပ်မက်ဆိုးတွေ ပါသွားတော့မည်။

လူ့လောကနှင့်ဘဝတစ်ခုကို အလှဆင်ဖို့ဆိုတာက ချစ်တဲ့သူတွေ ပေါင်းဖက်မှသာ ပြည့်စုံတော့မပေါ့. . ။

သမီးလေး နောင်ရေးအတွက် သူ စိတ်ချလိုက်ပါပြီ။ တစ်သက်လုံး စိတ်လိုက်မာန်ပါ ဆုံးဖြတ်လုပ်ဆောင်ခဲ့သည့်စိတ်ရိုင်းတွေကို ခွာချလိုက်တော့ ရင်ထဲမှာ ပေါ့သွားသလို ခံစားရသည်။

သမီးလေး ပျော်ရာမှာ နေပါစေတော့လေ. . .

✲✲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၂)

ဗေဒါရဲ့ကားလေးကကတ္တရာလမ်းမပေါ် မှာတရိပ်ရိပ်ပြေး လွှားနေသည်။ လှောင်ချိုင့်ထဲကလွတ်လာတဲ့ငှက်ကလေးလို အပျော် ကြီးပျော်နေသူက မွန်းချယ်ရီ။

'အေးလိုက်တာ ကိုကိုရယ်'

မွန်းရဲ့ ချွဲနွဲ့လာသောအသံလေးကြောင့် ဗေဒါက သူဝတ် လာသော ဂျာကင်ကို လက်တစ်ဖက်ဖြင့် ချွတ်ပြီး မွန်းကို လှမ်းပေး သည်။

'ရော့ . . ကိုကို့ဂျာကင်လေး ထပ်ဝတ်ထား'

နုပျိုသောလှပမှုတွေရစ်သိုင်းထားသည့်မွန်းရဲ့မျက်နှာလေး





တ သူ့မျက်နှာချောချောဆီ ငေးနေမည်ဆိုတာ ကြည့်စရာ မလိုဘဲ နှင့် သူသိနေပါသည်။

'ကိုကို . . ညီမလေးအနားမှာ တစ်သက်လုံးနေမှာလားဟင်'

ကောက်ခါငင်ခါ မေးလိုက်သော မွန်းရဲ့ကလေးဆန်သော စကားကြောင့် သူ ပြုံးမိသွားသည်။ မွန်းလေးကတော့ သူ့စကား၏ အဓိပ္ပာယ် ဘယ်ရောက်လို့ရောက်မှန်းလည်း သိပုံမရပါ။

'ညီမလေးအနားမှာ တစ်သက်လုံးနေဖို့တော့ အာမ မခံနိုင် ဘူးနော်၊ ကိုကိုမိန်းမရသွားရင် ဗိုကိုမိန်းမနဲ့နေမှာပေါ့'

မွန်း၏မျက်လုံးတွေ ငြိမ်သက်ကာ ဖွံ့ဖြိုးမှုအရိပ်တွေ ပြည့် သိပ်နေသည်။ ချက်ချင်းပင် သူမရဲ့မျက်လုံးမှာ မျက်ရည်ကြည်တွေ ရစ်သိုင်းလာသည်။

'ဟင့်အင်း . . မယူရဘူး၊ ကိုကို မိန်းမမယူရဘူးနော် . . မွန်း ပြောတာ ကြားလား ကိုကို'

ညီမလေးရဲ့ခါးခါးသီးသီးအမူအရာကို ကြည့်ပြီး ဗေဒါတ ပခုံးတစ်ချက်တွန့်လိုက်သည်။

'ကိုကိုက အဲဒီကောင်မလေးကို . . ဟောဒီအထဲက နင့်အ အောင် ချစ်မိနေပြီကွ၊ သူနဲ့ဝေးရင် ကိုကိုသေသွားမှာ . . ညီမလေး က ကြည့်ရက်လို့လားဟင်'



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ဘတ်ကို လက်နှင့်ပုတ်ပြပြီး မေးဆတ်ကာ မေးလိုက်တော့မှ မွန်းက ကျုံ့ကျုံ့ပါအောင် ငိုပါတော့သည်။ ဗေဒါက လှပသော View Point အရောက်တွင် ကားကိုထိုးရပ်လိုက်သည်။

'ညီမလေး. . . ကြည့်စမ်း. . မရှက်ဘူးလား ငိုနေတာများ အားရပါးရနဲ့၊ ကိုကိုယူမယ့်မိန်းမက. . .'

'တော်ပြီ. . မသိချင်ဘူး. . လာမပြောနဲ့'

မွန်းက ဟန့်တားပေမယ့် ဗေဒါက သူမကိုယ်လုံးလေးကို ဖွေ့ခနဲဆွဲဖက်ကာ ရင်ခွင်ထဲသွင်းရင်း

'ဟောဒီမှာ. .'

ဟု အပီအပြင်ကြီးကိုပြောချလိုက်တော့သည်။

'ဟိတ်. . ဒီဘက်လှည့်လေကွာ'

'မွန်း ရှက်တယ် ကိုကို'

'ကဲကွာ. . ရှက်ဦး. . ရှက်ဦး'

အရှက်အကြောက် ကြီးလွန်းတဲ့ ကောင်မလေးနှင့် အချစ်ကြီးလွန်းတဲ့ ကောင်လေး. . . နှစ်ယောက်ကြောင့် သူတို့ရဲ့ဝန်းကျင်လေးဟာ ပိုပြီး စိမ်းစိုသွားပါသည်။

'ကိုကို မကောင်းဘူးကွာ'

'ဒါဆို ကိုကို မိန်းမယူပစ်လိုက်မှာနော်'





'ဟင့်အင်း. . ဟင့်အင်း. . မယူနဲ့၊ မွန်း ယောကျ်ားမယူချင်သေးဘူး'

မွန်းရဲ့ပုံစံလေးက အသည်းယားဖို့ ကောင်းပါသည်။

'ဒါနဲ့များ ကိုကို့ကို တစ်သက်လုံးအနားမှာ နေဆို'

'အဲဒါက ရိုးရိုးနေခိုင်းတာလေ'

'မရတော့ဘူးလေ. . . အခု ကိုယ့်ယောက္ခထီးကြီးက ပါဝါတွေ အပြည့်ပေးလိုက်ပြီ. . သမက်ရာထူးနဲ့ထိုက်တန်လို့တဲ့'

'ကြည့်စမ်း. . ကြည့်စမ်း. . ကိုကိုကလေ တတ်လည်းတတ်နိုင်တယ် ဟွန်း'

မွန်းက ချစ်စနိုးလေးပြောပြီး ဗေဒါ့နားမှ အရိုးခေါင်းပုံနားဆွဲလေးကို အသည်းယားစွာ ဆော့ကစားနေပါသည်။

မွန်းရဲ့ ထိုပုံစံလေးကို ဗေဒါက မြတ်နိုးမဆုံးစွာပင် တစိမ့်စိမ့်ကြည့်နေမိသည်။

ညီမလေး ကိုကို့ကိုချစ်လားလို့ ကိုကို ဘယ်တော့မှမေးမှာမဟုတ်ဘူး။

တကယ်တော့ အချစ်ဆိုတာ တစ်ယောက်ကို တစ်ယောက်ချစ်နေတဲ့အကြောင်း မျက်လုံးကတစ်ဆင့် ရင်ထဲကို ထိုးဖောက်ပြီး မြင်နိုင်နေတာပဲ မဟုတ်လား. . .



www.burmeseclassic.com

www.burmeseclassic.com



မောင်ခိုးတွေ ဝေနေသော တောင်တန်းကြီးကို ချစ်တတ်လွန်းတဲ့ ချစ်သူနှစ်ယောက် တစ်ယောက်ခါးကို တစ်ယောက် ဖက်ကာ ကြည်နူးစွာ ကြည့်နေကြသည်။

ကောင်မလေးက သူအားကိုးတဲ့ သူ့ကိုကိုရဲ့ပခုံးမှာ ခေါင်းလေးမှီတင်လို့ပေါ့. . .

မူပိုင်နှင်းဆီ

8:22 Pm

29th, March, 2010

Monday



www.burmeseclassic.com